ကြေးမုံ
The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်၊ အင်္ဂါနေ့ (8-7-2014) (၇၀၉၅)

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

မိုးရွာသွန်းမှု

၇-၇-၂၀၁၄

ကော့ကရိတ်	၂ ဒသမ ၆၀ လက်မ
မချမ်းဘော	၁ ဒသမ ၉၃ လက်မ
သထုံ	၁ ဒသမ ၇၉ လက်မ
လှိုင်းဘွဲ့	၁ ဒသမ ၇၅ လက်မ
ပူတာအို	၁ ဒသမ ၆၉ လက်မ

နိုင်ငံသားအချင်းချင်း အမုန်းတရားကြီးထွားစေမည့် အပြောအဆို၊ ရေးသားမှုနှင့် ပြုမူဆောင်ရွက်မှုများရှောင်ရှား နိုင်ငံသားအားလုံး အသိရှိရှိ၊ သတိရှိရှိနှင့် ဉာဏ်အမြော်အမြင်ကြီးကြီးထားပြီး ပူးပေါင်းဆောင်ရွက်ကြဖို့အထူးလို

မန္တလေးမြို့ ပဋိပက္ခနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ ပြောကြားသည့်မိန့်ခွန်း

(၇-၇-၂၀၁၄)

မိဘပြည်သူများခင်ဗျား-

ကျွန်တော့်အနေနဲ့ အခုလို မိန့်ခွန်းပြောကြားရတဲ့ အကြောင်းအရင်းကတော့ လွန်ခဲ့တဲ့ရက်ပိုင်းအတွင်း မြန်မာ့ယဉ်ကျေးမှုမြို့တော်လို့ဆိုရမယ့် မန္တလေးမြို့မှာ အမှုအခင်းကိစ္စတစ်ခုကို အကြောင်းပြုပြီး မလိုလားအပ်တဲ့ ချဲ့ကားသွေးထိုးလှုံ့ဆော်မှုတွေကြောင့် ပြည်သူများ စိတ်မချမ်းသာဖွယ်ရာဖြစ်ခဲ့ရတဲ့ကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့အစိုးရရဲ့ရပ်တည်ချက်ကို ပြောကြားလိုတဲ့အတွက်ပဲ ဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေတဲ့ အဆိုပါဆူပူရမ်းကားမှုများကြောင့် အပြစ်မဲ့ ထိခိုက်ဒဏ်ရာရကြသူများနဲ့ သေဆုံးသူနှစ်ဦးအတွက်လည်း မိသားစုများနဲ့ထပ်တူဝမ်းနည်းမိပါကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့အစိုးရ စတင်တာဝန်ယူစဉ်ကတည်းက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များရဲ့ အဓိကရည်မှန်းချက်ဟာ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဒီမိုကရေစီအလေ့အထများ ထွန်းကားရှင်သန်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်နိုင်ရေးပဲ ဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များရဲ့ အဓိကအရေးအကြီးဆုံးဖြစ်တဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်နဲ့ ရေးသားခွင့်များရရှိလာပြီး အရှေ့တောင်အာရှမှာ မီဒီယာလွတ်လပ်မှုအမြင့်မားဆုံးနိုင်ငံများထဲက တစ်နိုင်ငံအဖြစ်ကိုလည်း ရောက်ရှိခဲ့ပါတယ်။ သို့သော်လည်း မီဒီယာလွတ်လပ်မှုကို တိုင်းပြည်အကျိုးဖြစ်စေမယ့် ရေးသားပြောဆိုမှုအစား နိုင်ငံတော်လုံခြုံရေးအတွက် အန္တရာယ်ပေးလာပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

ကျွန်တော်တို့ လူ့အဖွဲ့အစည်းကို ဖွံ့ဖြိုးတိုးတက်ပြီး ပွင့်လင်းလွတ်လပ်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် တည်ဆောက်ရာမှာ အဓိကလိုအပ်ချက်ကတော့ လူ့အသိုက်အဝန်းကြားမှာ ဒီမိုကရေစီ အလေ့အထများ ရှင်သန်ထွန်းကားရေးပဲ ဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့နိုင်ငံသားများဟာ ဒီမိုကရေစီရဲ့ အနှစ်သာရများဖြစ်တဲ့ မတူကွဲပြားမှုများကို နားလည်လက်ခံခြင်း၊ လူအများစုရဲ့ဆန္ဒနဲ့ ဆုံးဖြတ်ခြင်းဖြစ်သော်လည်း လူနည်းစုရဲ့ အခွင့်အရေးများကိုလည်း လေးစားခြင်းနဲ့ မတူညီတဲ့ရပ်တည်ချက်များအပေါ်မှာ ငြိမ်းချမ်းစွာစေ့စပ်ညှိနှိုင်းအဖြေရှာခြင်းစတဲ့ အလေ့အကျင့်များကို မွေးမြူကြရမှာလည်းဖြစ်ပါတယ်။

> ❝ရည်ရွယ်ချက်ရှိရှိနဲ့ လူ့အသိုက်အဝန်းများကြားမှာ အမုန်းတရားများ ပြန့်ပွားပြီး ပဋိပက္ခဖြစ်အောင် သွေးထိုးလှုံ့ဆော်ဖန်တီးမှုများဟာ တိုင်းပြည်ကို ဖျက်လိုဖျက်ဆီးပြုလုပ်တာပဲဖြစ်ပြီး လူမျိုး၊ ဘာသာမရွေး မိမိတို့လူ့အဖွဲ့အစည်းတစ်ခုလုံးကို အန္တရာယ်ကျရောက်စေမယ့် လုပ်ရပ်များဖြစ်တဲ့အတွက် ပြတ်ပြတ်သားသားကိုင်တွယ်ပြီး ပြင်းထန်စွာအရေးယူဆောင်ရွက်သွားရမှာဖြစ်❞

ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်း နိုင်ငံသားများဟာ မိမိတို့ ယုံကြည်ရာ ဘာသာတရားများကို လွတ်လပ်စွာ ကိုးကွယ်ခွင့် အပြည့်အဝပေးအပ်ထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ပြုပြင်ပြောင်းလဲရေး ကာလအတွင်းမှာပဲ ကျွန်တော်တို့နိုင်ငံအနေနဲ့ လူမျိုးရေး၊ ဘာသာရေး၊ ပဋိပက္ခစိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး အချို့သောပဋိပက္ခများဟာ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ◆

ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ထူထောင်၍ လူမှုစီးပွားဘဝမြှင့်တင်ရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးတစ်ခ်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ Ms. Hong Bo ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအစီအစဉ် ထူထောင်၍ ကျေးလက်ဒေသ လူမှုစီးပွားဘဝ မြှင့်တင်ရေး၊ အထူးစီးပွားရေးဇုန်များတွင် တာဝန်သိရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်ဖွယ်ရှိ

ရန်ကုန် ဇူလိုင် ၇

ဇူလိုင် ၁၁ ရက်မှ ၁၇ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁ ပေခန့်မှ ၂၁ ဒသမ ၅ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း၊ ယခင်၂၀၁၂-၂၀၁၃ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၉ ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ကြေးမုံစာတည်းရှုထောင့် ၈-၇-၂၀၁၄၊ အင်္ဂါနေ့

ငြိမ်းချမ်းသာယာပါစေ

လောကလူ့ရွာရှိ လူတို့၏စိတ်၌ အလွယ်တကူဖြစ်တတ်သော စေတသိက်မှာ 'ဒေါသ'နှင့်'မစ္ဆရိယ' စိတ်ဖြစ်ပါသည်။ ဒေါသကို ကြူစူခြင်း၊ မနာလိုခြင်း၊ မစ္ဆရိယကို ဝန်တိုခြင်း သဘောများဟု လူတို့သိလွယ်ကြသော်လည်း ဒေါသ၊ မစ္ဆရိယတို့၏ အကျယ်သဘော၊ အကျိုးသွားနှင့် ကျယ်ပြန့်စွာ သက်ရောက်မှုရှိပုံတို့ကို သိရှိနားလည်ဆင်ခြင်မိကြပြီး ပြုပြင်တည့်မတ်ဆောင်ရွက်ကြမည်ဆိုလျှင် ဤလောကသည် ငြိမ်းချမ်းသာယာပြီး နေချင့်စဖွယ်ကောင်းသော လောကလူ့ရွာကြီးဖြစ်ပေလိမ့်မည်။

ဒေါသာဟူသည် ကြူစူခြင်း၊ မနာလိုခြင်းသဘောဖြစ်၍ လူတစ်ဦးတစ်ယောက်တစ်ဖွဲ့၏ ဂုဏ်သရေနှင့် စည်းစိမ်ဥစ္စာတိုးပွားကြောင်းတို့ကို မရှုဆိတ်သည့်သဘောဖြစ်သည်။ ထိုမျှသာမက တစ်ပါးသူလှပကြောင်း၊စည်းစိမ်ဥစ္စာဂုဏ်ဒြပ်မြင့်မားကြောင်းတို့ကို မကြားလိုခြင်း၊ ကဲ့ရဲ့လိုခြင်း၊ ရှုတ်ချလိုခြင်း၊ မကျေနပ်ခြင်းတို့သည်လည်း ဒေါသာသဘောပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် သူတစ်ပါးဥစ္စာအပေါ် မကျေနပ်ခြင်းသဘောဖြစ်ပါသည်။

ဒေါသာသည် ထိုမျှနှင့်လည်းမပြီးသေး 'ဇီးကွက်လောက်တော့ ငှက်တိုင်းလှရဲ့'၊ 'သည်လိုယုန်တော့ ချုံတိုင်း ရှိရဲ့'၊ 'ဒီထန်းသီးမှုတ်မျိုး ဘယ်ထန်းပင်အောက်မဆို ကောက်လို့ရနိုင်' စသည်ဖြင့် မလိုမုန်းထား ဆိုရိုးစကားများကိုလည်း ပြောလေ့ရှိတတ်ပါသည်။ ထို့အပြင် 'ကိုယ့်ထက်သာ မနာလို'၊ 'အကြံတူ ရန်သူ'၊ 'အလုပ်တူကြူစူ' စသည့်ဆိုရိုးများအတိုင်း ကိုယ့်ထက်သာနေသူတို့အပေါ်တွင် ဖြစ်တတ်သည့် မလိုမုန်းထားသောဒေါသ သဘောလည်းဖြစ်စေပါသည်။ စကားအရာတွင်လည်းကောင်း၊ စာအရေးအသားတွင်လည်းကောင်း ထိုသဘောမျိုးပါရှိတတ်ပါသည်။

ဝန်တိုခြင်းသဘောရှိသည့် မစ္ဆရိယသည် မိမိ၏ ရာထူးစည်းစိမ်ဂုဏ်ဒြပ်ကိုဖြစ်စေ၊ သူတစ်ပါး၏ ရာထူးစည်းစိမ် ဂုဏ်ဒြပ်ကိုဖြစ်စေ အခြားသူတို့မရစေလိုသော သဘောဖြစ်ပါသည်။ တစ်နည်းအားဖြင့် မိမိလိုလားသူမှအပ အခြားသူတစ်ပါး မရစေလိုသည့် သဘောဖြစ်ပါသည်။

မစ္ဆရိယတွင် ငါးမျိုးရှိပြန်သည်။ အာဝါသမစ္ဆရိယသည် မိမိနေရာသို့ မလာစေလိုခြင်း၊ ကုလမစ္ဆရိယသည် အခြားသူတို့နှင့် မဆက်ဆံစေလိုခြင်း၊ လာဘမစ္ဆရိယသည် လာဘ်လာဘကို သူတစ်ပါးမရစေလိုခြင်း၊ ဝဏ္ဏမစ္ဆရိယသည် မိမိထက် ဂုဏ်အဆင်းတက်မည်ကို မလိုခြင်း၊ ဓမ္မမစ္ဆရိယသည် မိမိတတ်သိသော အတတ်ပညာ၊ စာပေပညာ၊ လက်မှုပညာ၊ နှုတ်မှုပညာများကို သူတစ်ပါး တတ်သိမှာစိုးသောကြောင့် မေးမြန်းလာသောအခါ ကောင်းစွာမပြောလိုခြင်း၊ မပြလိုခြင်း၊ မိမိကဲ့သို့ တတ်မည်စိုးသဖြင့် အကုန်မပြောခြင်း ဖြစ်သည်။

ထိုဒေါသာနှင့် မစ္ဆရိယသဘောတို့သည် တစ်ဖက်သားမှာ အကျိုးမယုတ်ဘဲ မိမိသာလျှင် အထင်သေးခံရတတ်သည်။ ခံရသူမှာ မည်သို့မျှမဖြစ်ဘဲ ပြုလုပ်သူသာ စိတ်ယုတ်မာရှိကြောင်း လူသိတော့သည်။ ဤစိတ်စေတသိက်တို့ မိမိစိတ်တွင် စွဲထင်နေပါက အမြစ်ပါမကျန်ပြုတ်အောင် ကြိုးစားဖြုတ်သင့်သည်။ သို့မဟုတ်လျှင်မူ ယခုဘဝသာမက နောင်သံသရာအထိပါ ဒုက္ခဆင်းရဲကြုံတွေ့နိုင်သည်။

မနာလိုခြင်း၊ ဝန်တိုခြင်းတို့သည် မငြိမ်းချမ်းသော သဘောကိုဖြစ်စေသည်။ ယင်းတွင် လိုချင်သော တဏှာ၊ ငါဟူသော မာန၊ ဒိဋ္ဌိဟူသော မှားယွင်းသောအစွဲတို့ ကပ်ညိလျက်ရှိရာ အကျယ်အကျယ် မငြင်းဖွယ်တို့သာဖြစ်စေသည်။ ယင်းတဏှာ၊ မာန၊ ဒိဋ္ဌိတို့ကြောင့် မိမိတို့ကိုယ်၌က ဒုက္ခများများသည်ထက်များအောင် လုပ်နေသကဲ့သို့ဖြစ်ပေလိမ့်မည်။ ယနေ့လူ့ဘောင်လောကတွင် လောဘ၊ ဒေါသ၊မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကြောင့် ဒုက္ခသုက္ခများ၊ မငြိမ်းနိုင်ဖွယ်ရာများ အဆုံးမသတ်နိုင်အောင်ဖြစ်နေသည်ကို သတိပြုရပေလိမ့်မည်။

လိုရင်းအချက်မှာ မည်သည့်ကိုးကွယ်ယုံကြည်မှုဖြစ်စေ၊ မည်သည့် လူသားမျိုးနွယ်အဆင့်အတန်းဖြစ်စေ အဆိုပါ အကုသိုလ် စေတသိက်များ၏ ဆန့်ကျင်ဘက်ဖြစ်သော မေတ္တာ၊ ကရုဏာ၊ မုဒိတာတည်းဟူသည့် လောကပါလတရားများကို နားလည်လက်ခံကြပေလိမ့်မည်။ သို့သော် လူသားအားလုံးလိုလားသော အဆိုပါတရားများကို နှစ်သက်လက်ခံကြသော်လည်း ဆွမ်းဆန်စိမ်းထဲကြွက်ချေးရောတတ်သကဲ့သို့ ငြိမ်းအေးချမ်းသာလိုသော လူသားအားလုံး၏ လိုအင်ဆန္ဒများကို ဖျက်ဆီးလိုကြသော အချို့လူတို့လည်းရှိပေလိမ့်မည်။ယင်းကို လူသားအားလုံးကပင် ဝိုင်းဝန်းဖော်ထုတ်၊ ဝိုင်းဝန်းတည့်မတ်ပေးကြရပေလိမ့်မည်။ သို့မှသာ လူသားအားလုံးရရှိလိုသည့် ငြိမ်းချမ်းသာယာသော လူ့ဘောင်လောကကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ။

မန္တလေးမြို့ ငြိမ်းချမ်းမှုထိန်းသိမ်းရေးကော်မတီဖွဲ့စည်း လေးပြင်လေးရပ်မှ ဆရာတော်၊သံဃာတော်ကြီးများ၏ ဩဝါဒခံယူ

မန္တလေး ဇူလိုင် ၇

မန္တလေးမြို့မှ မြို့မိမြို့ဖများ၊ နိုင်ငံရေးနှင့် လူမှုအရပ်ဘက်အဖွဲ့အစည်းများ၊ ဘာသာပေါင်းစုံမှ ကိုယ်စားလှယ်များ ပါဝင်စုစည်းလျက် မန္တလေးမြို့ ငြိမ်းချမ်းမှုထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး မန္တလေးမြို့ လေးပြင်လေးရပ်မှ ဆရာတော်၊သံဃာတော်ကြီးများ၏ ဩဝါဒခံယူပွဲကို ဇူလိုင် ၆ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၈၉)လမ်းနှင့် လမ်း (၉၀)ကြား၊ (၂၇)လမ်းနှင့် (၂၈)လမ်းကြားရှိမိုးကောင်းတိုက် အလယ်ရွှေကျောင်းကြီးတွင် ကျင်းပရာ လေးပြင်လေးရပ်မှ ဆရာတော်၊သံဃာတော်များ၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ သတင်းမီဒီယာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးမြို့ ငြိမ်းချမ်းမှုထိန်းသိမ်းရေးကော်မတီမှ ဦးရွှေထူးက အခမ်းအနားကျင်းပရခြင်းအကြောင်း ဦးတိုက်လျှောက်ထားသည်။ ထို့နောက် ခင်မကန်တိုက်ဆရာတော်ကြီး၊ တောင်စလင်းတိုက်ဆရာတော်ကြီး၊ ဝိဇိတာရုံပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်၊ ရန်ကင်းတောင်ခြေဥယျာဉ်ပရိယတ္တိစာသင်တိုက် ဆရာတော်၊ မဟာမြိုင်ကျောင်းဆရာတော်၊ ဓမ္မိကာရာမတိုက်ဂဠုန်နီဆရာတော်၊ မစိုးရိမ်တိုက် ဓမ္မဝိဟာရကျောင်းဆရာတော်တို့ထံမှ ဩဝါဒခံယူကြသည်။ ဆက်လက်၍ ဘာသာပေါင်းစုံချစ်ကြည်ရေးအသင်း ကိုယ်စားလှယ် ဦးသိန်းဝင်းအောင်က လျှောက်ထားတင်ပြသည်။

မန္တလေးမြို့ ငြိမ်းချမ်းမှုထိန်းသိမ်းရေးကော်မတီသည် လတ်တလောဖြစ်ပေါ်နေသော မငြိမ်သက်မှုများကို အခြေအနေ ပိုမိုမဆိုးဝါးစေရေး ထိန်းသိမ်း၍ တည်ငြိမ်အေးချမ်းသော ပုံမှန်အခြေအနေအမြန်ဆုံးပြန်လည်ရောက်ရှိရေး ဆောင်ရွက်ရန်၊ ကောလာဟလသတင်းများကို ချေဖျက်နိုင်ရန်အတွက် သတင်းမှန်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေးဆောင်ရွက်ရန်၊ သံသယအထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်ပါက သဘောထားအမှန်ဖြစ်ရပ်မှန်ကို အများပြည်သူ သိရှိရေး ဆောင်ရွက်ရန်၊ အမှုအခင်းများကို ဥပဒေနှင့်အညီ ထိရောက်စွာဖြေရှင်းဆောင်ရွက်ရေးတွန်းအားပေးရန်၊ မန္တလေးမြို့ လူထုပေါင်းစည်းညီညွတ်သော အင်အားဖြင့် ငြိမ်းချမ်းမှု၊တည်ငြိမ်မှု၊ ချစ်ကြည်မှု အစဉ်အလာကောင်းများကို ထိန်းသိမ်းနိုင်ရေး ရှေးရှုဆောင်ရွက်ရန် ဟူသော ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်	ရွှေဈေး	၆၇၄၇၀၀	-	၆၇၅၇၀၀
မန္တလေး	ရွှေဈေး	၆၇၄၇၀၀	-	၆၇၅၇၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၄၀ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၉၇၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၃၂၁. ၇
(ဂ)	တရုတ်	တစ်ယွမ်	=	၁၅၆. ၈၃
(ဃ)	ထိုင်း	တစ်ဘတ်	=	၃၀. ၀၄၅
(င)	မလေးရှား	တစ်ရင်းဂစ်	=	၃၀၅. ၃၀
(စ)	အိန္ဒိယ	တစ်ရူပီး	=	၁၆. ၂၉၁
(ဆ)	ဂျပန်	တစ်ရာယန်း	=	၉၅၂. ၂၄
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၉၆. ၃၈၀
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၉၀၉. ၃၅
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၇၈၀. ၇၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ထူးထူးခြားခြား ကုန်တင်ကုန်ချ အမျိုးသမီး အလုပ်သမားများ

မော်လူး ဇူလိုင် ၇

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပင်ဝယ်မီးရထားဘူတာတွင် ထူးထူးခြားခြား အမျိုးသမီးအလုပ်သမားများ ကုန်တင်ကုန်ချ ပြုလုပ်နေကြသည်ကို တွေ့ရသည်။

အဆိုပါ ကုန်တင်ကုန်ချ အမျိုးသမီးများအဖွဲ့သည် ၁၂ ဦးခန့်ရှိပြီး အသက်အကြီးဆုံး (၇၀)နှစ်မှ အသက်အငယ်ဆုံး (၁၆)နှစ်အထိ ပါဝင်ကြောင်း၊ ၎င်းတို့အဖွဲ့သည် ပင်ဝယ်မီးရထားဘူတာတွင် ကုန်သည်များအားထားရသည့် အဖွဲ့ဖြစ်ပြီး မီးရထားဘူတာတွင်သာ ကုန်တင်ကုန်ချမှုများ ပြုလုပ်ကြောင်း၊ အမျိုးသမီးအလုပ်သမားအဖွဲ့ကို ပင်ဝယ်ဘူတာတွင် ထူးထူးခြားခြား တွေ့မြင်ရသည်။

ခင်မောင်ဆွေ(မော်လူး)

သွေးထိုးလှုံ့ဆော်မှုများကို တရားဥပဒေနှင့်အညီ ပြတ်သားစွာအရေးယူဖို့ ပြည်သူအားလုံး အစိုးရနှင့်ပူးပေါင်းပါဝင်

❖ **ရွှေဖုံးမှ**

ဆင်းရဲမွဲတေမှု၊ ပညာချို့တဲ့မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ နိမ့်ကျမှုစတဲ့ နက်နဲတဲ့အကြောင်းတရားများစွာကြောင့် ဖြစ်ပေါ်ခဲ့ရတာဖြစ်ပါတယ်။ သို့သော်လည်း အချို့သော ပဋိပက္ခများကတော့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းရဲ့ မျှော်လင့်ချက်ဖြစ်တဲ့ ဒီမိုကရေစီအလေ့အထများ ရှင်သန်ထွန်းကားတဲ့ လူ့အဖွဲ့အစည်းတည်ဆောက်ရေးကို တမင်နှောင့်ယှက်ဖျက်ဆီးလိုတဲ့ သဘောနဲ့ ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်လုပ်ဆောင်ခြင်းဖြစ်တာကိုလည်း တွေ့ရှိရပါတယ်။ မိမိတို့ရဲ့ ကိုယ်ကျိုးစီးပွားကို ရှေးရှုပြီး အတ္တကို ရှေ့တန်းတင်လုပ်ဆောင်ကြသူများရဲ့ သွေးထိုးလှုံ့ဆော်မှုများကြောင့် အပြစ်မဲ့ပြည်သူများ နာကျင်ခံစားခဲ့ရပြီး နိုင်ငံတကာမှာ တိုင်းပြည်ရဲ့ ပုံရိပ်နဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေခဲ့ပါတယ်။ ဒါကြောင့် ရည်ရွယ်ချက်ရှိရှိနဲ့ လူ့အသိုက်အဝန်းများကြားမှာ အမုန်းတရားများပြန့်ပွားပြီး ပဋိပက္ခဖြစ်အောင် သွေးထိုးလှုံ့ဆော်ဖန်တီးမှုများဟာ တိုင်းပြည်ကို ဖျက်လိုဖျက်ဆီးပြုလုပ်တာပဲဖြစ်ပြီး လူမျိုး၊ ဘာသာမရွေး မိမိတို့လူ့အဖွဲ့အစည်းတစ်ခုလုံးကို အန္တရာယ်ကျရောက်စေမယ့် လုပ်ရပ်များဖြစ်တဲ့အတွက် ပြတ်ပြတ်သားသားကိုင်တွယ်ပြီး ပြင်းထန်စွာအရေးယူဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

မန္တလေးသား မန္တလေးသူများဟာ လူမျိုးမရွေး၊ ဘာသာမရွေးဘဲ နှစ်ပေါင်းများစွာ ချစ်ကြည်ရင်းနှီးစွာနဲ့ အတူတကွ နေထိုင်လာခဲ့ကြတဲ့ အစဉ်အလာရှိခဲ့ကြပါတယ်။ တစ်ဦးရဲ့ ပွဲလမ်းသဘင်မှာ၊ လူမှုရေးကိစ္စရပ်များမှာ တစ်ဦးကကူညီဆင်နွှဲရင်းနဲ့ ကိုးကွယ်ရာဘာသာချင်းမတူညီသော်လည်း အသွင်တူတဲ့ မန္တလေးသား မန္တလေးသူဆိုတဲ့ ဒေသစွဲစိတ်နဲ့ ငြိမ်းချမ်းစွာအတူနေကြတဲ့ အခြားသောဒေသများအတွက်ပါ အတုယူစရာစံပြလူ့အဖွဲ့အစည်းတစ်ရပ်အဖြစ်လည်း ဂုဏ်သတင်းကျော်စောပါတယ်။ ဒါကြောင့်လည်း ဒီရက်ပိုင်းအတွင်းမှာဖြစ်ပေါ်ခဲ့တဲ့ မတည်မငြိမ်ဖြစ်အောင် သွေးထိုးလှုံ့ဆော်မှုများကို အားလုံးလက်တွဲပြီး အသိရှိရှိ၊ သတိရှိရှိနဲ့ စဉ်းစားဆင်ခြင်ဉာဏ်ရှိရှိ တုံ့ပြန်နိုင်ခဲ့ကြတာဖြစ်ပါတယ်။ အပြစ်မဲ့သေဆုံးရမှုနဲ့ ပျက်စီးဆုံးရှုံးမှုအချို့ကြောင့် ဝမ်းနည်းစရာကိစ္စရပ်များ ဖြစ်ပေါ်ခဲ့ရသည့်တိုင် စိတ်ဖြေသာစရာ တစ်ခုအနေနဲ့ မန္တလေးသား မန္တလေးသူများဟာ လူတစ်စုရဲ့ မတရားဖန်တီးမှုကို လက်မခံဘဲ အတူလက်တွဲပြီး ဟန့်တားခဲ့ကြတာပဲဖြစ်ပါတယ်။ သံဃာတော်များ၊ ဘာသာရေးခေါင်းဆောင်များနဲ့ နှစ်ဖက်ဘာသာဝင်များက လူမှုရေးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများဟာ ဖြစ်ပေါ်လာတဲ့အခြေအနေများကို အတူလက်တွဲရင်ဆိုင်ခဲ့ကြပြီး ဒါဟာ ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ အထူးလိုအပ်နေတဲ့ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်ယုံကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုဆိုတဲ့ တန်ဖိုးများကို မန္တလေးမြို့မှာ အထင်အရှားတွေ့မြင်ခဲ့ကြရတာလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့လည်း မန္တလေးမြို့ တည်ငြိမ်အေးချမ်းသာယာရေးအတွက် အခုလိုညီညီညွတ်ညွတ် လက်တွဲလုပ်ဆောင်မှုများကို အားပေးကြိုဆိုပြီး စီမံခန့်ခွဲမှုများပြုလုပ်ရာမှာ အားလုံးနဲ့အတူ လက်တွဲဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။

လက်ရှိမှာ မန္တလေးမြို့ တည်ငြိမ်အေးချမ်းရေးအတွက် လုံလောက်တဲ့အဖွဲ့အစည်းများ ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ လုံခြုံရေးအဖွဲ့အစည်းများရဲ့ အကူအညီကိုရယူပြီး လိုအပ်တဲ့ စီမံခန့်ခွဲမှုများကို စနစ်တကျလုပ်ဆောင်လျက်ရှိပါတယ်။ အကြမ်းဖက်မှုအတွင်းမှာ ပါဝင်ခဲ့ကြသူများနဲ့ ပဋိပက္ခဖြစ်ပေါ်စေဖို့ ရည်ရွယ်ချက်ရှိရှိ ဖန်တီးခဲ့သူများကိုလည်း စုံစမ်းဖော်ထုတ်ပြီး ပြတ်ပြတ်သားသားနဲ့ ထိထိရောက်ရောက်အရေးယူ ဆောင်ရွက်လျက်ရှိပါတယ်။ သွေးထိုးလှုံ့ဆော်မှုများနဲ့ အကြမ်းဖက်ဖျက်ဆီးမှုများကိုလည်း နိုင်ငံတော်အနေနဲ့ လုံးဝသည်းခံမှာမဟုတ်ဘဲ ချက်ချင်းပြင်းပြင်းထန်ထန်အရေးယူဆောင်ရွက်မှာဖြစ်တဲ့အကြောင်း ထပ်လောင်းပြောကြားအပ်ပါတယ်။

တိုင်းပြည်နဲ့ လူ့အဖွဲ့အစည်းရဲ့အကျိုးကို မရှေးရှုဘဲ ကိုယ်ကျိုးအတ္တကို ရှေ့တန်းတင်ပြီး နိုင်ငံကို ဖျက်ဆီးလိုသူများဟာ လူမျိုးတိုင်း၊ ဘာသာတိုင်းရဲ့ လူ့အဖွဲ့အစည်းတိုင်းမှာ ရှိနေတာဖြစ်ပါတယ်။ အခု မန္တလေးမြို့မှာ လတ်တလောဖြစ်ပွားခဲ့တဲ့ ပဋိပက္ခများဟာ လူတစ်စု၊ အဖွဲ့အစည်းတစ်ခုက ရည်ရွယ်ချက်ရှိရှိနဲ့ တမင်ဖန်တီးလုပ်ဆောင်ခြင်းဖြစ်ကြောင်း ရှင်းလင်းစွာတွေ့မြင်ရမှာဖြစ်ပါတယ်။ အခုလို သွေးထိုးလှုံ့ဆော်မှုများ၊ ဥပဒေမဲ့လုပ်ဆောင်မှုများနဲ့ ရန်ပြုမှုများကို ထောက်ခံအားပေးခြင်း၊ ဥပဒေမဲ့တုံ့ပြန်ခြင်းမပြုဘဲ တရားဥပဒေအတိုင်းဖြစ်စေဖို့အတွက် နိုင်ငံသားအားလုံးက အစိုးရအဖွဲ့နဲ့အတူ ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားအပ်ပါတယ်။

နိုင်ငံသားအချင်းချင်း အမုန်းတရားကြီးထွားစေမယ့် အပြောအဆိုများ၊ ရေးသားမှုများနဲ့ ပြုမူဆောင်ရွက်မှုများကို အားမပေးဘဲ ရှောင်ရှားကြဖို့၊ ပါဝင်လုပ်ဆောင်မှုမပြုကြဖို့နဲ့ အဆိုပါအပြုအမူများကို ပြတ်သားစွာ အရေးယူဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံသားအားလုံးက အသိရှိရှိ၊ သတိရှိရှိနဲ့ ဉာဏ်အမြော်အမြင်ကြီးကြီးထားပြီး ပူးပေါင်းဆောင်ရွက်ကြဖို့ အထူးလိုအပ်ပါကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ လက်ရှိ မန္တလေးမှာဖြစ်ပွားခဲ့တဲ့ ပဋိပက္ခကို သင်ခန်းစာယူပြီး မြန်မာနိုင်ငံရဲ့ အခြားမည်သည့်နေရာဒေသမှာမှ ထပ်မံမဖြစ်ပွားဖို့နဲ့ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမယ့် သွေးထိုးလှုံ့ဆော်မှုတွေကိုလည်း တရားဥပဒေနဲ့အညီ ပြတ်သားစွာ အရေးယူဆောင်ရွက်နိုင်ဖို့ ပြည်သူအားလုံးက အစိုးရနဲ့အတူ ပူးပေါင်းပါဝင်ကြဖို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) တွေ့ဆုံဆွေးနွေး

မန္တလေး ဇူလိုင် ၇

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)တို့ ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ တွေ့ဆုံ၍ မန္တလေးမြို့တွင်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်က မန္တလေးမြို့တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့်စပ်လျဉ်း၍ စတင်ဖြစ်ပွားလာရခြင်းနှင့် လက်ရှိဖြစ်ပေါ်နေမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးအတွင်း နေထိုင်ကြသည့် ပြည်သူလူထုအားလုံးအတွက် အေးချမ်းစွာနေထိုင်နိုင်ရေး တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိဖြစ်ပေါ်နေသော ဖြစ်စဉ်ဖြစ်ရပ်များနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူမည်သူမဆို ဥပဒေနှင့်အညီ ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မလိုလားအပ်သောဖြစ်စဉ်ကိစ္စရပ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် တိုင်းဒေသကြီးဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၏ ပူးပေါင်းမှုများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မန္တလေးမြို့ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ကောလာဟလသတင်းများကို အခြေမခံဘဲ သတင်းမှန်၊ ဖြစ်ရပ်မှန်များကို အချိန်နှင့်တစ်ပြေးညီ သတင်းများဖော်ပြနိုင်ရန် သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ သတင်းမှန်များကို လူထုသိရှိအောင် ဖော်ပြခြင်းဖြင့် လူထုကစဉ်းစားဆင်ခြင်သုံးသပ်၍ အမှန်ကိုသိရှိလာမှ တည်ငြိမ်အေးချမ်းသာယာလာမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်က အေးချမ်းသာယာရေး ရှေးရှု၍ ငြိမ်းချမ်းခြင်း၊ လွတ်လပ်ခြင်း၊ တရားမျှတခြင်း အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)အဖွဲ့ဝင် ဘာသာရေးခေါင်းဆောင်များက ဖြစ်စဉ်ဖြစ်ရပ်များနှင့် ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် သတင်းများကို အချိန်နှင့်တစ်ပြေးညီ သတင်းများထုတ်ပြန်သွားရေးနှင့် မန္တလေးမြို့ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့် ပတ်သက်၍ ပြန်လည်ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးများဖြစ်သည့် ဗိုလ်မှူးကြီးအောင်ကျော်မိုးနှင့် ဦးသန်းစိုးမြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအုန်းလွင်၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်ကြီး၊ ဦးမြင့်ထွန်း၊ ဦးဝဏ္ဏရွှေ၊ ဦးကျော်ငြိမ်း၊ ဦးကျော်ခင်၊ ဦးစောရွှေလင်း၊ ဦးကိုကိုလတ်နှင့် ဦးကျော်ဝင်းတို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(တိုင်းဒေသကြီးပြန်/ဆက်)

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌနှင့် မန္တလေးတိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌတို့ သေဆုံးသူများ၏ မိသားစုများအား သွားရောက်တွေ့ဆုံအားပေး

မန္တလေး ဇူလိုင် ၇

ယနေ့ နံနက်ပိုင်းတွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်နှင့် အမှုဆောင်များ၊ မန္တလေးတိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် အမှုဆောင်များသည် ဇူလိုင် ၁ ရက်က မန္တလေးမြို့၌ ဖြစ်ပွားခဲ့သည့် ပဋိပက္ခတွင် သေဆုံးခဲ့ကြသော အောင်မြေသာစံမြို့နယ် သစ်ထုတ်လုပ်ရေးဝင်းနေ ကိုထွန်းထွန်း(ခ)ရောင်ပြန်၏မိသားစုနှင့် ချမ်းအေးသာစံမြို့နယ် ၈၂ လမ်းနှင့် ၃၁ လမ်းထောင့်နေ ကိုစိုးမင်း၏မိသားစုများအား သွားရောက်တွေ့ဆုံ၍ အားပေးနှစ်သိမ့်စကားပြောကြားကြပြီး မိသားစုတစ်စုလျှင် ငွေကျပ် ၁၀ သိန်းစီ ကူညီထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထိုင်းနိုင်ငံတောင်ပိုင်း တည်ငြိမ်အေးချမ်းရေး တပ်မတော်အစိုးရ၏ ဦးစားပေးလုပ်ငန်းဟုဆို

ဗန်ကောက်　ဇူလိုင်　၇

ထိုင်းနိုင်ငံတောင်ပိုင်းဒေသ၌ တည်ငြိမ်အေးချမ်းမှု ရရှိရေးသည် မိမိတို့တပ်မတော်အစိုးရအဖွဲ့၏ ထိပ်တန်း ဦးစားပေး လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုထိန်းသိမ်းရေး အမျိုးသားကောင်စီ၏ အတွင်းရေးမှူးချုပ် အူဒွန်ဒက်ဆီတာဘက်က ဇူလိုင် ၇ရက်တွင် ပြောကြားလိုက်သည်။

ထိုင်းတောင်ပိုင်းဒေသသည် ဆယ်စုနှစ်တစ်စုကြာမျှ မငြိမ်မသက်ဖြစ်ခဲ့ရပြီး ယင်းမှာ ခွဲထွက်ရေးဝါဒီများကြောင့် ဖြစ်ရသည်ဆို၏။

ထိုင်းတောင်ပိုင်းရှိ ပတ္တာနီ၊ ယာလာနှင့် နာရာသီဝပ် ပြည်နယ်များ၌ တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိရန် ရည်ရွယ်လျက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပသွားရန် ဗိုလ်ချုပ်ကြီးပရာယွတ်ချန်အိုချာ ဦးဆောင်သော တပ်မတော် အစိုးရအဖွဲ့က ရည်မှန်းထားကြောင်း ဆီတာဘက်က ပြောကြားသည်။ ၎င်းသည် ထိုင်းတောင်ပိုင်းဒေသသို့ ခရီးထွက်ခွာရန် စီစဉ်ထားချိန်တွင် သတင်းထောက်များအား ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

ထိုင်းတောင်ပိုင်း၌ ဖြစ်ပေါ်နေသော ပဋိပက္ခကို စစ်ရေးနည်းလမ်းအရ မဟုတ်ဘဲ နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းရန် မိမိလိုလားသည်ဟု ဗိုလ်ချုပ်ကြီး ပရာယွတ်က ဇူလိုင် ၄ ရက်မိန့်ခွန်းတွင် ထုတ်ဖော်မြွက်ဟခဲ့သည်။

ထိုင်းတောင်ပိုင်းတွင် ခွဲထွက်ရေးလှုပ်ရှားမှု ပြန်လည်ပေါ်ပေါက်ခဲ့ပြီးနောက် ၂၀၀၄ ခုနှစ်နောက်ပိုင်း တိုက်ခိုက်မှုများကြောင့် လူပေါင်း ၆၀၀၀ ကျော်သေဆုံးခဲ့ရသည်။

ဝန်ကြီးချုပ် ယင်လတ်ရှင်နာဝါထရာ ဦးဆောင်သော အစိုးရအဖွဲ့သည် လွန်ခဲ့သည့်နှစ်က နိုင်ငံတောင်ပိုင်း၌ လှုပ်ရှားနေသော အမျိုးသားတော်လှန်ရေးတပ်ဦးအဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ စတင်ပြုလုပ်ခဲ့သော်လည်း နိုင်ငံရေးမတည်မငြိမ်ဖြစ်မှုကြောင့် ဆွေးနွေးပွဲမှာ ပျက်ပြားခဲ့ရသည်။ **ရိုက်တာ။**

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာမြို့၌ အကြမ်းဖက်တိုက်ခိုက်ခဲ့မှု မှတ်တမ်းပုံ။

ပါလက်စတိုင်းလူငယ် အသတ်ခံရပြီးနောက် အစ္စရေး-ဂါဇာ နယ်စပ်ဒေသ၌ တင်းမာနေ

ဂျေရုဆလင်　ဇူလိုင်　၇

ပါလက်စတိုင်း ဆယ်ကျော်သက်ရွယ် လူငယ်လေးတစ်ဦး ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခံရမှုဖြစ်ပွားခဲ့ပြီးနောက် အစ္စရေး-ဂါဇာ နယ်စပ်ဒေသ၌ တင်းမာမှုများ မြင့်တက်လာနေကြောင်း၊ အစ္စရေးနိုင်ငံက ဂါဇာကမ်းမြောင်ဒေသကို လေကြောင်းမှတိုက်ခိုက်ခဲ့ပြီး ပါလက်စတိုင်းတို့ကလည်း စိန်ပြောင်းနှင့် ဒုံးပစ်လောင်ချာများဖြင့် အစ္စရေးနိုင်ငံနယ်စပ်ကို တိုက်ခိုက်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါလက်စတိုင်း ဆယ်ကျော်သက် အသတ်ခံရမှုအတွက် ဂျေရုဆလင်၌ ဆန္ဒပြသူများကို အစ္စရေးလုံခြုံရေးတပ်ဖွဲ့က မျက်ရည်ယိုဗုံးခွဲ၍ လူစုခွဲစဉ်။

အစ္စရေး၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ဟားမားစ်အဖွဲ့မှ အဖွဲ့ဝင်ကိုးဦးသေဆုံးခဲ့ရကြောင်း၊ ဂါဇာဘက်မှ ဒုံးကျည်များဖြင့် ပစ်ခတ်မှု ၂၅ ကြိမ်ရှိခဲ့ပြီး မိမိတို့က လက်တုံ့ပြန်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရာဖာမြို့အနီး လေကြောင်းတိုက်ခိုက်မှုတစ်ခုတည်းမှာပင် မိမိတို့အဖွဲ့ဝင်ခြောက်ဦး သေဆုံးခဲ့ရကြောင်း ဟားမားစ်အဖွဲ့က ပြောကြားသည်။

အစ္စရေးဆယ်ကျော်သက်ရွယ်လူငယ်သုံးဦး ပြန်ပေးဆွဲခံရသည့် ဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် အစ္စရေးနိုင်ငံက ဟားမားစ်အဖွဲ့ဝင် ရာပေါင်းများစွာကို ဖမ်းဆီးခဲ့သဖြင့် ဟားမားစ်အဖွဲ့က ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။

အစ္စရေး ဆယ်ကျော်သက်လူငယ်သုံးဦး၏ ရုပ်အလောင်းများကို ဇွန် ၃၀ ရက်က ရှာဖွေတွေ့ရှိခဲ့ရသည်။ အနောက်ဘက်ကမ်းဒေသတောင်ပိုင်းမှ ဆယ်ကျော်သက်ရွယ် အစ္စရေးလူငယ်သုံးဦးကို ဇွန် ၁၂ ရက်က ပြန်ပေးဆွဲခဲ့ပြီး သတ်ဖြတ်ခဲ့မှုအတွက် လက်စားချေမှုဟု ယူဆရသော လုပ်ရပ်အဖြစ် ပါလက်စတိုင်းဆယ်ကျော်သက်ရွယ် လူငယ်တစ်ဦး ဇူလိုင် ၂ ရက်က ပြန်ပေးဆွဲခံခဲ့ရပြီး အသတ်ခံခဲ့ရသည်။

ပါလက်စတိုင်းဆယ်ကျော်သက် မိုဟာမက်အဘူခါဒီးယားသည် အသိမ်းပိုက်ခံ အရှေ့ဂျေရုဆလင်ရှိ ရပ်ကွက်တစ်ခုမှ ပြန်ပေးဆွဲခံခဲ့ရသည်။ ယင်းသို့ ပြန်ပေးဆွဲခဲ့ပြီးနောက် နာရီပိုင်းအကြာတွင် ဂျေရုဆလင်ရှိ သစ်တောတစ်ခုအတွင်း မီးလောင်ဒဏ်ရာဖြင့် သေဆုံးနေသော ၎င်း၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခဲ့ရသည်။ **ရိုက်တာ။**

ခွဲထွက်ရေးသမားများထံမှ မြို့နှစ်မြို့ ယူကရိန်းတပ်ဖွဲ့များ ထပ်မံသိမ်းယူ

ကိယဗ်　ဇူလိုင်　၇

ရုရှားလိုလားသော ခွဲထွက်ရေးသမားများထံမှမြို့နှစ်မြို့ကို ၎င်း၏တပ်များက သိမ်းယူနိုင်ခဲ့ပြီဖြစ်ကြောင်း ယူကရိန်းသမ္မတက ပြောသည်။

ယူကရိန်းသမ္မတ ပီထရိုရှင်ကို၏ ဝက်ဘ်ဆိုက်တွင် အာတီမီဘက်နှင့် ဒရုဇ်ကိုဗ်ကာမြို့များ၌ နိုင်ငံတော်အလံတော်ကို လွှင့်ထူထားပြီဖြစ်ကြောင်း ဖော်ပြထားသည်။

အစိုးရတပ်ဖွဲ့များက ခွဲထွက်ရေးသမားများ၏ အဓိကခြေကုပ်စခန်းမြို့ စလိုဗီယာနက်ကို ပြန်လည်ထိန်းချုပ်ထားနိုင်ခဲ့ပြီး နောက်တစ်ရက်တွင် အဆိုပါမြို့နှစ်မြို့ကို ထပ်မံထိန်းချုပ်နိုင်ခြင်းဖြစ်သည်။

ခွဲထွက်ရေးသမားများသည် ဒွန်းတက်မြို့၌ ပြန်လည်စုရုံးခဲ့ကြပြီး လက်နက်များရရှိရန် ကြိုးစားသောအားဖြင့် ပြည်နယ်အကျဉ်းထောင် လုံခြုံရေးတပ်ဌာနချုပ်ကို တိုက်ခိုက်ခဲ့ကြသည်ဟု သတင်းများကဆိုသည်။

ရုရှားလိုလားသူများသည် ဆုံးရှုံးမှုများရှိခဲ့သော်လည်း ဒေသဆိုင်ရာ မြို့တော်များဖြစ်သည့် ဒွန်တက်၊ လူဟန့်နှင့် အခြားအဓိကနယ်မြေများကို ထိန်းချုပ်ထားဆဲဖြစ်သည်။

ဘီဘီစီ။

ဗီယက်နမ်စစ်ရဟတ်ယာဉ် ပျက်ကျ ၁၆ ဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

ဟနွိုင်း　ဇူလိုင်　၇

ဗီယက်နမ်နိုင်ငံမြို့တော် ဟနွိုင်းအနီးတွင် ဇူလိုင် ၇ ရက်က စစ်ရဟတ်ယာဉ်တစ်စင်း ပျက်ကျရာ ၁၆ ဦး သေဆုံးပြီး ငါးဦးထိခိုက်ဒဏ်ရာရရှိကြောင်း ဗီယက်နမ် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အိုင် ၁၇၁ အမျိုးအစား အဆိုပါရဟတ်ယာဉ်သည် လေထီးခုန်လေ့ကျင့်ရေးအတွက် ပျံသန်းစဉ် သာချက်သက်ခရိုင်ရှိ ကျေးရွာတစ်ရွာအနီး ပျက်ကျခဲ့သည်ဟု ဆိုသည်။

အဆိုပါရဟတ်ယာဉ်သည် စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းချက်ကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ် တပ်မတော် ဒုတိယစစ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဗိုဗန်သွန်းက ဘီဘီစီသတင်းဌာနသို့ ပြောကြားသည်။

ရဟတ်ယာဉ်ပျက်ကျမှု၌ သေဆုံး၊ဒဏ်ရာ ရရှိသူများမှာ စစ်ဘက်ဆိုင်ရာ ဝန်ထမ်းများဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ထိခိုက်ဒဏ်ရာရသူ ငါးဦးအနက် အချို့မှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိကြောင်း ၎င်းက ပြောကြားသည်။

စစ်ရဟတ်ယာဉ် ပျက်ကျပြီး မီးလောင်ပေါက်ကွဲမှု မဖြစ်ပွားမီ ဒယီးဒယိုင် ပျံသန်းနေခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

အဆိုပါရဟတ်ယာဉ်သည် အနိမ့်ပျံသန်းခဲ့ပြီး မြေပြင်နှင့် ထိခိုက်ပေါက်ကွဲခဲ့သည်ဟု ဒေသခံတစ်ဦးက ပြောကြားသည်။ **ဘီဘီစီ။**

နိုင်ဂျီးရီးယားတွင် ဘိုကိုဟာရမ်တို့လက်မှ အမျိုးသမီး ၆၀ ကျော် လွတ်မြောက်လာ

အဘူဂျာ　ဇူလိုင်　၇

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ ဘိုကိုဟာရမ် စစ်သွေးကြွများ၏ ပြန်ပေးဆွဲခြင်းခံရသော အမျိုးသမီးကြီး၊ငယ် ၆၀ ကျော်တို့သည် ပြန်လည်လွတ်မြောက်လာခဲ့ကြပြီး ကျောင်းသူ ၂၀၀ ကျော်မှာ အစ္စလာမ္မစ်တို့၏ လက်ဝယ်တွင် ရှိနေဆဲဖြစ်ကြောင်း သတင်းအရင်းအမြစ်က တနင်္ဂနွေနေ့တွင် ပြောသည်။

ပြန်ပေးဆွဲခံရသော မိန်းမကြီးနှင့် အမျိုးသမီးငယ်များသည် ၎င်းတို့၏ နေအိမ်များသို့ ပြန်လည်ရောက်လာခဲ့ကြပြီး ပြီဟု ၎င်း၏မိတ်ဆွေများက အသိပေးခဲ့ကြောင်း ဒေသဆိုင်ရာ လူကြီးအဖွဲ့ဝင် အဘတ်(ခ်)ဂါဘာက သောကြာနေ့ နှောင်းပိုင်းတွင် ပြောခဲ့သည်။

ဘော်နိုပြည်နယ် မိုင်ဒူဂူရီ မြို့တော်၏ အမည်မဖော်လိုသော အဆင့်မြင့်လုံခြုံရေးတာဝန်ရှိသူတစ်ဦးက အဆိုပါ လွတ်မြောက်လာသည့်သတင်းကို အတည်ပြုသည်။

လုံခြုံရေး တာဝန်ရှိသူများနှင့် နီးကပ်စွာ အလုပ်လုပ်လျက်ရှိသော ဘော်နိုပြည်နယ် ဒေသဆိုင်ရာ လူကြီးအဖွဲ့ဝင် ဂါဘာက အမျိုးသမီးများသည် ၎င်းတို့ကိုဖမ်းထားသူများ တိုက်ပွဲဝင်ရန် ထွက်ခွာသွားကြစဉ် ထွက်ပြေးလာခဲ့ကြခြင်းဖြစ်ကြောင်း ဂျာနယ်လစ်များကို ပြောကြားခဲ့သည်။

စစ်သွေးကြွများသည် ဒွန်ဘိုအာမြို့ကို တိုက်ခိုက်ကြပြီးနောက် သောကြာနေ့နှောင်းပိုင်းတွင် စစ်သွေးကြွများနှင့် အစိုးရတပ်များအကြား တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း၊ စစ်သွေးကြွ ၅၃ ဦး သေဆုံး၍ တပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးခဲ့ကြောင်း စစ်ဘက်ကပြောသည်။ **ရိုက်တာ။**

ပြန်ပေးဆွဲခံရသူများကို ပြန်လည်လွှတ်ပေးရန် နိုင်ဂျီးရီးယားနိုင်ငံ ဂျို့စ်မြို့၌ တောင်းဆိုဆန္ဒပြကြစဉ်။

၂၀၁၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၇

၂၀၁၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အနော်ရထာခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ပင့်ဖိတ်ထားသည့် ဆရာတော်ကြီးများ ပါဝင်သော သံဃာတော်(၆၃) ပါး ကြွရောက်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများမှ အရာရှိ စစ်သည် မိသားစုများ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်းပွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော်ထံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ယာပုံ)**

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ အတုလကာရီဆင်မင်းကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ဩဘာသာဘိဝံသထံ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ကြီးများထံသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရ သက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တိုင်းမှူးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသူများက ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးခန့်အပ်ရန် သဘောတူ

နေပြည်တော် ဇူလိုင် ၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာ အာနုကူးမား ချက်ကမာ၏ နေရာတွင် မစ္စတာ မိုဟာမက် ဆူဖီအူရ် ရာဟ်မာန်အား ခန့်အပ်ရန်အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ မိုဟာမက် ဆူဖီအူရ် ရာဟ်မာန်ကို ၁၉၆၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကူရီဂရမ်မြို့၌ မွေးဖွားခဲ့ပြီး ၎င်းသည် ဒါကာမြို့ရှိ အင်ဂျင်နီယာနှင့် နည်းပညာတက္ကသိုလ်မှ မြို့ပြအင်ဂျင်နီယာဘွဲ့နှင့် ဒါကာမြို့ စီးပွားရေးစီမံခန့်ခွဲမှုတက္ကသိုလ်မှ စီးပွားရေးစီမံခန့်ခွဲမှုပညာ(မဟာဘွဲ့)တို့ကို ရရှိခဲ့သည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်တွင် လက်ထောက်အတွင်းဝန်ရာထူးဖြင့် စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ပြည်ပရှိ ဘင်္ဂလားဒေ့ရှ် မဟာမင်းကြီးရုံးများတွင် ရာထူးအဆင့်ဆင့်၌ တာဝန်ထမ်းဆောင်ခဲ့ရာ နယူးဒေလီမြို့တွင် ၁၉၉၅ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ လည်းကောင်း၊ ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ ဘင်္ဂလားဒေ့ရှ် အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် ၁၉၉၉ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ လည်းကောင်း၊ အစ္စလာမာဘတ်မြို့တွင် ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ၂၀၁၀ ခုနှစ် ဩဂုတ်လမှ ၂၀၁၂ ခုနှစ် စက်တင်ဘာလအထိ တောင်အာရှနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ဆာ့ခ်) ဦးစီးဌာနနှင့် စီးပွားရေးဦးစီးဌာနတို့တွင် ညွှန်ကြားရေးမှူးချုပ်တာဝန်ကို ထမ်းဆောင်ခဲ့သည်။

လက်ရှိတွင် သီရိလင်္ကာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိမ်ထောင်ရှိသူဖြစ်ပြီး သမီးနှစ်ယောက်နှင့် သားတစ်ယောက်ရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၇

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ(မူကြမ်း)နှင့် စပ်လျဉ်းသည့် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ဥပဒေကြမ်းပူးပေါင်းကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ၊ လော့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေကြမ်းပူးပေါင်းကော်မတီအဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဝင်များ တက်ရောက်ကြပြီး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အစည်းအဝေးတွင် ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးစောလှထွန်းက နည်းဥပဒေများ (မူကြမ်း)နှင့်စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်နာယက၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ကော်မရှင်အဖွဲ့ဝင်များထံ ဖြန့်ဝေခဲ့ကြောင်း၊ စုစည်းပြုစုထားသော နည်းဥပဒေများ (မူကြမ်း)ကို ထပ်မံလေ့လာစိစစ်သွားရန်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့ပြီး ဆွေးနွေးစိစစ်ချက်များကို အတည်ပြုချက်ရယူကာ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကာသိုလ်လည်းရ ဝမ်းလည်းဝ ကျသင့်အခွန် တို့ကျေပွန်

KMD Education Services

Congratulations

Global High Achiever

University of Greenwich နှင့် NCC (UK) မှ March 2014 Exam တွင်

တစ်ကမ္ဘာလုံးအမှတ်အများဆုံးဆုရှင်အဖြစ် KMD Computer Centre မှဆွတ်ခူးနိုင်ခဲ့သော

ကျောင်းသား/သူများကို အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း.....

Second Year Diploma

First Year Diploma

First Year

25th July 2014 (Mon to Fri) 11:30 am to 3:00 pm

28th July 2014 (Mon to Fri) 7:00 am to 11:00 am

Pre-HND 20th Aug 2014 (Mon & Fri) 12:00 pm to 4:00 pm

HND 9th Sep 2014 (Mon & Fri) 8:00 am to 11:30 am

331, Pyay Road, Myaynigone, Sanchaung, Tel : 700895/ 527436/ 534170/ 502233 | No(90), Hledan Street, Lanmadaw Tsp., Tel : 220555

ဒီမိုကရေစီခေတ်ဦးနှင့် လျော်ညီသည့်စိတ်ထားဖြင့် . . .

စေတနာမောင်

နိုင်ငံတော်အစိုးရသစ်လက်ထက်ကာလတွင် နိုင်ငံတော်၏မူဝါဒတွင် ပြည်သူလူထုဗဟိုပြုရန်၊ ကောင်းမွန်သည့်အုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရဖြစ်စေရေးအတွက် ဆောင်ရွက်ရန်တို့ပင်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူအပေါ်ဝန်ဆောင်မှုပေးရန်ဖြစ်ပြီး ပြည်သူဘက်က ဘာမျှထောက်ပြစရာမရှိအောင် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

ယင်းသို့ဆောင်ရွက်နိုင်ရန်မှာ ဌာနအလိုက် ဝန်ထမ်းများအားလုံးက သက်ဆိုင်ရာမိမိလုပ်ငန်းတွင် အရည်အချင်းရှိရှိလုပ်ဆောင်တတ်ရန် ပဓာနကျလှပါသည်။ အရည်အချင်းရှိ၊ မရှိကို လက်တွေ့လုပ်ဆောင်ချက်များအပေါ် စောင့်ကြည့်၍ အကဲဖြတ်သွားရမည်ဖြစ်ပါသည်။

လူတစ်ဦး၏အရည်အချင်းတွင် ပညာအရည်အချင်း၊ စာရိတ္တကောင်းမွန်ရေး စသည်တို့ပါဝင်သော်လည်း အဓိကအကျဆုံးသည် တာဝန်ကြီးလေလေ၊ ချိန်ဆနိုင်စွမ်းရှိရန် လိုအပ်လေလေဖြစ်ပါသည်။ ချိန်ဆနိုင်စွမ်းဆိုသည်မှာ မှန်ကန်တည့်မတ်စွာဆောင်ရွက်နိုင်မှုကို ဆိုလိုရင်းဖြစ်ပါသည်။ လူတစ်ဦး၏ အရည်အချင်းတိုးတက်မှုနှင့် ၎င်း၏ချိန်ဆနိုင်မှုတို့သည် တိုက်ရိုက်အချိုးကျလျက်ရှိပါသည်။ ချိန်ဆမှုမှန်ကန်ပါက အလုပ်လုပ်ကိုင်ရာတွင်လည်း မှန်ကန်မှုရှိလာမည်ဖြစ်ပါသည်။

အလုပ်လုပ်ကိုင်ရာတွင် မှန်ကန်မှုရှိလာပါက ၎င်းအတွက် အရည်အချင်းတိုးတက်လာခြင်းပင်ဖြစ်ပါသည်။ ပညာတတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ၊ အတွေ့အကြုံ/လုပ်သက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ချိန်ဆမှုလွဲနေပါက အရည်အချင်းရှိသည်ဟု မပြောနိုင်ဘဲ တကယ်တမ်း ၎င်း၏အရည်အချင်းကို ပြောနိုင်သည်မှာ ၎င်း၏ချိန်ဆလုပ်ကိုင်တတ်မှုပင်ဖြစ်ပါသည်။ ချိန်ဆမှုကောင်းကောင်းလုပ်နိုင်ပါက အရည်အချင်းရှိသည်ဟု ပြောနိုင်ပါသည်။ သို့ဖြစ်ရာ ဝန်ထမ်းများ ရွေးချယ်၊ ခန့်ထား၊ တာဝန်ပေးရာတွင် ကောင်းမွန်သော ချိန်ဆမှုရှိသည့်ပုဂ္ဂိုလ်များကို ရွေးချယ်ရန်မိရန်အရေးကြီးပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့တာဝန်များ စတင်တာဝန်ယူစဉ်ကပင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများကို အလေးအနက်ထား ဆောင်ရွက်ခဲ့ပြီး ဗဟိုချုပ်ကိုင်မှုစနစ်မှ ဒီမိုကရေစီဖော်ဆောင်မှုဆီသို့ ညင်သာပျော့ပျောင်းစွာနှင့် သိသာထင်ရှားစွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို တစိုက်မတ်မတ်ဆောင်ရွက်လာခဲ့ရာ ယခုဆိုလျှင် တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) သို့ပင် ရောက်ရှိလာပြီဖြစ်ပါသည်။ ဤအဆင့်ကို အကောင်အထည်ဖော်ရာတွင်လည်း ရှေ့ကတင်ပြခဲ့သည့်နည်းတူ ပြည်သူကိုဗဟိုပြု၍ ကောင်းမွန်သည့်အုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရဖြစ်စေရေး မူဝါဒကိုပင် အခြေခံရမည်ဖြစ်ပါသည်။ ဤတွင် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းတို့သည်လည်းပါဝင်သည်ကို တွေ့ရှိရပါသည်။ ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရာတွင် တိုးတက်မှုကိုရှေးရှုသည့် ယှဉ်ပြိုင်မှုပြုလုပ်ခြင်းဖြင့်သာ ဆောင်ရွက်သင့်ပါသည်။ တစ်နည်းဆိုရသော် အပြိုင်အဆိုင်ကြိုးစားသည့် ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးပေးရန်ဖြစ်ပါသည်။

အမှန်မှာ တတိယအဆင့် အရှိန်မြှင့်တင်မှုဟူသည် ကောင်းမွန်သော အုပ်ချုပ်ရေးကို ဖော်ဆောင်သည့်လုပ်ငန်းများ ဖြစ်ပါသည်။ အများက လိုလားနေသည့် ဗဟိုချုပ်ကိုင်မှုလျှော့ချရန် မည်သူက မည်မျှအထိ တာဝန်ယူရမည်၊ မည်သည့်လုပ်ငန်းများကို လုပ်ဆောင်နိုင်သည်၊ မည်သည့်လုပ်ငန်းများကို လုပ်ပိုင်ခွင့်မရှိ စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး၍ သတ်မှတ်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ဤတွင် တာဝန်ယူမှု၊ တာဝန်ခံမှု၊ ထင်သာမြင်သာရှိမှု၊ အများသဘောတူညီမှု ရယူဆောင်ရွက်မှုအပိုင်းသည်လည်း အသက်ဝင်လာမည်ဖြစ်ပါသည်။ သို့ဆိုလျှင် အဂတိလိုက်စားမှုများ လျော့ပါးလာနိုင်မည်ဖြစ်ပါသည်။

ပြည်သူ့လိုအပ်ချက်များမှ လျင်လျင်မြန်မြန် အကျိုးကျေးဇူးဖြစ်ထွန်းစေမည့် ကိစ္စများကို လူသစ် စိတ်သစ်ဖြင့် ဦးစားပေးလုပ်ဆောင်ပေးသင့်ပါသည်။ သို့မှလည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ ချောမွေ့လာနိုင်မည်ဖြစ်ပါသည်။

ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ရှိ/မရှိကို အောက်ပါအချက်များဖြင့် တိုင်းတာနိုင်ပါသည် -

(က) ပွင့်လင်းမြင်သာမှုရှိခြင်း၊
(ခ) ပြည်သူတို့၏ ဆန္ဒအမြင်ရယူခြင်းနှင့် တာဝန်သိမှု၊ တာဝန်ယူမှုရှိခြင်း၊
(ဂ) စွမ်းဆောင်ရည်ထိရောက်မှုရှိခြင်း၊
(ဃ) လက်တွေ့လုပ်ငန်းဆောင်ရွက်ရန် ခိုင်မာသည့် ကောင်းမွန်သော စည်းမျဉ်းဥပဒေရှိခြင်း၊
(င) ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း၊
(စ) လာဘ်ပေးလာဘ်ယူ တားဆီးထိန်းသိမ်းနိုင်ခြင်း။

ကောင်းမွန်သောအုပ်ချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရာတွင် လက်တွေ့ကျင့်သုံးမှုအပိုင်း၌ အားနည်းနေသေးသည်ကို မြင်တွေ့ရပါသည်။ ကောင်းမွန်သောအုပ်ချုပ်ရေးတွင် ပွင့်လင်းမြင်သာမှုရှိရမည်ဟူသည့်အချက်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဟူသည့်အချက်နှစ်ချက်မှာ အရေးအကြီးဆုံးဖြစ်ပြီး ပြည်သူလူထု၏ သဘောတူညီမှုရှိရန်၊ ပြည်သူလူထု၏သဘောဆန္ဒကို ချက်ချင်းတုံ့ပြန်ပေးရန်ဖြစ်ပါသည်။ ထို့ပြင် အချိန်အခါနှင့်အမျှ အမြဲတမ်းပြောင်းလဲနေသည့်အခြေအနေပေါ်တွင်မူတည်၍ ဌာနအလိုက်လုပ်ဆောင်ပေးသင့်သည့်ကိစ္စကို အမြန်နားစွင့်ကာ ပြည်သူလူထုသို့ လိုက်လျောညီထွေဖြစ်အောင် တုံ့ပြန်ပေးရန်လိုအပ်ပါသည်။ ပြည်သူလူထု၏ဆန္ဒရယူဆောင်ရွက်ရာ၌ လုပ်ငန်းနှောင့်နှေးသွားရသည့်အခြေအနေများ ဖြစ်ပေါ်လာနိုင်ပါသည်။ သို့သော် လုပ်ငန်းကြန့်ကြာသည်ဟု သဘောမထားဘဲ ကောင်းမွန်သောအုပ်ချုပ်မှုဖြင့် လိုက်လျောညီထွေမှုရှိအောင် လုပ်ဆောင်ရခြင်းဖြစ်သည်ဟု ခံယူ၍ စိတ်ရှည်၊ လက်ရှည်ဖြင့် ဆောင်ရွက်သင့်ပါသည်။

သို့ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့ တာဝန်ယူလုပ်ကိုင်ရသော လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူလူထုကိုဗဟိုပြုလျက် ဦးစားပေးဆောင်ရွက်ရန် လိုအပ်ပါသည်။ အချို့အချို့သော ဌာနဆိုင်ရာလုပ်ငန်းများတွင် မလိုအပ်ဘဲ လုပ်ငန်းကြန့်ကြာမှုမျိုး၊ အချိန်ကြာကြာစောင့်ဆိုင်းရခြင်းမျိုးကိုပင် ယနေ့တိုင် တွေ့မြင်ရဆဲဖြစ်ပါသည်။ ဤသို့ဖြစ်ရခြင်းမှာ ယခင်လုပ်ရိုးလုပ်စဉ် ခေါက်ရိုးကျိုးအကျင့်စရိုက်များ (ဗဟိုချုပ်ကိုင်မှု ပုံသဏ္ဍာန်တွင်ရှိသည့် စိတ်ထား)ကြောင့် ဖြစ်ပါသည်။ ထိုကဲ့သို့ ခံယူချက်စိတ်ထားများကို အမြစ်ပါမကျန် ထုတ်ပစ်ပြီး ပြည်သူ့လိုအပ်ချက်များမှ လျင်လျင်မြန်မြန် အကျိုးကျေးဇူးဖြစ်ထွန်းစေမည့်ကိစ္စများကို လူသစ် စိတ်သစ်ဖြင့် ဦးစားပေးလုပ်ဆောင်ပေးသင့်ပါသည်။ သို့မှလည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ ချောမွေ့လာနိုင်မည်ဖြစ်ပါသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဌာနအလိုက် တာဝန်ရှိသူများအနေဖြင့် မိမိကိုယ်ကို အရည်အချင်းရှိအောင် ကြိုးစား၊ ကိုယ်ကျင့်တရားကောင်းမွန်အောင်ကျင့်ကြံပြီး မှန်ကန်သည့်ခေါင်းဆောင်မှုဖြင့် ပြုပြင်ဆောင်ရွက်ရမည့်နည်းတူ အနိမ့်ဆုံးရုံးဝန်ထမ်းအထိ အဆင့်ဆင့်သော ပုဂ္ဂိုလ်များကလည်း လိုက်ပါပြောင်းလဲဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့ကြောင့် မိမိတို့၏ အားနည်းချက်များကို အမြန်ဆုံးပြုပြင် ဆောင်ရွက်သွားရန်နှင့် ဒီမိုကရေစီခေတ်ဦးနှင့်လျော်ညီသည့်စိတ်ထားမွေးမြူ၍ မိမိတို့လုပ်ငန်းအလိုက် တစ်ဦးချင်း ပြန်လည်သုံးသပ်ဆောင်ရွက်ကြရမည် ဖြစ်ပါတော့သည်။ ။

ကျောင်းဆရာနှင့် ပီတိ

❖ ကိုယ့်မှာ ဥစ္စာ၊ ချို့ငဲ့ပါလည်း
ချမ်းသာတပည့်၊ တွေ့မြင်မိသော်
ပီတိဖြစ်၍ မဆုံးနိုင်။

❖ ရေမြွေပမာ၊ ဆိပ်ဗလာသို့
ရှိန်ဝါမပြ၊ ကိုယ့်ဘဝဝယ်
ဂုဏ်မထယ်(ထည်)လည်း
ကိုယ့်ငယ်တပည့်၊ အာဏာရှိသော်
ပီတိဖြစ်၍ မဆုံးနိုင်။

❖ အိမ်နှင့် ကျောင်းသာ၊ ကိုယ့်ကမ္ဘာလား
ခြေချုပ်ထားသလို၊ ခရီးတိုလည်း
ထိုထိုတပည့်၊ ကမ္ဘာလှည့်တော့
ပီတိဖြစ်၍ မဆုံးနိုင်။

❖ ဩော် . . . ပန်းရဂုံတွင်
ပန်းစုံပွင့်ဖူး၊ ဥယျာဉ်မှူးနယ်
ကြည်နူးချမ်းမြေ့မိပါတကား။ ။

မောင်ကျေးရူး

လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး ကေဘယ်ကြိုးများ လဲလှယ်

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သဃ်န်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှမြင့်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစောသူရနှင့် ဝန်ထမ်းများသည် ယနေ့တွင် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် သုဝဏ္ဏ(၂၉) ရပ်ကွက် ပေါ်ဆန်းမွှေးလမ်းရှိ ၄၀၀ ဗို့ဓာတ်အားလိုင်းနိမ့်သော နေရာများတွင် ကွန်ကရစ်ကျောက်တိုင်များ စိုက်ထူ၍ လိုင်းမြှင့်တင်ပေးခြင်း၊ စံပြရပ်ကွက် (၄) လမ်းထိပ် သံသုမာလမ်းနှင့်(ခ) ရပ်ကွက် ပြည်တော်သာလမ်းထိပ်မှ စာတိုက်လမ်းအထိ Aerial Bundle Cable Cover ကြိုးများကို နေ့ချင်းပြီး လဲလှယ်မှုလုပ်ငန်းများဆောင်ရွက်ကြရာ အရှေ့ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစံဌေး၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးခင်တို့က ကြည့်ရှုစစ်ဆေးသည်။

မြို့နယ်အတွင်း လျှပ်စစ်အန္တရာယ်ရှိနိုင်သော နေရာများ၌ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မွှေးမွှေး(သဃ်န်းကျွန်း)

လျှပ်စစ်သုံးလျှင် သတိယှဉ်၊ ဝန်အားမမျှ မသုံးရ



ပြည်သူ့လွှတ်တော်အစည်းအဝေး

တရုတ်နိုင်ငံက မြန်မာအလုပ်သမားများ တရားဝင်ခေါ်ယူမှုပြုလုပ်လာလျှင် ပြည်ပအလုပ်အကိုင်ဥပဒေနှင့်အညီ ဆောင်ရွက်မည်

နေပြည်တော် ဇူလိုင် ၇

ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေး(၁၉) ရက်မြောက်နေ့က မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်၏ တရုတ်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသော ရွှေ့ပြောင်းအလုပ်သမားများ တရားဝင် သွားရောက်နိုင်ရေးအတွက် အထောက်အထားလက်မှတ် ထုတ်ပေးနိုင်ရေးနှင့် နှစ်နိုင်ငံကြား အလုပ်သမားခန့်ထားခြင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်း မည်သို့ဆောင်ရွက်နေသည်ကို မေးမြန်းခဲ့သည့်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနက နောင်တစ်ချိန်တွင် တရုတ်နိုင်ငံက မြန်မာနိုင်ငံဘက်မှအလုပ်သမားများ တရားဝင်ခေါ်ယူကမ်းလှမ်းမှုများ ပြုလုပ်လာလျှင် မလေးရှား၊ ထိုင်း၊ ကိုရီးယားနိုင်ငံများနည်းတူ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပြီး မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ၊ တရုတ်နိုင်ငံ၏အလုပ်သမားတည်ဆဲဥပဒေ နှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်းကို ပြန်လည်ဖြေကြားခဲ့ပါကြောင်း၊ အစိုးရ၊ လွှတ်တော်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက မိမိတို့နိုင်ငံ၏ နိုင်ငံသားများ မူလအခွင့်အရေး မဆုံးရှုံးစေရေးအတွက် အဖြေရှာစဉ်းစားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အလေးထားရမည့် ကိစ္စတစ်ရပ်ဖြစ်သောကြောင့် နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာပေးပို့ခဲ့ကြောင်းကို လွှတ်တော်သို့တင်ပြခဲ့သည်။

ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင်၏ **ကမာရွတ်မြို့နယ် လှည်းတန်း မီးရထားခုံးကျော်တံတား လေးလမ်းသွားတံတားအဖြစ် တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် ကားလမ်းကူးတိုးချဲ့ရန်ကိစ္စရပ်များကို လိုအပ်ချက်များပေါ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမဦးစားပေးအနေဖြင့် ၂၀၁၄-၂၀၁၅ ဘတ်ဂျက်တွင် အင်းစိန်ကားလမ်းကူး ခုံးကျော်တံတားကို ဆောင်ရွက်လျက်ရှိပြီး ဒုတိယဦးစားပေးအနေဖြင့် ပါရမီ(၂) ခုံးကျော်တံတားနှင့် ခရေပင်(၂) ကားလမ်းကူးခုံးကျော်များကို ထပ်မံဆောင်ရွက်သွားရန်ရှိပါကြောင်း၊ လှည်းတန်း မီးရထား ခုံးကျော်တံတားကို နောင်ဘဏ္ဍာရေးနှစ်များတွင် ဘဏ္ဍာငွေတင်ပြ

သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်း။

ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင်။

တောင်းခံ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် ယခုနှစ် ဘဏ္ဍာရေးနှစ်တွင် တိုးချဲ့တည်ဆောက်ပေးရန် လောလောဆယ် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး၏ **၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဖွံ့ဖြိုးရေး ရန်ပုံငွေအဖြစ် မြို့နယ်တစ်ခုလျှင် ကျပ်သိန်း(၁၀၀၀)ခွင့်ပြုခြင်းနှင့် ပတ်သက်၍ ကျေးရွာသားများနှင့် ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များကိုယ်တိုင် လုပ်ဆောင်သော လုပ်ငန်းများအတွက် ပင်ရင်းမှ ဖြတ်တောက်ပေးသွင်းရမည့် အခွန်(Withholding Tax)ပေးဆောင်ရန် လို၊ မလိုကို သိလိုသည်** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပင်ရင်းမှနုတ်ယူ ပေးသွင်းသည့် ကြိုတင်ဝင်ငွေခွန် (Withholding Tax) စနစ်အား ၁၉၉၂ ခုနှစ်မှစတင်၍ ကျင့်သုံးခဲ့သော်လည်း ဌာနအဖွဲ့အစည်းများ အနေဖြင့် လိုက်နာဆောင်ရွက်မှု အားနည်းခြင်းကြောင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ၁၀-၃-၂၀၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၀)ဖြင့် (Withholding Tax) နုတ်ယူပေးသွင်းရန် ကိစ္စအား ထပ်မံထုတ်ပြန်ခဲ့ပါကြောင်း၊ ၁၉၉၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာများအား ပူးတွဲတင်ပြထားပါကြောင်း။

နိုင်ငံတော်အဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်းမှတ်ပုံတင်ထားသော အစုစပ်လုပ်ငန်းများ၊ ကုမ္ပဏီများ နှင့် နိုင်ငံခြားသားလုပ်ငန်းရှင်များ သို့မဟုတ် နိုင်ငံခြားကုမ္ပဏီများအနေဖြင့် ကန်ထရိုက်စာချုပ် သို့မဟုတ် သဘောတူစာချုပ် သို့မဟုတ် သဘာတူညီချက် တစ်ရပ်ရပ်ဖြင့် လုပ်ငန်းဆောင်ရွက်ပေးစေခြင်းနှင့် နိုင်ငံတော်အတွင်းမှ ပစ္စည်း ဝယ်ယူခြင်းအတွက် ပေးချေရာ၌ ပေးချေသည့်အချိန်တွင် ပင်ရင်းမှနုတ်ယူ ပေးသွင်းသည့် ကြိုတင်ဝင်ငွေခွန် (Withholding Tax) အား သတ်မှတ်ထားသည့် ရာခိုင်နှုန်းအတိုင်း ဖြတ်တောက်၍ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ရုံးများသို့ နုတ်ယူသည့်နေ့မှ ၇ ရက်အတွင်း ပေးသွင်းရမည်ဖြစ်ပြီး နုတ်ယူပေး သွင်းရမည့် အနိမ့်ဆုံးပမာဏကို ပစ္စည်းတန်ဖိုး သို့မဟုတ် လုပ်ငန်းတန်ဖိုးကျပ် (၃)သိန်း သတ်မှတ်ထားပြီးဖြစ်ပါကြောင်း၊ အဆိုပါ နုတ်ယူပေးသွင်းရမည့် ငွေသည် ငွေထုတ်ပေးသည့်ဌာန၊ အဖွဲ့အစည်းများက ကျခံရသည့် အခွန်ငွေများ မဟုတ်ဘဲ ငွေထုတ်ပေးသည့်ဌာန၊ အဖွဲ့အစည်းအတွက် ပစ္စည်းပေးသွင်းသူ သို့မဟုတ် လုပ်ငန်းကို တာဝန်ယူဆောင်ရွက်ပေးသူက ကျခံရသည့် အခွန်ငွေ ဖြစ်ပါကြောင်း။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်ခြင်း၊ ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ များမှ ပစ္စည်းဝယ်ယူပေး၍ ကန်ထရိုက် အပ်နှံဆောင်ရွက်ခြင်း၊ ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီက ဦးစီး၍ လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါကြောင်း။

အထက်ပါအတိုင်း ဆောင်ရွက်ပါက လုပ်ငန်းများကို ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းအပ်နှံ၍ ဆောင်ရွက်ခြင်းဖြစ်ပါက ပေးချေငွေအားလုံးအပေါ်တွင်လည်း ကောင်း၊ ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီက ပစ္စည်းများဝယ်ပေး၍ ကန်ထရိုက်အပ်နှံဆောင်ရွက်ခြင်းဖြစ်လျှင် ပစ္စည်းဝယ်ယူမှုအတွက် ကျပ်(၃) သိန်းနှင့်အထက် ပေးချေငွေများနှင့် ကန်ထရိုက်အပ်နှံပေးချေငွေများအပေါ် တွင် လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီက ဦးစီး၍ လုပ်ငန်းဆောင်ရွက်လျှင် ပစ္စည်းဝယ်ယူမှုအတွက်သာ ကျပ်(၃)သိန်းနှင့်အထက် ပေးချေငွေများအပေါ်တွင် လည်းကောင်း၊

စာမျက်နှာ ၈ သို့ ✻

အမျိုးသားလွှတ်တော်အစည်းအဝေး

Open Budget နှင့် Citizens Budget ဖြစ်လာစေရေး တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်သွားရန်အစီအစဉ်ရှိ

နေပြည်တော် ဇူလိုင် ၇

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် **"ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်အရ နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွဲဝေချထားပေးသော ရန်ပုံငွေကို မျှတညီညွတ်စွာရရှိနိုင်ရေး ပြန်လည်စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"**အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းအဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖိုးဇော်က တင်သွင်းခဲ့ပြီး မြစိမ်းရောင်စီမံကိန်းတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ရန်ပုံငွေချထားမှု မျှတညီညွတ်မှုအားနည်းနေသည့်အတွက် ပြန်လည်ပြင်ဆင်ပေးရန်၊ နိုင်ငံတော်အစိုးရ၏ စေတနာအမှန်ဖြင့် ဆောင်ရွက်ပေးနေသည့် လုပ်ငန်းများကို ပြည်သူများ သိရှိနားလည် သဘောပေါက်စေရန်နှင့် ချထားပေးသည့် ရန်ပုံငွေများအား ပြည်သူများ မျှမျှတတရရှိနိုင်စေရန် ရည်ရွယ်၍ အဆိုတင်သွင်းကြောင်း သိရသည်။

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၏ **"နိုင်ငံတော်၏ ဂုဏ်သိက္ခာ အဆင့်အတန်းအတွက် ပွင့်လင်းမြင်သာသော ဘတ်ဂျက်အဖြစ် သုံးသပ်အကဲဖြတ်ခံနိုင်စေရန်အတွက် ဆောင်ရွက်ရန်လိုအပ်ချက် In-year Report နှင့် Citizens Budget များကို ပြုစုထုတ်ပြန်ကာ ပေးပို့သင့်သော အဖွဲ့အစည်းများသို့ ပေးပို့ခြင်း၊ နိုင်ငံတစ်ဝန်း အများပြည်သူ သိရှိရေးဖြန့်ဝေခြင်းများ ဆောင်ရွက်သွားမည့် အစီအစဉ်များကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က နိုင်ငံသားများအနေဖြင့် ၎င်းတို့၏အခွန်အခများအား မည်သို့ ခွဲဝေသုံးစွဲသည်၊ ချေးယူငွေများအတွက် မည်သို့ပြန်လည်ပေးဆပ်မည်တို့ကို သိရှိစေရေးအတွက် အသိပေးတင်ပြရန် အစိုးရတိုင်း၏ တာဝန်ဖြစ်ပါကြောင်း။

Citizens Budget ဆိုသည်မှာ အစိုးရအနေဖြင့် ဝင်ငွေမည်ရွေ့မည်မျှ ရရှိသည်၊ မည်သို့မည်ပုံ ခွဲဝေသုံးစွဲသည်ကို ဘာသာရပ်ဆိုင်ရာ အသုံးအနှုန်းများ မပါရှိဘဲ နိုင်ငံသားများအနေဖြင့် ရိုးရှင်းလွယ်ကူစွာ သိရှိနားလည်စေရန် ဘတ်ဂျက်ဆိုင်ရာ အခြေခံသတင်းအချက်အလက်များကို ထုတ်ပြန်ပေးခြင်း ဖြစ်ပါကြောင်း၊ Citizens Budget ဖြစ်စေရန် အဓိကလိုအပ်ချက်များမှာ Pre. Budget Statement၊ Executive's Budget Proposal၊ The Enacted Budget၊ နှစ်အတွင်းအစီရင်ခံစာ၊ နှစ်လယ်အစီရင်ခံစာနှင့် နှစ်ကုန်အစီရင်ခံစာများ ထုတ်ပြန်ပေးခြင်းနှင့် စာရင်းစစ်အစီရင်ခံစာ ထုတ်ပြန်ပေးခြင်းတို့ ဖြစ်ပါကြောင်း။

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ။

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးဆိုင်ရာ မဟာဗျူဟာကို ရေးဆွဲခဲ့ပြီး မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးစီမံချက်အဖြစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်၍ အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ အဆိုပါစီမံချက်အား အခွန်ရငွေ စုစည်းမှု ဖွံ့ဖြိုးတိုးတက်ရေး၊ စီမံကိန်းရေးဆွဲခြင်းနှင့်ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘတ်ဂျက်အကောင်အထည်ဖော်မှုနှင့် ဘဏ္ဍာရေး အစီရင်ခံမှု ဖွံ့ဖြိုးတိုးတက်ရေး၊ ပြင်ပကြီးကြပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး စသည့်အပိုင်း(၅)ပိုင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ၂၀၁၂ ခုနှစ်မှစတင် ဆောင်ရွက်လျက်ရှိရာ ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိရေး၊ ဘတ်ဂျက်ကို ပြင်ဆင်ရေးဆွဲသည့်အဆင့်၊ အဆင့်ဆင့်စိစစ်သည့်အဆင့်၊ ဘတ်ဂျက်အကောင်အထည်ဖော်နိုင်မှုကို အစီရင်ခံသည့်အဆင့်များတွင် နိုင်ငံတကာစံနှုန်းများနှင့် ညီညွတ်စေရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ ဘတ်ဂျက်သည် ပြည်သူ့ဘဏ္ဍာငွေရရှိမှု၊ သုံးစွဲမှုတို့ကိုဖော်ပြသည့် စာရင်းများဖြစ်၍ ရငွေများ အပြည့်အဝရရှိရေးနှင့် အသုံးစရိတ်များကို ထိရောက်မှန်ကန်စွာ သုံးစွဲနိုင်ရေးသည် အထူးအရေးကြီးသဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် ဘတ်ဂျက်နှင့်ပတ်သက်၍ မိမိတို့၏ ဘဏ္ဍာရေးမူဝါဒကို အခြေခံပြီး စနစ်တကျရှိရန်နှင့် ပွင့်လင်းမြင်သာမှုရှိရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့နိုင်ငံတွင် တစ်နှစ်ထက်တစ်နှစ် ဘတ်ဂျက်တင်ပြမှုနှင့် အကောင်အထည်ဖော်မှုများကို ယခုထက် ပိုမိုပွင့်လင်းမြင်သာရန် ရှေးရှုဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ပါ လုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာသော ဘတ်ဂျက်အဖြစ် သုံးသပ်အကဲဖြတ် ခံနိုင်စေရန်၊ နိုင်ငံတကာစံနှုန်းနှင့်အညီ Open Budget ဖြစ်စေရေးနှင့် Citizens Budget ဖြစ်လာစေရေးတို့အတွက် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင်အောင်မိုး၏ **"မြန်မာနိုင်ငံအတွင်းရှိ မြို့၊ ရွာများတွင် ဂရန်မြေမပေါက်ဘဲ လူများနေထိုင်နေခြင်းအား တရားဝင်ဂရန်မြေအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက မြို့နှင့် ကျေးရွာနယ်နိမိတ်အတွင်း ကျရောက်မှုမရှိသော နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေများကို လူနေထိုင်ရန်အတွက် ခွင့်ပြုပေးပါက မလိုလားအပ်သော အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုပြဿနာများ ဖြစ်ပေါ်နိုင်သည့်အတွက် မြေငှားဂရန် ခွင့်ပြုထုတ်ပေးခြင်း မရှိပါကြောင်း၊ မြေငှားဂရန်၊ မြေငှားစာချုပ်ဆိုသည်မှာ နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေကို စည်းကမ်းချက်များ သတ်မှတ်ပြီး နှစ်ကာလ အပိုင်းအခြားဖြင့် အငှားချထားသည့် မြေငှားဂရန်၊ မြေငှားစာချုပ်ဖြစ်ပါကြောင်း။

စာမျက်နှာ ၈ သို့ ❖

✱ ပြည်သူ့လွှတ်တော်မှ

၂ ရာခိုင်နှုန်း ဝင်ငွေခွန်ဖြတ်တောက်ပေးသွင်းရမည်ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့် ပြည်ထောင်စုလွှတ်တော်၏ ဖွံ့ဖြိုးရေးရန်ပုံငွေ အဖြစ် မြို့နယ်တစ်ခုလျှင် ကျပ်သိန်း(၁၀၀၀)ခွင့်ပြုပေးခြင်းအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်/ကျေးရွာ စသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလီလီထုတ်ယူ၍ အသုံးပြုသည် ဖြစ်စေ၊ တလုံးတခဲတည်းသုံးစွဲသည် ဖြစ်စေ ကျပ်သုံးသိန်းကျော်ပါက အဆိုပါသုံးစွဲငွေ အပေါ်တွင် ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် ကြိုတင်ဝင်ငွေခွန် (Withholding Tax) ကို ငွေထုတ်ပေးသည့် အချိန်တိုင်း ငွေထုတ်ပေးရန်တာဝန်ရှိသည့် စီမံခန့်ခွဲရေးဝန်ထမ်းမှ (၂) ရာခိုင်နှုန်းကို ပစ္စည်းပေးသွင်းသူ သို့မဟုတ် လုပ်ငန်းတာဝန်ယူဆောင်ရွက်သူထံမှ ဖြတ်တောက်၍ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှုးရုံးများသို့ ပေးသွင်းရမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။

ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးက ကြေးနီမိုင်းတူးခြင်းကြောင့် ကျင်းချိုင့်ရေအိုင်များသည် ပတ်ဝန်းကျင်အတွက် ကြီးမားသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေပါကြောင်း၊ ထိုကျင်းချိုင့်ရေပုပ်အိုင်သည် ရေတွင်ပျော်ဝင်နေသော အောက်ဆီဂျင်များအဖြစ် သတ္တုရိုင်းများနှင့် ကျင်းချိုင့်များ၏ ကျောက်သားနံရံမှ ပါးရိုက်နှင့် ဆာလဖိုက်သည် သတ္တုကို ဆွေးမြည့်စေပြီး အက်စစ်များဖြစ်ပေါ်စေပါကြောင်း၊ ထို့ပြင် ကျင်းချိုင့်ရေပုပ်အိုင်သည် ငရဲမီးပါဝင်သော ရေအဖြစ်သို့ ရောက်ရှိစေပါကြောင်း၊ ထိုအထဲရှိ ကျောက်သားများမှ ထွက်လာသည့် အန္တရာယ်ရှိစေသော ဓာတုပစ္စည်းများဖြစ်သည့် အာဆင်းနစ်၊ ကက်ဒ်မီယမ်၊ သွပ်နှင့် ဆာလဖျူရစ်အက်စစ်တို့အများအပြား ပါဝင်ကြောင်းကို တွေ့ရှိရပါကြောင်း၊ အဆိုပါ ရေပုပ်အိုင်ကြီးသည် ပတ်ဝန်းကျင်ရှိ သက်ရှိများဖြစ်သော အပင်နှင့် သတ္တဝါများကို အန္တရာယ်ဖြစ်ပေါ်စေပါကြောင်း၊ သို့ဖြစ်၍ အခြားနိုင်ငံများ၏ အကြံဉာဏ်ကိုရယူပြီး စပယ်တောင်၊ ကြေးစင်တောင်၊ လက်ပံတောင်းတောင် ကျင်းချိုင့်များမှ ရေများသည် နှစ်ပေါင်းများစွာ ပတ်ဝန်းကျင်၊ ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်ပြီး သက်ရှိသတ္တဝါများနှင့် အပင်များကို ဒုက္ခပေးတော့မည် ဖြစ်ပါသောကြောင့် **“နိုင်ငံတော်အတွင်း ကြေးနီမိုင်းတူး၍ ဖြစ်ပေါ်လာသော ကျင်းချိုင့်ကြီးများ၏အန္တရာယ်ကို ကြိုတင်ကာကွယ်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း”** အဆိုကို လွှတ်တော်သို့ တင်သွင်းခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က ပြန်လည် ရှင်းလင်းတင်ပြခဲ့ရာ အဆိုကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

(သတင်းစဉ်)

■

ကမ်းလွန်သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ဗြိတိန်နိုင်ငံ ဘီဂျီအုပ်စုမှ မူဝါဒနှင့် လုပ်ငန်းရေးရာဒုတိယဥက္ကဋ္ဌ Sir John Grant ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးအောင်ထူး၊ ဒေါက်တာမောင်မောင်သိမ်းနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်လုံခြုံရေး၊ စွမ်းအင်အသုံးပြုမှုစွမ်းရည်တိုးမြှင့်လာစေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ဖြင့် အနာဂတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုလျက် ချမှတ်ထားသည့် စွမ်းအင်မူဝါဒအတိုင်း အကောင်အထည်ဖော်ရေး၊ ကမ်းလွန်သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်မှု ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

❖ အမျိုးသားလွှတ်တော်မှ

သစ်တောမြေအတွင်း အချိန်ကာလ အတိုင်းအတာတစ်ခုအထိ ကျူးကျော်ဝင်ရောက် နေထိုင်မှုများနှင့်ပတ်သက်၍ အိမ်ခြေ(၅၀)နှင့်အထက် ရွာစု၊ အိမ်စုများကို ကျေးရွာသစ်အဖြစ် ဖွဲ့စည်းခွင့်ပြုရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးလျက်ရှိပါကြောင်း၊ သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့သည့် ကျေးရွာများသည် ပြည်ထဲရေးဝန်ကြီးဌာန အမည်မပေါက်သော ကျေးရွာများဖြစ်ပါက ကျေးရွာနယ်နိမိတ်ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း၊ အမည်ပြောင်းခြင်းတို့ကို ၂၀၀၈ ခုနှစ် အခြေခံဥပဒေ ပုဒ်မ ၅၄ နှင့်အညီ ကျေးရွာနယ်နိမိတ်ကို တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်၏ သဘောထားမှတ်ချက်ဖြင့် နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြ၍ အစိုးရက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ပြီးမှသာ မြေငှားဂရန်ထုတ်ပေးခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း။

အိမ်ရာတည်ဆောက်ရန် အခြားနည်း အသုံးပြုခွင့်ရရှိပြီးဖြစ်သည့် မြေသည် မြို့ သို့မဟုတ် ကျေးရွာ နယ်နိမိတ်အတွင်း တည်ရှိမှသာ လူနေထိုင်ရန်အတွက် မြေငှားဂရန်၊ မြေငှားစာချုပ်များ ထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ လယ်ယာမြေကို လူနေအိမ်ရာအပြင် စက်မှုလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အခြားနည်းအသုံးပြုခွင့်လျှောက်ထား၍ ခွင့်ပြုပါက အဆိုပါမြေကို နိုင်ငံတော်ထံမှ မြေငှားရန်အတွက် သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးထံ မြေငှားဂရန်လျှောက်ထားရယူပြီး နည်းလမ်းတကျ အသုံးပြုနိုင်ပါကြောင်း၊ နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများကို ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများတွင် အချိန်ကာလ သတ်မှတ်ချက်မရှိဘဲ မြေငှားဂရန်နှင့် မြေငှားစာချုပ်များကို လျှောက်ထားရယူနိုင်ပါကြောင်း။

မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်း လူနေအိမ်ရာများ၊ ဘာသာရေးအဆောက်အအုံနှင့် ပရဝုဏ်များ၊ စိုက်ပျိုးရေးအတွက် အသုံးမပြုသည့် မြေများတွင် အလား(၄)ရပ်ခိုင်မာမှုရှိပြီး အဆောက်အအုံများကို အခိုင်အမာဆောက်လုပ်၍ နှစ်ကာလ ရှည်ကြာစွာ နေထိုင်ခဲ့ခြင်းမှန်ကန်ပါက မြို့နယ်မြေစာရင်းဦးစီးဌာနတွင် မြေစာရင်းပုံစံ(၁၀၅)နှင့် လျှောက်ထားမြေ၏ မြေရာဇဝင်ကိုဖော်ပြသည့် မြေစာရင်းပုံစံ (၁၀၆)ရေးကူးခွင့် လျှောက်ထားရယူပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန် လျှောက်ထားနိုင်ပါကြောင်း။

မြေငှားဂရန် ခွင့်ပြုချထားခြင်းနှင့်ပတ်သက်၍ မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူများနှင့် ဌာနဆိုင်ရာများအကြား အုပ်ချုပ်မှုအားနည်းချက်များ၊ အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက် ပြည်သူလူထု၏ အကျိုးစီးပွားကို တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးရန် တိုင်းဒေသကြီး/ ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများသို့ ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာသည့် လူဦးရေအခြေအနေနှင့်အညီ မြို့ပြစီမံကိန်းများ သတ်မှတ်ဆောင်ရွက်မှုများမှအပ မြေငှားဂရန်စာချုပ်များကို စီမံချက်ချလုပ်ဆောင်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။ **(သတင်းစဉ်)**

အမျိုးသမီးများအား အကြမ်းဖက်မှုမှ တားဆီးကာကွယ်နိုင်ရေးအတွက် ဥပဒေပေါ်ပေါက်ရေး ဆောင်ရွက်နေ

ရန်ကုန် ဇူလိုင် ၇

အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုမှ တားဆီးကာကွယ်နိုင်ရေးအတွက် ဥပဒေကြမ်းတစ်ခုကို လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကျား၊ မ တန်းတူညီမျှရေး ကွန်ရက်(Gender Equality Network)တို့ ပူးပေါင်းရေးဆွဲနေကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က “အမျိုးသမီးများကြုံတွေ့နေရတဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာနဲ့ အကျိုးစီးပွားဆိုင်ရာ အကြမ်းဖက်မှုတွေအတွက် ကာကွယ်ပေးနိုင်မယ့် သီးသန့်ဥပဒေမူကြမ်းတစ်ခုလိုအပ်နေပါတယ်”ဟု ပြောသည်။ လက်ရှိတွင် ဥပဒေကြမ်းရေးဆွဲရာမှာ ပြည်ထဲရေးဝန်ကြီးဌာန၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအောက်ရှိ ဆက်စပ်ဌာနများနှင့်အတူ UN Women, UNDP, UNFDA တို့လည်းပါဝင်ကြောင်း ဦးအောင်ထွန်းခိုင်က ပြောသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ကုလသမဂ္ဂမှ ထုတ်ပြန်ထားသည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှုအားလုံး ပပျောက်ရေး သဘောတူစာချုပ် (CEDAW)တွင် ပါဝင်လက်မှတ် ရေးထိုးထားသည်။ သဘောတူစာချုပ်တွင် အမျိုးသမီးများ၏အခွင့်အရေးကို ထိခိုက်စေသောလုပ်ရပ်များကို တားဆီးကာကွယ်ရန် သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံအစိုးရများက ဆောင်ရွက်ပေးရမည်ဟု ဖော်ပြပါဝင်သဖြင့် ပြစ်ဒဏ်ချမှတ်နိုင်သည့် ဥပဒေဖြစ်ပေါ်လာစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာတွင် အပြီးရေးဆွဲနိုင်ရန် ကြိုးစားနေသည့် အသက်အရွယ်မရွေး၊ လူထုလူတန်းစားမရွေး အမျိုးသမီးများကို အကာအကွယ်ပေးမည့် အဆိုပါဥပဒေကြမ်းရေးဆွဲပြီးပါက ရှေ့နေချုပ်ရုံး၏ အကြံပြုချက်ရယူပြီး ထိုမှတစ်ဆင့် အစိုးရအဖွဲ့ရုံးနှင့် လွှတ်တော်အဆင့်ဆင့်သို့ တင်ပြသွားမည်ဟု ကျား၊ မ တန်းတူညီမျှရေးကွန်ရက် (Gender Equality Network)မှ ဒေါ်မေစပယ်ဖြူက ပြောကြားသည်။

(ထက်ထက်)

❒ မုန်းချောင်းမှ

တည်ထားသော စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီးအား ရှေးနှစ်ပေါင်းများစွာက ဘုရားဖူးငါးများသည် ဝါတွင်းသုံးလပတ်လုံး လာရောက်ဖူးမြော်ကြသည်။ စန္ဒကူးကျောင်းတော်ကြီးမှာ အလွန်ကြီးမားခန့်ထည်ပြီး ပြာသာဒ်ဆောင်ပေါင်း ၁၀၈ ဆောင်၊ လှေကားပေါင်း ၁၀၀ နှင့် ပြတင်းပေါက် ၁၀၆၀ ပါရှိကြောင်း လေ့လာသိရှိရသည်။

စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီးအရှေ့ဘက် ငါးဖလုံအကွာတွင် မုန်းချောင်းရှိသည်။ ဝါတွင်းသုံးလတွင် ရေပြည့်လျှံကာ ငါးများအတွက် သဘာဝသွားလမ်း၊ ပြန်လမ်းဖြစ်နေပါသည်။ မုန်းချောင်းကမ်းစပ်တွင် ပါးစပ်ကြီးများဟလျက် အစာတောင်းကြသော ဘုရားဖူးငါးကြီးများမှာ ကြိတ်ကြိတ်တိုးလျက်ရှိကြသည်။ ထိုငါးကြီးများသည် ဝါတွင်းသုံးလတွင် သက်သတ်လွတ်စားသဖြင့် မုန့်ပဲသွားရည်စာနှင့် ဖွဲနုဆုပ်၊ ထန်းသီးမုန့်၊ ပေါက်ပေါက်ဆုပ်များကိုသာ စားကြသည်။ အညှီအဟောက်အသားငါးပါသော မုန့်များကျွေးလျှင် လုံးဝမစားကြပေ။ ငါးများသည် ရေထဲ၌ ကူးခတ်ပျော်မြူးနေကြလျက် တစ်ဝါတွင်းလုံး မုန်းချောင်းထဲ၌ နေကြသည်။ ဘုရားဖူးငါးများကို ငါးထွေဟု သတ်မှတ်ရသော်လည်း မြစ်ထဲမှ ရိုးရိုးငါးထွေနှင့်မတူဘဲ ဘုရားဖူးငါးများက ခေါင်းပိုရှည်သည်။ ငါးအုပ်ထဲဆင်းကာ အစာကျွေးသော်လည်း ညီစော်နံခြင်းမရှိပါ။ ဘုရားဖူးငါးများသည် အခြားမျိုးကွဲငါးများမပါဝင်ဘဲ ငါးအားလုံး တစ်မျိုးတည်းဖြစ်သည်။ ဝါကျွတ်လျှင်ငါးများကို လုံးဝရှာမတွေ့တော့ပါ။ လာချိန်တန်လျှင်လာ၍ ပြန်ချိန်တန်လျှင် အားလုံးပြန်ကြသည်။

မုန်းချောင်းအတွင်း အစုန်၊ အဆန်သွားလာကြသော ဘုရားဖူးငါးများသည် အန္တရာယ်ကို ကြိုတင်သိရှိလေ့ရှိသည်။ သူတို့ဝင်ချိန်/ထွက်ချိန် မုန်းချောင်းအတွင်းပိုက်ချထားလျှင် ဆရာတော်ဘုရားထံ အိပ်မက်ပေး၍ တိုင်ကြားသည်။ ထိုအခါ ဆရာတော်ကိုယ်တိုင် မုန်းချောင်းအတွင်း လှေတစ်စင်းဖြင့် စုန်ဆင်းလျက် ပိုက်များကို ဖယ်ရှားပေးခဲ့ရသည်။ ထို့ကြောင့် နှစ်စဉ်ဝါဝင်ချိန်၊ ဝါထွက်ချိန် သတ်မှတ်၍ ဝါဆိုလဆန်း ၈ ရက်မှ လပြည့်ကျော် ၈ ရက်အထိနှင့် သီတင်းကျွတ်လဆန်း ၈ ရက်မှ လပြည့်ကျော် ၈ ရက်အထိ ဧရာဝတီမြစ်ဝမှ ဘုရားအထက် ဝတ္တကနယ်မြေအဆုံးအထိ မုန်းချောင်းအတွင်း ပိုက်မချရန် ဥပဒေဖြင့် တားမြစ်ပိတ်ပင်ခဲ့ရသည်။ ရေလုပ်သားတံငါသည်များသည် ဘုရားငါးများမိလျှင် ပြန်လွှတ်ပေးကြသည်။ ဘုရားငါးကို သတ်မိလျှင် လေ့ရောပိုက်ပါပြုတ်၍ ဆင်းရဲမွဲတေသည်ဟု ယုံကြည်ကြသည်။

အချုပ်ဆိုရသော် မြတ်စွာဘုရားနှင့် ရဟန္တာ ၅၀၀ တို့ ခုနစ်ရက်သီတင်းသုံးခဲ့သော စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားသို့ ဝါတွင်းသုံးလပတ်လုံး နှစ်စဉ်လာရောက်ကြသော ငါးများသည် သာမန်ငါးများမဟုတ်ဘဲ ဘာသာရေးအထုံ အဆက်ကြီးမားသော သူတော်ကောင်းငါးများဖြစ်ကြ၍ ဝါဆိုလပြည့်နေ့မှစ၍ ဘုရားဖူးရင်း၊ ငါးစာကျွေးရင်း ကုသိုလ်ယူကြသော အနယ်နယ်အရပ်ရပ်မှ ပြည်သူများနှင့် စည်ကားလျက်ရှိသည်။

(မကွေးလှမြင့်)

❖ ကျောဖုံးမှ

တတိယအဆင့်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ပြီး ကွာတားဖိုင်နယ်သို့ ရတနာပုံ၊ မကွေး၊ ဧရာဝတီ၊ ဟံသာဝတီ၊ ဇွဲကပင်နှင့် ချင်းယူနိုက်တက်တို့ တက်ရောက်နိုင်ခဲ့သည်။ ကွာတားပွဲစဉ်များအဖြစ် ဇူလိုင် ၁၉ ရက်တွင် ရန်ကုန်နှင့် ရတနာပုံ၊ နေပြည်တော်နှင့် မကွေး၊ ဇူလိုင် ၂၀ ရက်တွင် ဇွဲကပင်နှင့် ဧရာဝတီ၊ ဟံသာဝတီနှင့် ချင်းယူနိုက်တက်တို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်များ၏ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးညှိနှိုင်း

ကျောက်ဆည် ဇူလိုင် ၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ တံတားဦးမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် မြစ်သားမြို့နယ်အတွင်းရှိ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားလိုအပ်ချက်များ ဆွေးနွေးညှိနှိုင်းပွဲကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက ကျောက်ဆည်မြို့ မြင်စိုင်းခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီး ဦးမြင့်သန်းနှင့် ဦးသန်းစိုးမြင့်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့ တက်ရောက်ခဲ့ပြီး မြို့နယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားလိုအပ်ချက်၊ တင်ပြဆွေးနွေးချက်များအပေါ် ခင်မင်ရင်းနှီးစွာ အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာမြို့ဟောင်းနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ဒေသခံများအား ရှင်းလင်း

နေပြည်တော် ဇူလိုင် ၇

(၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် အတည်ပြုသတ်မှတ်ခံရသည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူရှေးမြို့ဟောင်းများနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် ပညာရှင်များက ဇူလိုင် ၄ ရက်နှင့် ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခေတ္တရာ ရတနာမြို့တော်ခန်းမ၌ လည်းကောင်း၊ သရေခေတ္တရာမြို့ဟောင်း မှော်ဇာ အထက်တန်းကျောင်းခွဲ၌ လည်းကောင်း၊ ခေတ္တရာမြို့သစ်ရွှေတံခါးအစိုးရအထက်တန်းကျောင်းခွဲ၌ လည်းကောင်း ပြည်ခရိုင်အုပ်ချုပ်ရေးမှူး၊ မကွေးခရိုင်အုပ်ချုပ်ရေးမှူး၊ ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူးနှင့် ပြည်ခရိုင် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ပျူရှေးမြို့ဟောင်းများသည် ဘီစီ ၂၀၀ မှ အေဒီ ၉၀၀ အတွင်း အဦးအစမြို့ပြယဉ်ကျေးမှုထွန်းကားခဲ့ခြင်း၊ ဘာသာတရား၊ စာပေ၊ အနုပညာ၊ အတတ်ပညာ၊ အသိပညာ၊ ဆင်ခြင်တုံတရားနှင့်အတူ ယဉ်ကျေးမှုအဆင့်မြင့်မားခြင်း၊ အရှေ့တောင်အာရှဒေသတွင် အရေးပါသောမြို့ပြ (City)အဖြစ် ရှားပါးစွာကျန်ရှိနေခြင်း စသည်တို့ကို ညွှန်ပြသည့် အထောက်အထားများဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များစွာတည်ရှိသည့်အနက် ပျူရှေးဟောင်းမြို့များကို ကမ္ဘာ့အမွေအနှစ်အဖြစ် ဦးစွာတင်သွင်းရခြင်းမှာ တူးဖော်တွေ့ရှိပြီးဖြစ်သည့် အထောက်အထားများအပေါ် ပြည်တွင်း ပြည်ပဘာသာရပ်ဆိုင်ရာပညာရှင်များ၏ သုတေသနမှတ်တမ်းများ လုံလောက်စွာရှိခြင်းနှင့် မြေပေါ်မြေအောက်ကြွင်းကျန်ခိုင်မာစွာ တည်ရှိနေခြင်း၊ ထိုခေတ်ထိုကာလကို ကိုယ်စားပြုနိုင်သည့် စစ်မှန်မှုရှိခြင်းစသည့် အထောက်အထားများအရ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်အဖြစ် စာတွဲများရေးသားပြုစု တင်သွင်းနိုင်ရေးအတွက် UNESCO မှ ကျွမ်းကျင်ပညာရှင်များနှင့် ပြည်တွင်းပညာရှင်များသည် ၂၀၁၁ ခုနှစ်မှစ၍ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်တွင်း ပြည်ပတွင် ပြုလုပ်သည့် ညီလာခံများ၊ ဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် ဆည်းပူးလေ့လာ အကြံဉာဏ်များ ရယူဆောင်ရွက်ခဲ့ရပါကြောင်း၊ မြို့ဟောင်းများ၏ ယဉ်ကျေးမှုဖြစ်ပေါ်ပြောင်းလဲမှု၊ သက်သေအထောက်အထားခိုင်လုံမှု၊ ရှေးဟောင်းအမွေအနှစ် ပုံသဏ္ဌာန်ပေါ်လွင်မှုတို့သည် ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်များနှင့် ကိုက်ညီသဖြင့် လည်းကောင်း၊ ဆက်လက်ဆောင်ရွက်ရမည့် စီမံခန့်ခွဲမှုအစီအစဉ်များ စနစ်တကျ ရေးဆွဲထားရှိပြီးဖြစ်သဖြင့် လည်းကောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် ကာတာနိုင်ငံ ဒိုဟာမြို့တွင် ဇွန်လအတွင်း ပြုလုပ်ခဲ့သည့် (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ အစည်းအဝေးက အတည်ပြုသတ်မှတ်ခဲ့ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ပြီးနောက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များလည်း ကျန်ရှိနေသေးပါကြောင်း၊ ၂၀၁၆ ခုနှစ် အကြိမ် (၄၀) မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ အစည်းအဝေးမတိုင်မီ သတ်မှတ်ချက်များ ပြီးစီးအောင် ဆောင်ရွက်ရာတွင် ဒေသခံများက မိမိတို့နှင့်အတူ ဝိုင်းဝန်းလက်တွဲပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူရှေးဟောင်းမြို့များနှင့် စပ်လျဉ်း၍ အသိပညာပေးခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များအတွက် CB Bank က အလှူငွေကျပ်သိန်း ၂၀၀၊ စိမ်းလန်း ကမ္ဘာကုမ္ပဏီလီမိတက်နှင့် စိမ်းလန်းစိုပြည် ဂါးဒင်းမိသားစုက အလှူငွေကျပ် ၁၀ သိန်း၊ Avenue 64 ကုမ္ပဏီလီမိတက် Balance Fitness Centre (ရန်ကုန်) က အလှူငွေကျပ် ၁၀ သိန်း၊ သရေခေတ္တရာအမွေအနှစ် စောင့်ရှောက်ရေးအဖွဲ့၊ ပြည်မြို့ ဦးမြင့်ထွန်းလတ် (ညွှန်မှူး/ဆမ)နှင့်ဇနီး ဒေါ်ဝါဝါတင့် မိသားစုတို့က အလှူငွေကျပ် ငါးသိန်းစီ ပေးအပ်လှူဒါန်းသည်။

ဇူလိုင် ၆ ရက်တွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သီရိခေတ္တရာပြတိုက်၊ သရေခေတ္တရာမြို့ဟောင်းအတွင်းရှိ မြို့ရိုး၊ မြို့ဝင်ပေါက်များနှင့် စေတီပုထိုးများ၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
Union Civil Service Board
နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများမှ ကောက်နုတ်ချက်

၁။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၆-၃-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၄ ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ အဆိုပါနေ့မှစတင်၍ အာဏာတည်ပါသည်။

၂။ ဝေးလံခေါင်သီသောဒေသများနှင့် ခရီးလမ်းပန်းဆက်သွယ်မှုခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် ဝန်ထမ်းအခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်အလို့ငှာ အဆိုပါနိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက်မှ ဝန်ထမ်းများသိရှိသင့်သည့်အချက်များကို ကောက်နုတ်၍ ဖော်ပြခြင်းဖြစ်ပါသည်။

ဝန်ထမ်းများခန့်ထားခြင်းနှင့် ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခြင်း

၃။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း(၃)တွင် ဝန်ထမ်းများခန့်ထားခြင်းနှင့် ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ နည်းဥပဒေ ၁၄ မှ နည်းဥပဒေ ၂၅ အထိ သတ်မှတ်ပြဋ္ဌာန်းထားရှိရာ ယင်းတို့အနက် အောက်ဖော်ပြပါ နည်းဥပဒေအချို့ကို ထုတ်နုတ်၍ ဖော်ပြအပ်ပါသည်-

နည်းဥပဒေ ၁၅။ အောက်ပါရာထူးအဆင့်များကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းများက ပြင်ပပုဂ္ဂိုလ်များအား စတင်ခန့်အပ်နိုင်သည်-

(က) အကူဝန်ထမ်းအဆင့်(၁)၊
(ခ) စာရေးဝန်ထမ်းအဆင့်(၁)၊
(ဂ) ကျွမ်းကျင်ဝန်ထမ်းအဆင့်(၁)နှင့် အဆင့်(၄)၊
(ဃ) ပညာရှင်အဆင့်(၁)၊ အဆင့်(၂)နှင့် အဆင့်(၃)၊
(င) စီမံခန့်ခွဲရေးဝန်ထမ်း(စီးပွားရေး)အဆင့်(၁)၊
(စ) စီမံခန့်ခွဲရေးဝန်ထမ်း(အုပ်ချုပ်ရေး၊ လူမှုရေး) အဆင့်(၁)။

နည်းဥပဒေ ၂၃။ (က) ဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်းတစ်ခုခုမှ ပြန်တမ်းဝင်အရာရှိတစ်ဦးဦးကို အခြားဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်းတစ်ခုသို့ ပြောင်းရွှေ့ခန့်ထားလိုပါက သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံလျှင် သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းသည် ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းရမည်။

(ခ) ရာထူးဝန်အဖွဲ့သည် နည်းဥပဒေခွဲ(က)အရ ညှိနှိုင်းချက်ကို စိစစ်ပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(၁) သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတို့ ညှိနှိုင်းလျက် အရာထမ်းကို ပြောင်းရွှေ့ခေါ်ယူလိုသော ဝန်ကြီးဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပြောင်းရွှေ့ရန် ကိုယ်တိုင်ဆန္ဒပြုသည့် အရာထမ်း၏ ဝန်ကြီးဌာန၊ အဖွဲ့အစည်းက သဘောထားတောင်းခံခြင်း၊

(၂) ရာထူးဝန်အဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှတစ်ဆင့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုခံယူခြင်း၊ တင်ပြခြင်း၊

(၃) နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ရရှိလျှင် အရာထမ်းကို ပြောင်းရွှေ့ခေါ်ယူလိုသော ဝန်ကြီးဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပြောင်းရွှေ့ရန် ကိုယ်တိုင်ဆန္ဒပြုသည့် အရာထမ်း၏ ဝန်ကြီးဌာန၊ အဖွဲ့အစည်းက အမှာစာပြုစု၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြပြီး အတည်ပြုချက်ရယူခြင်း။

နည်းဥပဒေ ၂၄။ ရာထူးဝန်အဖွဲ့သို့ သဘောထားတောင်းခံညှိနှိုင်းရာတွင် အောက်ပါစာရွက်စာတမ်းများ ပြည့်စုံစွာပါရှိရမည်-

(က) ပြောင်းရွှေ့မည့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတို့၏ အကြီးအမှူးကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် အမှာစာ၊
(ခ) ပြောင်းရွှေ့မည့်ဝန်ထမ်း၏ အချက် ၅၃ ချက်ပါ ကိုယ်ရေးမှတ်တမ်းပုံစံတစ်စုံ၊ ပုံစံ(၁)
(ဂ) ဌာနကူးပြောင်း တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းသည် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုကျူးလွန်ခဲ့ဖူးခြင်းရှိ မရှိ မှတ်တမ်း၊
(ဃ) ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိများ ပြောင်းရွှေ့ခန့်အပ်လိုမှုအတွက်-
(၁) တာဝန်ထမ်းဆောင်ဆဲအရာရှိဖြစ်ပါက စစ်ရေးချုပ်ရုံး၏ ပြစ်မှုကင်းရှင်းခြင်းရှိ မရှိ မှတ်တမ်း၊
(၂) အငြိမ်းစားယူပြီးသူ အရာရှိဖြစ်ပါက စစ်ရေးချုပ်ရုံး၏ ပြစ်မှုကင်းရှင်းခြင်း ရှိ၊ မရှိ မှတ်တမ်းနှင့် စစ်ရာထူးခန့်ချုပ်ရုံးမှ အရာရှိနှင့်ပတ်သက်၍ နောက်ဆုံးထုတ်ပြန်ခဲ့သော စစ်ရာထူးခန့်အမိန့်။
(င) ပြောင်းရွှေ့လာမည့် အရာထမ်းကို မည်သည့်အဆင့်ရာထူး၊ လစာနှုန်းထားတွင် တာဝန်ပေး ခန့်အပ်မည်ဖြစ်ကြောင်းနှင့် ဖွဲ့စည်းပုံတွင် နေရာလစ်လပ်မှု ရှိ မရှိ လက်ခံရယူမည့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း၏ အမှာစာ၌ ဖော်ပြချက်။

မှတ်ချက်။ (၁) နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြရမည်ဖြစ်သဖြင့် နည်းဥပဒေခွဲ(က)တွင် ဖော်ပြပါအမှာစာတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူးတို့ ကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။

(၂) နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ လွှတ်တော်ရုံးတို့၏ ဌာနကူးပြောင်းရေးကိစ္စရပ်များဖြစ်ပါက ညွှန်ကြားရေးမှူးချုပ်အဆင့်ထက် မနိမ့်သူ သို့မဟုတ် သက်ဆိုင်ရာအကြီးအမှူး၏ အခွင့်အာဏာလွှဲအပ်ထားသူက အမှာစာတွင် လက်မှတ်ရေးထိုးနိုင်သည်။

နည်းဥပဒေ ၂၅။ ရာထူးဝန်အဖွဲ့သည် နည်းဥပဒေ ၂၄ အရ ညှိနှိုင်းအဆိုပြုချက်များအပေါ် အသေးစိတ်စိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဆက်လက်ထောက်ခံတင်ပြခြင်း သို့မဟုတ် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံခြင်းမရှိသော ကိစ္စများတွင် ငြင်းပယ်ခြင်းပြုနိုင်သည်။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအနက် အခြားသိရှိသင့်သည့်အချက်များကို ဆက်လက်ဖော်ပြသွားပါမည်။

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ) ဒုတိယနေ့ကျင်းပ

ရန်ကုန် ဇူလိုင် ၇

၂၀၁၄ ခုနှစ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ) ကို ဆက်လက်ကျင်းပလျက်ရှိရာ ဒုတိယနေ့အစီအစဉ်များကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

နှီးနှောဖလှယ်ပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ အကြံပေးအဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များနှင့် ပညာရေးကောလိပ်ကျောင်းအုပ်ကြီးများ၊ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ဝင်များနှင့် နှီးနှောဖလှယ်ပွဲကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက e-Government အစီအစဉ်နှင့်အတူ ပညာရေးကဏ္ဍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန်အတွက် ပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်တိုင်းတွင် အင်တာနက်ချိတ်ဆက်ကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ သုတေသနနှင့် ပညာရေးတွင် အင်တာနက်ကို တွင်တွင်ကျယ်ကျယ်အသုံးပြုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် သက်ဆိုင်ရာ ဘာသာရပ်ဌာနအသီးသီးတွင် လည်းကောင်း၊ ကျောင်းသား ကျောင်းသူများအတွက် စာသင်ခန်းနှင့် အဆောင်များတွင် လည်းကောင်း အင်တာနက်အမြန်ဆုံးရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဝေးသင်တက္ကသိုလ်နှင့် ပညာရေးတက္ကသိုလ်တို့ ပူးပေါင်း၍ ဆရာ အတတ်သင်ပညာရေးကို e-Learning စနစ်ဖြင့် စတင်ပို့ချရန် စီစဉ်နေပြီဖြစ်ကြောင်း၊ ပညာရေးတက္ကသိုလ်များနှင့် ပညာရေးကောလိပ်များတွင် ဆရာ ဆရာမများ ICT ကို ကျွမ်းကျွမ်းကျင်ကျင် ပိုင်ပိုင်နိုင်နိုင်ရှိစေရေး အတွက် ICT ဘာသာရပ်များကို အလေးထားသင်ကြားပေးရမည်ဖြစ်ကြောင်း၊ အခြေခံပညာကဏ္ဍတွင် လည်း ဆရာများနှင့် ကျောင်းသားများ Learning Centre များတွင် ICT နည်းပညာ ပိုမိုအသုံးပြုသင်ယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ဤအစီအစဉ်များဖြင့် အင်တာနက်နှင့် ICT အသုံးပြု၍ သင်ကြားသင်ယူမှုစနစ်ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန် မှာကြားသည်။

အစီအစဉ်အရ ယမန်နေ့က အုပ်စုလိုက်ဆွေးနွေးရရှိချက်များကို တင်ပြခြင်းနှင့် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုခြင်း၊ ထောက်ခံရရှိလာသည့် အချက်များကို အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ် အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေမည်။

သက်တမ်းလွန်ယာဉ်အိုယာဉ်ဟောင်းများ၊စက်မှုဇုန်ထုတ်ယာဉ်များနှင့် သုံးဘီးယာဉ်များ ဖျက်သိမ်း၍ အစားထိုး တင်သွင်းခွင့်ပြုမည်

ယခင်က ပြည်ပမှမော်တော်ကား တင်သွင်းရာတွင် ကန့်သတ်ချက်များကြောင့် တင်သွင်းရန်ခက်ခဲပြီး မော်တော်ကားဈေးနှုန်းမှာ အလွန်အမင်းမြင့်မားခဲ့ပါသည်။ ယခု အစိုးရသစ်ကာလတွင် ပြည်ပမှမော်တော်ကားတင်သွင်းသည့် မူဝါဒဖြေလျှော့မှုများကြောင့် လွယ်ကူစွာတင်သွင်းနိုင်ခဲ့ပြီး ဈေးနှုန်းများသည်လည်း ပျမ်းမျှအားဖြင့် ငါးဆကျော်လျှော့နည်းကျဆင်းခဲ့ပါသည်။ မော်တော်ယာဉ်များတင်သွင်းရာတွင် ယာဉ်အိုယာဉ်ဟောင်းပိုင်ဆိုင်သူများသည် ဆန္ဒအရ ဖျက်သိမ်းပါက သင့်တင့်လျောက်ပတ်သော မော်တော်ကားအစားထိုးဝယ်ယူနိုင်ရေးအတွက် တင်သွင်းယာဉ်အပေါ် သတ်မှတ်ရာခိုင်နှုန်းများ လျှော့ချကောက်ခံဆောင်ရွက်ခဲ့သည့် စနစ်လည်းပါဝင်ပါသည်။

သက်တမ်းကာလ ကြာမြင့်ယာဉ်များသည် ယာဉ်ကြွခိုင်မှုအားနည်း၍ အန္တရာယ်ဖြစ်စေနိုင်ခြင်း၊ လောင်စာဆီ သုံးစွဲမှုမြင့်မား၍ ငွေကြေးကုန်ကျမှုများပြားခြင်း၊ ယာဉ်များမှထွက်သော မီးခိုးငွေ့များကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီး၍ လူအများအတွက် ဘေးဥပဒ်ဖြစ်စေနိုင်ခြင်း၊ မကြာခဏပျက်စီးမှုကြောင့် ပြုပြင်ရခြင်း၊ စက်ကိရိယာ အစိတ်အပိုင်းများ ရှားပါး၍ ဈေးနှုန်းကြီးမြင့်ခြင်း စသည့် ဆိုးကျိုးများကြောင့် ယာဉ်ပိုင်ရှင်၏ ဆန္ဒအရ မှတ်ပုံတင် ဖျက်သိမ်းလိုလျှင် ခွင့်ပြုပြီး သင့်လျော်သောယာဉ်ဖြင့် အစားထိုးဝယ်ယူသုံးစွဲစေသည့်စနစ် ကျင့်သုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်အိုယာဉ်ဟောင်းအပ်နှံ၍ အစားထိုးတင်သွင်းရာ၌ ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခအား လျှော့ပေါ့ကောက်ခံခြင်းသည် အဆိုပါ ယာဉ်အိုယာဉ်ဟောင်းပိုင်ရှင်များအား သင့်တင့်သောယာဉ် ပြန်လည်ပိုင်ဆိုင်စေရန်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သော်လည်း ယခုအခါ အပ်နှံစလစ်အပေါ် စီးပွားရေးသမားများမှ ဈေးကွက်သဖွယ် ကိုယ်ကျိုးစီးပွားအတွက် လုပ်ကိုင်ဆောင်ရွက်နေခြင်းနှင့် ထိုသို့ဆောင်ရွက်မှုအပေါ် တားဆီးရန်လိုအပ်ခြင်း၊ အချို့ဖျက်သိမ်းရန်မလိုအပ်သော ယာဉ်များအား ငွေကြေးအမြတ်အစွန်းရယူလိုမှုကြောင့် ဖျက်သိမ်းဆောင်ရွက်နေခြင်း၊ ဖျက်သိမ်းခွင့်မရရှိသေးသည့် အန္တရာယ်ဖြစ်နိုင်သောအနေအထားရှိသည့် စက်မှုဇုန်ယာဉ်များ၊ သုံးဘီးယာဉ်များအားလည်း ဖျက်သိမ်း၍ အစားထိုးရန်လိုအပ်ခြင်း စသည့်အခြေအနေများကြောင့် သက်တမ်းလွန်ယာဉ်အိုယာဉ်ဟောင်းများနှင့် စက်မှုဇုန်ယာဉ်များ၊ သုံးဘီးယာဉ်များနှင့် ပတ်သက်၍ အောက်ပါအတိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိပါသည်-

-ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကောက်ခံခြင်းအပေါ် "စ"မှ "ပ" အက္ခရာအထိ အပ်နှံယာဉ်များ ၄၀ ရာခိုင်နှုန်း၊ "ဗ" အက္ခရာမှစ၍ "၂က" အက္ခရာအထိ အပ်နှံယာဉ်များ ၆၀ ရာခိုင်နှုန်း၊ လေလံပြန်လည်မှတ်ပုံတင်ယာဉ်များ ၆၀ ရာခိုင်နှုန်း၊ Taxi အငှားယာဉ်များ(ရာသက်ပန် Taxi အဖြစ်သာ မှတ်ပုံတင်ရခြင်း) ၈၀ ရာခိုင်နှုန်းလျှော့ပေးခြင်းကို ၂၀၁၄ ခုနှစ် အတွင်းသာ ဆက်လက်ဆောင်ရွက်ခွင့်ပြုမည်၊

(၁-၉-၂၀၁၄) ရက်မှစ၍ အထက်ဖော်ပြပါ ယာဉ်များမှအပ မည်သည့်အက္ခရာမဆို မော်တော်ယာဉ်ထုတ်လုပ်သည့်ခုနှစ်ပုံစံ အနှစ်(၂၀) ကျော်ယာဉ်များဖျက်သိမ်းအစားထိုးတင်သွင်းလျှင် ၂၀ ရာခိုင်နှုန်းသာ လျှော့ပေါ့ ဆောင်ရွက်ခွင့်ပြုမည်၊

(၁၄-၇-၂၀၁၄)ရက်မှစ၍ ပြည်တွင်းစက်မှုဇုန်ထုတ် ယာဉ်များအား ဖျက်သိမ်းခွင့်ပြု၍ အစားထိုးယာဉ်တင်သွင်းရာတွင် CIF ၁၅၀၀၀ US$ နှင့် အောက်ယာဉ်ကိုသာ တင်သွင်းခွင့်ပြုပြီး ၂၀ ရာခိုင်နှုန်းသာ လျှော့ပေါ့ဆောင်ရွက်ခွင့်ပြုမည်၊

(၁-၈-၂၀၁၄) ရက်မှစ၍ သုံးဘီးယာဉ် (သုံးဘီးဆိုင်ကယ်မပါ)များအား ဖျက်သိမ်းခွင့်ပြု၍ အစားထိုးယာဉ်တင်သွင်းရာတွင် သုံးဘီးယာဉ်တင်သွင်းပါက ၄၀ ရာခိုင်နှုန်း လျှော့ပေါ့ခြင်း။ အကယ်၍ မော်တော်ယာဉ်အစားထိုး တင်သွင်းလျှင် ယာဉ်တန်ဖိုးCIF ၁၀၀၀၀ US$ ထက်လျှော့နည်းသည့်အင်ဂျင်ပါဝါ ၁၃၅၀ စီစီနှင့်အောက်လူစီးယာဉ်များကိုသာ တင်သွင်းခွင့်ပြုပြီး ၂၀ ရာခိုင်နှုန်း လျှော့ပေါ့ဆောင်ရွက်ခွင့်ပြုမည်၊

(၁-၈-၂၀၁၄) ရက်မှစ၍ ယာဉ်တိုက်ခိုက်မှုကြောင့်ပျက်စီးသွားသောယာဉ်များ၊ မီးလောင်ပျက်စီးယာဉ်များ၊ သဘာဝဘေးဒဏ်ကြောင့် အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်သည့်အခြေအနေမရှိသောယာဉ်များ ဖျက်သိမ်းခွင့် လျှောက်ထားလျှင် ခွင့်ပြု၍ ဖျက်သိမ်းသည့်ယာဉ်နှင့် CIF တန်ဖိုးတူညီသည့် ယာဉ်ကိုသာတင်သွင်းခွင့်ပြုပြီး ၁၀ ရာခိုင်နှုန်း လျှော့ပေါ့ခွင့်ပြုမည်။ (စက်မှုဇုန်ထုတ်နှင့် သုံးဘီးယာဉ်များ ယာဉ်တိုက်မှုဖြစ်ပွားပြီးအပ်နှံလျှင် အထက်တွင် ဖော်ပြထားသည့် သတ်မှတ်ခွင့်ပြုမည့် ယာဉ်သာ တင်သွင်းခွင့်ပြုပြီး ၁၀ ရာခိုင်နှုန်း လျှော့ပေါ့ဆောင်ရွက်ခွင့်ပြုမည်။)

(၁-၁-၂၀၁၅) ရက်မှစ၍ ယာဉ်ဟောင်းအပ်နှံပြီး အစားထိုးတင်သွင်းသည့် ယာဉ်အမျိုးအစား အားလုံးကို ရာခိုင်နှုန်းလျှော့ပေါ့ပေးခြင်း မပြုလုပ်တော့ဘဲ အစားထိုး တင်သွင်း/ဝယ်ယူခွင့်ကိုသာဆောင်ရွက်ခွင့်ပြုမည်။

ကုန်းလမ်းပို့ဆောင်ရေး
ညွှန်ကြားမှုဦးစီးဌာန

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့။

ပညာရေးဝန်ကြီးဌာန

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှိုးဆော်

နေပြည်တော်　ဇူလိုင်　၇

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေးပြက္ခဒိန်ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ၂၀၁၄ ခုနှစ် ဇူလိုင် ၁၃ ရက်ကို ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် သတ်မှတ်ထားပြီးဖြစ်သဖြင့် အဆိုပါနေ့ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအလိုက် ကျောင်းအုပ်ကြီးများ၏ ဦးဆောင်မှုဖြင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပြည့်အဝ ပူးပေါင်းဆောင်ရွက်ကြရန် သက်ဆိုင်ရာမှ နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥတု
ရာသီ
တောကို
မှီ၏

စာသင်ကျောင်းရှေ့ ရေမြောင်းကျော်တံတား အသစ်ပြန်လည် တည်ဆောက်

ဟိုင်းကြီးကျွန်း ဇူလိုင် ၇

ဟိုင်းကြီးကျွန်းမြို့ အမှတ် (၃) အထက(ခွဲ) အဏ္ဏဝါကျောင်းရှေ့ရှိ ရေမြောင်းကျော်တံတားကို ဇူလိုင် ၅ ရက်က ဒေသခံပြည်သူ ဦးအင်းလေး၏ ကြီးပမ်းဆောင်ရွက်မှုဖြင့် တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

ရေမြောင်းကျော်တံတားမှာ အလျားပေ ၂၀၊ အနံ သုံးပေခွဲရှိပြီး သံကူကွန်ကရစ်အမျိုးအစားဖြစ်ကြောင်းနှင့် တံတားတည်ဆောက်မှု ကိစ္စအဝဝကို စိတ်ပါဝင်စားသူ အလှူရှင်များနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ခဲ့ကြောင်း ဦးအင်းလေး၏ ပြောကြားချက်အရ သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြေကွက်ရောင်းမည်

ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ တော်ဝင်ရတနာလမ်းနှင့် ပဒုမ္မာ(၂)လမ်းထောင့်၊ ပေ(၃၀၀×၁၆၀)။

ဖုန်း-၀၉-၈၃၀၀၄၅၃၊ ၀၆၇-၄၃၂၃၁၆

ရောင်းရန်ရှိသည်

County Bus(City,Tour) ကားများ ရောင်းရန်ရှိသည်။

ဆက်သွယ်ရန်
ဖုန်း-၀၉-၄၃၀၉၀၀၃၅၊ ၀၉-၄၂၁၁၀၀၆၉၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထား ပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများ ပြန်လည်စတင်တူးဖော်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

ကြေညာချက်(၄/၂၀၁၄)

၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်၊ ၂၀၁၄ခုနှစ် ဇူလိုင်လ ၇ရက်

၁။ ကချင်ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သောအခြေအနေများအရ လုံးခင်း၊ ဖားကန့်ရတနာမြေ၊ မော်လူး-မော်ဟန်ရတနာမြေနှင့် ခန္တီးရတနာမြေတို့ အတွင်း ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများကို ၃၁-၅-၂၀၁၂ရက်မှစတင်၍ ယာယီရပ်နားခဲ့ပါသည်။

၂။ ယခုအခါတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီနှင့် ကေအိုင်အို၊ ကေအိုင်အေအဖွဲ့တို့ နှစ်ဦးနှစ်ဖက်ညှိနှိုင်း ဆောင်ရွက်မှုကြောင့် ပဋိပက္ခ ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းနိုင်ခဲ့ပြီး ပဋိပက္ခများ ဖြေရှင်းနိုင်ခဲ့ပါသည်။ နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်ရန် ဆွေးနွေးညှိနှိုင်းလျက်ရှိပြီး ကချင်ပြည်နယ်တွင် အေးချမ်းတည်ငြိမ်မှုများ ရရှိလျက်ရှိပါသည်။

၃။ ထို့အတွက် တိုင်းရင်းသားဒေသခံပြည်သူများ၏ လူမှုဘဝအခြေအနေများ မြင့်မားတိုးတက်စေရန် ရည်ရွယ်၍ ကျောက်စိမ်းတူးဖော်မှုလုပ်ငန်း များကို ၁-၉-၂၀၁၄ ရက်မှစတင်၍ ပြန်လည်တူးဖော်ခွင့်ပြုမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၁)၊ ဒသမတန်း (I)မှ ဦးလာငန်၏ သမီးအမည်မှန်မှာ မထာမျိုး(ခ)မျိုးသီတာ[၅/လဟန(နိုင်)၀၂၀၄၀၇] ဖြစ်ပါသည်။

စာအုပ်စာပေ လူ့မိတ်ဆွေ

ရန်ကုန်မြို့တွင်း ကင်တာကားမောင်းရန် ယာဉ်မောင်းတစ်ဦး အလိုရှိသည်။

ဖုန်း-၀၉-၄၅၀၀၁၁၂၅၃

ပြည်တွင်းရေးရာ

မန္တလေးဈေးချိုတော်ဈေးဆိုင်ခန်းများ ပုံမှန်အတိုင်းပြန်လည်ဖွင့်လှစ် နယ်ဈေးဝယ်သူများနည်း၍ အရောင်းအဝယ်အေး

မန္တလေး ဇူလိုင် ၇

မန္တလေးမြို့၌ ဇူလိုင် ၁ ရက် ညပိုင်းက ပဋိပက္ခများ စတင်ဖြစ်ပွားပြီး ဇူလိုင် ၂ ရက်တွင် အကြမ်းဖက် ဖြစ်စဉ်များ ဖြစ်ပွားခဲ့ခြင်း၊ ဈေးချို ဝန်းကျင် လုံခြုံရေးများ လက်နက် အပြည့်အစုံဖြင့် စောင့်ကြပ်နေခြင်း၊ လမ်းအချို့ ပိတ်ဆို့ကာရံထားခြင်း၊ ဈေးချို၌ ပုံးတွေ့သည်ဆိုသော ကောလာဟလသတင်းများကြောင့် ဇူလိုင် ၂ ရက်နှင့် ၃ ရက်တွင် ဈေးဆိုင်ခန်းများ ပိတ်ထားခဲ့ကြသည်။ ဇူလိုင် ၄ ရက်၌ (ဥပုသ်နေ့)တွင် ပုံမှန် ဈေးပိတ်ခဲ့သည်။ ဇူလိုင် ၅ ရက်တွင် ပုံမှန်ဈေးဖွင့်သော်လည်း ဇူလိုင် ၄ ရက် မွန်းလွဲပိုင်းတွင် တုတ်၊ ဓားကိုင် လှည့်လည်မှုဖြစ်စဉ်များကြောင့် ထိတ်လန့်ပြီး ဈေးဆိုင်အချို့ ပိတ်ခဲ့ကြသည်။ ဇူလိုင် ၆ ရက်တွင် အခြေအနေများတည်ငြိမ်လာပြီး ဈေးဆိုင်ခန်းများ ပုံမှန်ဖွင့်လှစ်ခဲ့သော်လည်း နယ်ဈေးဝယ်များ ကောလာဟလသတင်းများကြောင့် မန္တလေးသို့ မလာရဲဘဲ ဈေးချိုတော်တွင်လည်း အရောင်းအဝယ် အေးစက်လျက်ရှိသည်။

မန္တလေးမြို့တွင် ဇူလိုင် ၃ ရက်မှ စတင်ကာ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားပြီး ည ၉ နာရီမှ နံနက် ၅ နာရီအထိ ညမထွက်ရအမိန့် ထုတ်ထားရာ ဈေးသူ ဈေးသားများ သွားလာမှု အဆင်ပြေစေရေး ဈေးဖွင့်ချိန်၊ ပိတ်ချိန်ကိုလည်း ယာယီပြောင်းလဲထားသည်။ ယခင် နံနက် ၇ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဈေးဖွင့်ခဲ့သော်လည်း ဇူလိုင် ၅ ရက်မှ စတင်ကာ နံနက် ၈ နာရီမှ ညနေ ၄ နာရီသို့ ပြောင်းလဲခဲ့ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

၂၀၁၄ ခုနှစ် ၁၃၇၅ ဓမ္မာစရိယစာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၇

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၄ ခုနှစ်အတွက် ကျင်းပပြီးစီးခဲ့သော ဓမ္မာစရိယ စာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များဝင်ရောက်ဖြေဆိုခဲ့ကြရာ ဓမ္မာစရိယ သုံးကျမ်းအောင် ၁၃၅၄ ပါး၊ နှစ်ကျမ်းအောင် ၁၀၇၁ ပါး၊ တစ်ကျမ်းအောင် ၁၄၀၉ပါးနှင့် မြန်မာဂုဏ်ထူးကျမ်းအောင် တစ်ပါး အောင်မြင်ခဲ့သည်။

၂၀၁၄ ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သောသံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များ အနက် ဓမ္မာစရိယသုံးကျမ်းအောင်(ပထမ၊ ဒုတိယ၊ တတိယ) ရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ-

အောင်စဉ်	ခုံအမှတ်	ဘွဲ့တော်	ကျောင်းတိုက်
ပထမ (အဂ္ဂမဟာအကျော်)	ကန/၂၀၃၈	ဦးကုဝေရာလင်္ကာရ	ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဒုတိယ	ကန/၁၁၄၆	အရှင်အဂ္ဂဝံသာလင်္ကာရ	တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
တတိယ	ပခ/၃၁၆	ဦးဇောတိက	ဓမ္မသမိဒ္ဓိကျောင်း၊ မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၀၁၄ ခုနှစ် ဓမ္မာစရိယစာမေးပွဲအောင်စာရင်းများကို တိုင်းဒေသကြီး/ပြည်နယ်သံဃနာယကအဖွဲ့ရုံးများ၌ လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးရုံးများ၌လည်းကောင်း၊ သက်ဆိုင်ရာစာဖြေဌာနများရှိ မြို့နယ် သံဃနာယကအဖွဲ့ရုံးများနှင့် မြို့နယ်သာသနာရေးမှူးရုံးများ၌လည်းကောင်း ကြည့်ရှုနိုင်ပါကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

စမတ်ဖုန်းများဖြင့် စိတ်ဖိစီးမှုကို စမ်းသပ်စစ်ဆေးနိုင်

ချီကာဂို ဇူလိုင် ၇

စမတ်ဖုန်း ကိုင်ဆောင်အသုံးပြုသူများအနေဖြင့် မိမိတို့၏ စိတ်ဖိစီးမှု အခြေအနေကို စမ်းသပ်စစ်ဆေးနိုင်ပြီဖြစ်ကြောင်း မကြာသေးမီက ပြုလုပ်သော ဆေးပညာနှီးနှောဖလှယ်ပွဲတစ်ခု၌ သုတေသီများက ထုတ်ဖော်ပြောကြားသည်။

ပြီးခဲ့သော သီတင်းပတ်က ချီကာဂိုမြို့၌ ကျင်းပသော International Society of Endocrinology နှင့် Endocrine Society တို့၏ ပူးတွဲနှီးနှောဖလှယ်ပွဲအတွင်း တင်ပြလာသော သုတေသနအသစ်တစ်ရပ်အရ ဖန်ပြွန်တစ်ချောင်း၊ ဆော့ဝဲလ်အချို့နှင့် တံတွေးနမူနာ အနည်းငယ်ရရှိရုံဖြင့် စိတ်ဖိစီးမှုကော်တီဇုန်းဟော်မုန်း အတိုင်းအဆကို တိုင်းတာနိုင်ကြောင်း ဆိုသည်။

သုတေသနအဖွဲ့ ခေါင်းဆောင် ဒေါက်တာ ဂျိုးလ်အီရင်ကရန့်က မည်သူမဆို စမတ်ဖုန်းတစ်လုံးရှိရုံဖြင့် ၎င်းတို့၏ စိတ်ဖိစီးမှုအခြေအနေကို ဈေးနှုန်းချိုသာစွာဖြင့် မြန်မြန်ဆန်ဆန်လုပ်ဆောင်နိုင်သည့် နည်းလမ်းတစ်ခုကို မိမိတို့ တီထွင်ခဲ့ကြောင်း ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု၌ စိတ်ဖိစီးမှုဆိုင်ရာ ဆေးစစ်သည့်အခါ ဒေါ်လာ ၅၀ ကုန်ကျပြီး အဖြေရရန် ရက်သတ္တတစ်ပတ် ကြာသည့်အချိန်တွင် ယခုစမတ်ဖုန်းဖြင့် စိတ်ဖိစီးမှုကို စစ်ဆေးပါက ငါးဒေါ်လာသာကုန်ကျပြီး ၁၀ မိနစ်အတွင်း အဖြေရကြောင်း၊ ကော်တီဇုန်းဟော်မုန်းစစ်ဆေးရန် ဓာတ်ခွဲခန်းမရှိသော အမေရိကန်ပြည်ထောင်စုရှိ ဒေသအချို့နှင့် အခြားသောနိုင်ငံများမှ ပြည်သူများ အနေဖြင့် ယခုအခါ မိမိတို့၏စိတ်ဖိစီးမှုအခြေအနေကို ဈေးနှုန်းချိုသာစွာဖြင့် လွယ်လင့်တကူစစ်ဆေးနိုင်ကြတော့မည်ဖြစ်ကြောင်း ဒေါက်တာ ဂျိုးလ်အီရင်ကရန့်က ရိုက်တာသတင်းထောက်များကို ပြောကြားသည်။

ဘာသာပြန်-ကျော်သဲအိမ်

(ရိုက်တာ)

GSM ဆက်သွယ်ရေးကွန်ရက် ဖွင့်လှစ်နိုင်ရန် အဆောက်အအုံနှင့် တာဝါတိုင်တည်ဆောက်မှု ၈၀ ရာခိုင်နှုန်းပြီးစီး

ဟိုင်းကြီးကျွန်း ဇူလိုင် ၇

ဟိုင်းကြီးကျွန်းမြို့ အမှတ် (၂)ရပ်ကွက်၌ GSM ဆက်သွယ်ရေးကွန်ရက် ဖွင့်လှစ်နိုင်ရန်အတွက် အဆောက်အအုံနှင့် တာဝါတိုင်တည်ဆောက်နေမှု ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်ဖြင့် မြင့်မြတ်သဏ္ဍာန်ကုမ္ပဏီက အဆောက်အအုံနှင့် တာဝါတိုင်ကို ဟိုင်းကြီးကျွန်းမြို့နယ်ခွဲအတွင်း ပြင်ခရိုင်ကျေးရွာနှင့် မြို့ပေါ်အမှတ်(၂) ရပ်ကွက်တို့တွင် ဆောက်ရွက်နေခြင်း ဖြစ်ကြောင်း ဆောက်လုပ်ရေးအဖွဲ့ထံမှ သိရသည်။

(မြို့နယ်ပြန်/ဆက်)

ဇူလိုင်မိသားစုမွေးနေ့ဆန္ဒမွန်

တစ်ဦးတည်းသောသားလေး မောင်ကောင်းဆက်စိုး

နောက်ဆုံးနှစ် အပိုင်း(ခ) ဆေးတက္ကသိုလ်(၁)ရဲ့

၈-၇-၂၀၁၄ ရက်မှာ ကျရောက်တဲ့မွေးနေ့အမှတ်တရ

"လူနာတွေကို ကြင်ကြင်နာနာနဲ့

စောင့်ရှောက်စေချင်တာက လူမမာဖြစ်နေတဲ့

သားမေမေရဲ့ဆန္ဒတစ်ခုပါ"

ဘွားဘွား ဒေါ်နွဲ့နွဲ့အေး

ဖေဖေဦးမြင့်စိုး(နတလ)-မေမေဒေါ်လှိုင်လှိုင်မင်း

အ ‌ေ တွ း အ ‌ေ ရ း

ရာသက်ပန်

မလျှော့သောဇွဲ

စာရေးသူသည် မိမိဝါသနာပါရာ စာသင်ခြင်းနှင့် စာရေးခြင်းအလုပ်ကို အခွင့်အခါရတိုင်း ကြိုးစားအားထုတ်လုပ်ကိုင်သောသူဖြစ်ပါသည်။ တစ်ခါတစ်ရံ၌ မိမိကြိုးစားအားထုတ်၍ ရေးသားထားသည်များသည် ကြိုးစားထားသည့်အတိုင်း ဖြစ်မလာ၊ အကောင်အထည်ပေါ်မလာသည်များ၊ ကြိုးစားထားသလို အရာမထင်သည်များရှိပါသည်။ ပုထုဇဉ် လူသားပီပီအတင့်အသင့် စိတ်ညစ်ခဲ့ရပါသည်။ ဩော် ငါ့မှာတော့ ဘယ်လိုအားထည့်ပြီး ကြိုးစားလိုက်ရတာ၊ ရေးလိုက်ရတာ ဒါပေမယ့် အရာမထင်ပါလားဟု စိတ်မကောင်းဖြစ်ရပါသည်။ သို့ပေမယ့် စာရေးသူသည် စိတ်မပျက်ပါ။ ကိုယ်၏ စိတ်နှင့် သူတစ်ပါးစိတ်ကိုက်ညီချင်မှ ကိုက်ညီပေမည်။ ကိုယ့်ဘက်ကတော့ ဒါကိုကောင်းသည်ဟု ထင်မြင်မိပေမယ့် သူတစ်ပါးက ဒီလိုမတွေးဘဲ သူ့ရှုထောင့်မှတစ်မျိုးလှည့်တွေးချင် တွေးမိပေမည်။ ဘာပဲဖြစ်ဖြစ် ကြိုးစားရမည်က ငါ့အပိုင်း၊ ငါ့တာဝန်ဟု ခံယူကာ ကိုယ်ဝါသနာပါရာကို တစိုက်မတ်မတ်ဖြင့် ဇွဲမလျှော့ဘဲဆက်၍ ကြိုးစားလုပ်ဆောင်ခဲ့ပါသည်။

နေရာတိုင်း၊နေရာတိုင်းတွင် မိမိဖြစ်ချင်သလို၊ မိမိတွေးထားသလို၊ မျှော်မှန်းထားသလိုဖြစ်ချင်မှဖြစ်ပေမည်။ ထိုကဲ့သို့ ဖြစ်ချင်သော အရာဖြစ်လာရင် ကောင်းပေမယ့် ဖြစ်မလာရင် ဘယ်လိုရင်ဆိုင်ရမလဲ၊ ဘယ်လို ကြိုတင်ပြင်ဆင်၍ ခံနိုင်ရည်ရှိအောင် ကြိုးစားရမလဲ၊ ဆက်၍ ဘယ်လိုနည်းနဲ့ ကြိုးစားမှ အောင်မြင်နိုင်မလဲ၊ ဖြစ်မလဲ၊ ကောင်းမွန်အောင် လုပ်ဆောင်နိုင်မလဲဟု စဉ်းစားထားကြဖို့ လိုအပ်ပါသည်။ ဤသည်များကို မိမိကိုယ်တိုင်ပင်ပြုလုပ်ရပါမည်။ မိမိ၏ စိတ်ကို မိမိဘာသာပြင်ဆင်မှ မိမိကိုယ်တိုင်အကျိုးခံစားရမည်ဖြစ်ပါသည်။ သူတစ်ပါးပြင်ဆင်ပေး၍ မရပါချေ။

တစ်ချိန်က စာရေးသူ ဆယ်တန်းကျောင်းသူဘဝတုန်းကဖြစ်သည်။ မှန်းထားလိုက်တာ။ ဘယ်ဘာသာဂုဏ်ထူးရမည်။ ဘယ်လိုထူးချွန်စွာအောင်ရမည်ပေါ့။ ဒါပေမယ့်လည်း အောင်စာရင်း ထွက်လာသည့်အခါ မမျှော်လင့်ထားသော 'ခ' အဆင့်ဖြင့် အောင်မြင်ခြင်းဖြစ်သည်။ (စာရေးသူတို့ စာဖြေသော အချိန်ကာလက အောင်စာရင်းကို 'က' အဆင့် 'ခ'အဆင့်ဟူ၍ ခွဲထားပါသည်။) စိတ်ဓာတ်ကျလိုက်သည်မှာ ပြောဖွယ်ရာမရှိ။ မထင်မှတ်ထားသော မိမိအဆင့်အောက်မှသူများ 'က' အဆင့်ဖြင့်အောင်မြင်၍ ရှက်ပြီး စာကို ဆက်ဖြေချင်စိတ်ပင် မရှိတော့။ ထိုသို့သော အခြေအနေတွင် စာရေးသူ၏ ဖခင်သည် အကောင်းဆုံးသောအားပေးမှုများ၊ ဖေးမကူညီမှုများဖြင့် စိတ်ဓာတ်ကိုမြှင့်တင်ပေးခဲ့ပါသည်။ မှတ်မိပါသေးသည်။ စာရေးသူ၏ ဖခင်သည် စာရေးသူအား ဆရာကြီး နန္ဒာသိန်းဇံ၏ "ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း" စာအုပ်ကို ဖတ်ရှုစေပါသည်။ စိတ်ဓာတ်ကျနေသူများ၊ ဘဝကို အရှုံးပေးထားသော သူများအတွက် အကောင်းဆုံးသော စာအုပ်တစ်အုပ်ပင်ဖြစ်ပါသည်။ စာရေးသူလည်း ဤသို့ဖြင့် ဆက်၍ကြိုးစားရင်း အောင်မြင်မှုကို ရရှိပါသည်။

လူတိုင်းလူတိုင်းသည် မိမိရည်မှန်းချက်၊ ဖြစ်ချင်သည့်ဆန္ဒကိုဖြစ်စေဖို့အတွက် သံမဏိကဲ့သို့ ပြင်းထန်သည့် စိတ်ဓာတ်ရှိဖို့ လိုအပ်ပြီး ထိုစိတ်ဓာတ်ကိုအားပေးကူညီရာရောက်သော မလျှော့သောဇွဲ၊ လုံ့လတို့ဖြင့် ကြိုးစားကြဖို့ လိုအပ်ပါသည်။ ဖြစ်ချင်သည့်ဆန္ဒသာရှိပြီး ဖြစ်အောင်မကြိုးစား၊ အားမထုတ်ရင်ဖြင့်ဘာမျှ အရာထင်လာမည်မဟုတ်ပေ။ အဆိုတော် "ကိုင်ဇာ၏ သီချင်းထဲကလိုပင် "ထိုင်နေလို့တော့ ဘာမှဖြစ်လာမှာမဟုတ်ပေ"။ ပညာရှိတစ်ဦး၏ စကားအရ "လက်ရှိအချိန်သည် အကောင်းဆုံးဖြစ်သည်" ဆိုသလိုပင် ဖြစ်ပြီးသမျှပြန်ပြောင်းတွေးတော၍ စိတ်ဒုက္ခခံ၊ စိတ်ညစ်ခံနေမယ့်အစား ယခုအချိန်မှစ၍ ရှေ့ကို ဘယ်လိုအကောင်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်မလဲ၊ ကြိုးစားအားထုတ်နိုင်မလဲဆိုတာသာ အရေးကြီးပါသည်။

စာရေးသူဖခင်သည် စစ်မှုထမ်းတစ်ဦးဖြစ်၍ နယ်စုံပြောင်းရွှေ့ခဲ့ရသည်။ တစ်ခါက စာရေးသူကလေးဘဝအချိန် ဖခင်တာဝန်ကျရာ ဒေသသို့ပြောင်းရွှေ့စဉ် နေသားမကျသေးသောနေရာ၊ အိမ်၌ အစစအရာရာအဆင်မပြေပါ။ အိမ်ခေါင်မိုးများမကောင်းသဖြင့် မိုးလည်းရွာရော ရေတွေယိုသည်မှာ အများအပြား၊ စာရေးသူ၏ မိခင်နှင့် မောင်နှမများ မိုးလွတ်သည့်နေရာတွင် စုပြုံထိုင်၍ စိတ်ဓာတ်ကျနေစဉ်တွင် စာရေးသူ၏ဖခင်သည် ဤသို့ပြောခဲ့ပါသည်။ "မိန်းမရေ ငါတို့အိမ်ကလေးက အခုမှ ဟိုရုပ်ရှင်ကားထဲကနဲ့ မတူဘူးလား၊ ပျော်စရာကြီးနော်"တဲ့။ တစ်နည်းဆိုသော် ဖခင်သည် အိမ်ထောင်ဦးစီးပီသစွာဖြင့် အားငယ်နေသော၊ စိတ်ဓာတ်ကျနေသော မိသားစုအား စိတ်သက်သာရာရစေရန်၊ လက်ရှိအချိန်အား ပျော်ရွှင်စွာနေတတ်အောင် ကောင်းသည့်ဘက်သို့ လှည့်ပြောင်းတွေး၍ အားပေးနှစ်သိမ့်ခဲ့တာပဲဖြစ်ပါသည်။ သွယ်ဝိုက်သောနည်းဖြင့် စိတ်ဓာတ်မြှင့်တင်ခြင်းလည်း ဖြစ်သည်။ ဘာပဲပြောပြော ထိုအချိန်က ဖခင်၏ စကားကြောင့် စိတ်သက်သာရာ ရခဲ့သည်ကအမှန်ပင်။

ထို့ကြောင့်ပင် စာရေးသူတို့သည် ဘဝဆိုသော ပင်လယ်သမုဒ္ဒရာကြီးကို အတူရင်ဆိုင်ဖြတ်ကျော်ကြရာတွင် အမြဲတမ်းသာယာသည့် နေရာများနှင့်သာ ကြုံတွေ့နေရမည်မဟုတ်။ ကြမ်းတမ်းခက်ထန်သည့် မုန်တိုင်းများ၊ လှိုင်းလေကြီးမားမှုများ၊ မမျှော်လင့်သော ကျောက်ဆောင်များ၊ ဝဲဂယက်များကိုလည်း ကြုံတွေ့ကြရပေမည်။ သို့ပေမယ့်လည်း လူကြီးသူမများ၏ ဆုံးမစကားကဲ့သို့ "ဟိုကွေ့ရောက်က ဟိုတက်နဲ့လှော်၊ ဒီကွေ့ရောက်ပြန်က ဒီတက်နဲ့လှော်"ကာ ဘုရားလောင်း "မဟာဇနက" မင်းသားကို အတုယူ၍ မလျှော့သောဇွဲတို့ဖြင့် ရင်ဆိုင်ကူးခတ်ကြရင်း မိမိလိုရာ အောင်မြင်မှုပန်းတိုင်ဆီသို့ ရောက်အောင်သွားကြပါစို့ဟု တိုက်တွန်းကာရေးသားလိုက်ရပေသည်။ ။

မထသဝန်ထမ်းများအနေဖြင့် လစာတိုးမြှင့်ရရှိရန် လိုလားလျက်ရှိ

ရန်ကုန် ဇူလိုင် ၇

ခရီးသည်တင် ယာဉ်လိုင်းများအား စီမံကြီးကြပ်နေလျက်ရှိသည့် မထသဝန်ထမ်းများအနေဖြင့် အနိမ့်ဆုံးလစာ တစ်လလျှင် လစာကျပ်နှုန်း ၅၆၀၀၀ ခန့်သာရရှိပြီး ယာဉ်လိုင်းများမှ ကောက်ခံရရှိငွေ နှစ်ရာခိုင်နှုန်းသာ ခံစားခွင့်ရရှိနေကြောင်း သိရသည်။

အဆိုပါ မထသဝန်ထမ်းများအနေဖြင့် ဝင်ငွေနည်းပါးသည့်အတွက် လစာတိုးမြှင့်ရန် လိုလားနေလျက်ရှိပြီး လက်ရှိ ရရှိသည့်လစာဖြင့် လုံလောက်မှုမရှိကြောင်း မထသဝန်ထမ်းတစ်ဦးထံမှ သိရသည်။

"ဒီခေတ်မှာ ဝန်ထမ်းတစ်ယောက်အနေနဲ့ ၅၆၀၀၀ ပဲရတယ်ဆိုတာ လူလွတ်တစ်ယောက်တည်းအနေနဲ့တောင် လုံလောက်မှုမရှိဘူး။ မိသားစုရှိရင်တော့ ပိုဆိုးတာပေါ့။ ဝန်ထမ်းတစ်ဦးအနေနဲ့ လစာနည်းတဲ့အတွက် အလုပ်လုပ်ရာမှာလည်း အဆင်မပြေဘူး။ အခြေခံလုပ်သားရရှိတဲ့ငွေ တိုးပေးရင်တော့ ကောင်းမှာပေါ့" ဟု မထသတွင် တာဝန်ထမ်းဆောင်နေသည့် ရုံးအကူဝန်ထမ်းတစ်ဦးက ပြောသည်။

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုအောက်တွင်ရှိပြီး အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုသာဖြစ်သည်။

"မထသဝန်ထမ်းတွေကို လစာတိုးပေးမယ်ဆိုတဲ့အခါမှာ ကျွန်တော်တို့ရဲ့ဝင်ငွေနဲ့ မျှတအောင်လုပ်ရပါတယ်။ ကျွန်တော်တို့က ဝန်ထမ်းတွေကို တာဝန်ပေးခန့်အပ်တော့မယ်ဆိုရင် ဝန်ထမ်းအဆင့်ဘယ်လောက်က ဘယ်လောက်ရနိုင်ပါတယ်ဆိုတဲ့ ကြေညာချက်နဲ့ ဒီဝန်ထမ်းကိုခန့်တာ။ ဝန်ထမ်းအနေနဲ့ မဝင်ခင်ကတည်းက လစာဘယ်လောက်ရမယ်ဆိုတာ သိပြီးဝင်လာတဲ့ ဝန်ထမ်းတွေဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဝန်ထမ်းတွေကို ထောက်ပံ့ချင်တိုင်း ထောက်ပံ့ပေးလို့မရပါဘူး။ သတ်မှတ်ချက်အတွင်းကနေပဲ ထောက်ပံ့ပေးနေတာဖြစ်ပါတယ်"ဟု မထသ(ဗဟို) ဥက္ကဋ္ဌ ဦးလှအောင်က ပြောသည်။

မထသ(ဗဟို) လက်အောက်တွင် ယာဉ်လိုင်းအဖွဲ့အစည်းပေါင်း ၁၇ ခု၊ ပြေးဆွဲနေသည့် ယာဉ်လိုင်းပေါင်း ၃၅၇ လိုင်း၊ ယာဉ်အစီးရေ ၆၆၀၀ ကျော်ဖြင့် လိုင်းကားစီးနင်းသည့် ခရီးသည်များအား ပို့ဆောင်ပေးလျက်ရှိပြီး မထသ(မြို့တွင်း)တွင် ဝန်ထမ်းဦးရေ ၁၀၀၀ ကျော်ခန့် ရှိကြောင်း သိရသည်။

(ကေသိန်းဆွေ)

နိုင်ငံတော်၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအား တတိယအဆင့်အရှိန်မြှင့်တင်မှု ရှင်းလင်းဆွေးနွေး

နေပြည်တော် ဇူလိုင် ၇

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့်အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့၌ ဇူလိုင် ၆ ရက် မွန်းတည့် ၁၂ နာရီက ရှင်းလင်းဆွေးနွေးပွဲ ကျင်းပခဲ့ရာ အခမ်းအနားသို့ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့မှ တပ်ဖွဲ့မှူး၊ ဒုတိယတပ်ဖွဲ့မှူး၊ တပ်ဖွဲ့ဝင်များနှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ဝင်များ စုစုပေါင်း အင်အား ၃၅ ဦးခန့် တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် တပ်ဖွဲ့မှူး ရဲမှူးချုပ် စိုးမြိုင်က ပြောကြားရာ၌ ယနေ့နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံရေး ပြောင်းလဲမှုကို (First Wave) အဖြစ် ညင်သာချောမွေ့စွာ ပြောင်းလဲနိုင်ခဲ့ပြီး ဒုတိယအဆင့် (Second Wave) အဖြစ် နိုင်ငံရေးပြောင်းလဲမှုနှင့်အတူ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှု၊ အစိုးရယန္တရားတိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုစသည့် ဒီမိုကရေစီနိုင်ငံသစ်ထူထောင်ရေးကို ရေရှည်အခြေခံအုတ်မြစ်ခိုင်မာရေးအတွက် ချမှတ်ပေးရမည့်အပိုင်းနှင့် ပြည်သူတို့၏ လူမှုစီးပွား ဦးစားပေးလိုအပ်ချက်များကို ချက်ချင်းဆောင်ရွက်ပေးရမည့်အပိုင်းများကို တတိယအဆင့်(Third Wave) အဖြစ် အရှိန်အဟုန်မြှင့်တင်ပြီး လုပ်ငန်းစဉ်(၅)ရပ်ဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး၏ ကနဦးကာလ၌ပင် နိုင်ငံတော်သမ္မတက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို အဓိကထားဆောင်ရွက်နေကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ပြည်သူ့ဗဟိုပြုသော ရဲလုပ်ငန်းသို့ ပြုပြင်ပြောင်းလဲသွားရန် လမ်းညွှန်မိန့်ကြားခဲ့ကြောင်း၊ ဤသည်မှာ ဒီမိုကရေစီခေတ်နှင့် ကိုက်ညီသော ရဲလုပ်ငန်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးရှေ့ဦးအဆင့်မှသည် ယခုတိုင် ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေးတွင် အရှိန်အဟုန်ဖြင့် ပါဝင်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

(ရဲပြန်ကြား)

ရှော်ကေး တိုက်စစ်မှူး ဟန်တယ်လာအား ခေါ်ယူရန် လီဗာပူးပြင်ဆင်

အင်္ဂလန်ထိပ်သီးကလပ် လီဗာပူးအသင်းသည် လာမည့်ဘောလုံးရာသီတွင် အသင်း၏ တိုက်စစ်ပိုင်းကို အားဖြည့်ရန်အတွက် ရှော်ကေးအသင်း၏ နယ်သာလန်တိုက်စစ်မှူး ဟန်တယ်လာအား ခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ လက်ရှိအချိန်တွင် လီဗာပူးအသင်း၏ အဓိကတိုက်စစ်မှူးတစ်ဦးဖြစ်သူ ဆွာရက်ဇ်မှာ ကာလရှည်ပွဲပယ် ပြစ်ဒဏ်ချမှတ်ထားခြင်းခံခဲ့ရသလို စပိန်ကလပ် ဘာစီလိုနာအသင်းနှင့်လည်း သတင်းများထွက်ပေါ်နေခြင်းကြောင့် ၎င်း၏နေရာတွင်အစားထိုးရန် ယခုကဲ့သို့ဟန်တယ်လာအားခေါ်ယူရန် စိတ်ဝင်စားလာခြင်းလည်းဖြစ်သည်။ သို့သော် ဟန်တယ်လာက "လီဗာပူးကို ပြောင်းရွှေ့ဖြစ်မလား ဆိုတာကတော့ ကျွန်တော့်ရဲ့ လက်ရှိကလပ်အသင်းဖြစ်တဲ့ ရှော်ကေး အပေါ်မှာပဲ မူတည်နိုင်ပါတယ်၊ ပြီးခဲ့တဲ့ဘောလုံးရာသီတုန်းက ရှော်ကေးအသင်းနဲ့ စာချုပ်သစ်ချုပ်ဖို့ပြောဆိုထားခဲ့ပေမယ့် မဖြစ်မြောက်ခဲ့သေးပါဘူး၊ သိပ်မကြာခင်မှာ အားလပ်ရက်ရမှာပါ။အဲဒီအချိန်မှာ ကျွန်တော့်ရဲ့ အနာဂတ်ကို ဆုံးဖြတ်သွားပါမယ်၊ လက်ရှိအချိန်မှာတော့ ကျွန်တော် ကမ္ဘာ့ဖလားကိုပဲ အာရုံစိုက်ထားချင်ပါတယ်"ဟုပြောကြားသွားခဲ့သည်။ ဟန်တယ်လာသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်ဖြစ်သည့် မက္ကဆီကို အသင်းနှင့်ပွဲတွင် အသင်းအတွက် နောက်တစ်ဆင့်တက်ရောက်စေမည့် အဖိုးတန်အနိုင်ဂိုးကို သွင်းယူပေးထားခဲ့သူဖြစ်သည်။ **[ကိုရဲ]**

ဂျာမနီ အသင်း၏ ခြေစွမ်းအပေါ် အားမရသေးကြောင်း နူအာဝန်ခံ

ဂျာမနီ အသင်း၏ အဓိကဂိုးသမားဖြစ်သူ မန်နူရယ်နူအာက ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဂျာမနီအသင်း၏ လက်ရှိခြေစွမ်းအပေါ် အားရကျေနပ်မှုမရှိဟု ဝန်ခံပြောကြားလိုက်သည်။ ဂျာမနီအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်သို့ ရောက်ရှိနေခဲ့သော်လည်း ၎င်းက ယခုကဲ့သို့ အံ့အားသင့်ဖွယ် ဝန်ခံပြောကြားလိုက်ခြင်းလည်းဖြစ်သည်။ နူအာက "ကျွန်တော်တို့အသင်းဟာ အခုအချိန်မှာ ဆီမီးဖိုင်နယ်အဆင့်ကို ရောက်ရှိလာခဲ့ပါပြီ၊ ပြိုင်ပွဲတစ်လျှောက်လုံး ပေါ်တူဂီ၊ ပြင်သစ်တို့နဲ့ ရင်ဆိုင်ခဲ့ရတဲ့ ပွဲစဉ်တွေကလွဲရင် ကျန်ပွဲတွေမှာ ရုန်းကန်ခဲ့ရပါတယ်၊ အဲဒီအတွက်လည်း ကျွန်တော်တို့အသင်းသားတွေ ပျော်ရွှင်နေမှာမဟုတ်ပါဘူး၊ ပြင်သစ်နဲ့ပွဲစဉ်မှာ အနိုင်ရရှိခဲ့ပေမယ့်လည်း ဂျာမနီအသင်းရဲ့ ကစားပုံက ဖျော်ဖြေမှု အပြည့်အဝ မပေးစွမ်းနိုင်ခဲ့ပါဘူး၊ ဒါပေမယ့် ဘောလုံးမှာ အနိုင်ရလဒ်ရရှိဖို့ကသာ အဓိကဖြစ်ပါတယ်၊ ဒါကြောင့် လာမယ့်ပွဲစဉ်တွေမှာတော့ နိုင်ပွဲတွေရယူပြီး ဆုဖလားရရှိဖို့ကြိုးပမ်းသွားမှာပါ"ဟု ပြောကြားသွားခဲ့သည်။ ဂျာမနီအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲဆီမီးဖိုင်နယ်တွင် အိမ်ရှင်ဘရာဇီးအသင်းနှင့် ရင်ဆိုင်ကစားရမည်ဖြစ်ပြီး ယင်းပွဲစဉ်အတွက် အလွန်စိတ်လှုပ်ရှားနေမိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **[စွမ်းထက်အောင်]**

တိုက်စစ်မှူးနေမာ ဒဏ်ရာရရှိထားသောကြောင့် စကော်လာရီအတွက် အကောင်းဆုံးကစားပေးမည်ဟု ဝီလျံပြောကြား

ဘရာဇီးကွင်းလယ်ကစားသမား ဝီလျံသည် စနေနေ့က ပြုလုပ်ခဲ့သော လေ့ကျင့်ရေးအစီအစဉ်တွင် ဒဏ်ရာရရှိခဲ့သော်လည်း ဂျာမနီအသင်းနှင့်ကစားမည့် ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်ပွဲစဉ်တွင် ပါဝင်လာမည်ဖြစ်ကြောင်းသိရသည်။ ဘရာဇီးအသင်းသည်အသင်း၏ အားထားရသည့်ကစားသမားနှစ်ဦးဖြစ်သည့် တိုက်စစ်မှူးနေမာနှင့်အသင်းခေါင်းဆောင် သီယာဂိုဆေးလ်ဗားတို့သည် ဂျာမနီနှင့်ပွဲစဉ်တွင် လွဲချော်ရမည်ဖြစ်ခြင်းကြောင့် အခက်ကြုံနေရသည်။

တိုက်စစ်မှူးနေမာသည် ဒဏ်ရာပြဿနာကြောင့် ပါဝင်လာမည်မဟုတ်သည်မှာ သေချာနေပြီး နောက်ခံလူ သီယာဂိုဆေးလ်ဗားသည်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အဝါကတ်နှစ်ကတ်ပြခံထားရခြင်းကြောင့် အလိုအလျောက် တစ်ပွဲပယ်ပြစ်ဒဏ်ကျခံရမည်ဖြစ်သောကြောင့် ဘရာဇီးအသင်းအနေဖြင့် သီယာဂိုဆေးလ်ဗားအတွက် ဖီဖာအား လျှောက်လဲချက်တင်ထားသည်။

ထို့ကြောင့် သီယာဂိုဆေးလ်ဗားပါဝင်ခွင့်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဘရာဇီးကွင်းလယ် ကစားသမား ဝီလျံအနေဖြင့် ဘရာဇီးအသင်းနည်းပြဖီလစ်ပီစကော်လာရီအတွက် အကောင်းဆုံး ကစားပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။**[ငွေကြယ်]**

အယ်လ်ဂျီးရီးယား ကမ္ဘာ့ဖလားမှ ထွက်ခဲ့ရခြင်းကြောင့် နည်းပြဘဝကို ဟာလီဟိုဒစ် လက်ပြနုတ်ဆက်

အယ်လ်ဂျီးရီးယားအသင်းနည်းပြ ဟာလီဟိုဒစ်သည် အယ်လ်ဂျီးရီးယားအသင်း ကမ္ဘာ့ဖလားပြိုင်ပွဲမှ ထွက်ခဲ့ရပြီးနောက် နည်းပြဘဝကို လက်ပြနုတ်ဆက်လိုက်ပြီဖြစ်ကြောင်း လူသိရှင်ကြားထုတ်ဖော်ပြောကြားလိုက်သည်။ နည်းပြ ဟာလီဟိုဒစ်သည် အယ်လ်ဂျီးရီးယားအသင်းနှင့် လမ်းခွဲလိုက်သည့်အကြောင်း အယ်လ်ဂျီးရီးယားဘောလုံး အဖွဲ့ချုပ်ဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြထားခဲ့ခြင်းဖြစ်သည်။

(၁၆)သင်းအဆင့်တွင် ဂျာမနီအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးပြီးနောက် အယ်လ်ဂျီရီးယားနည်းပြဘဝကို အဆုံးသတ်ရန်ပြောကြားခဲ့ခြင်းကြောင့် အယ်လ်ဂျီးရီးယားသမ္မတက ဆက်လက်ကိုင်တွယ်ရန် တောင်းဆိုခဲ့သည်။ သို့ရာတွင် လာမည့်သီတင်းပတ်တွင် တူရကီကလပ် ထရာဇွန်စပေါ့အသင်းနည်းပြအဖြစ် တာဝန်ယူရန် မျှော်လင့်ထားခြင်းကြောင့် နည်းပြဟာလီဂိုဒစ်အနေဖြင့် အယ်လ်ဂျီးရီးယားနည်းပြဘဝကို လက်ပြနှုတ်ဆက်လိုက်ကြောင်း အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။ **[ငွေကြယ်]**

အားကစားသတင်းတိုများ

- အာဂျင်တီးနားအသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် ဘယ်လ်ဂျီယံအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ကမ္ဘာ့ဖလား ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီးနောက် နယ်သာလန်အသင်းနှင့် ကစားရမည့် ဆီမီးဖိုင်နယ်တွင် အကောင်းဆုံးစွမ်းဆောင်ရည်ပြသကြရန် အာဂျင်တီးနားအသင်း နည်းပြ ဆက်ဘယ်လာက အာဂျင်တီးနား ကစားသမားများအား တောင်းဆိုထားကြောင်း သိရသည်။
- ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်တွင် ထိပ်တိုက်ဆုံတွေ့နေသည့် နယ်သာလန်အသင်းသည် အာဂျင်တီးနားအသင်း ထက် လျှင်မြန်သွက်လက်မှုရှိသည့် အပြင် ကစားသမား စုဖွဲ့မှုအား ကောင်းသောအသင်းတစ်သင်းလည်းဖြစ်ကြောင်း အာဂျင်တီးနား ကွင်းလယ်ကစားသမား မာရှေယာနိုက ပြောကြားခဲ့သည်။

ဝါဆိုသင်္ကန်းဆက်ကပ်ပူဇော်လှူဒါန်းနိုင်ရန်နှိုးဆော်လွှာ

သီရိလင်္ကာနိုင်ငံရှိ ဗုဒ္ဓတက္ကသိုလ်များတွင် မြန်မာနိုင်ငံမှ စာသင်သားရဟန်းသံဃာတော် အပါး(၃၀၀)ကျော် သီတင်းသုံးပညာသင်ကြားလျက်ရှိပါသည်။ ထိုရဟန်းသံဃာတော်များ အေးချမ်းပြည့်စုံစွာ သီတင်းသုံးပညာသင်ကြားနိုင်ရန် ဝါဆိုသင်္ကန်းနှင့်ပစ္စည်းလေးပါးအတွက် နဝကမ္မအလှူတော်ငွေများကို သဒ္ဓါတတ်အားသရွေ့ ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

ပါဝင်လှူဒါန်းလိုသော ကုသိုလ်ရှင်များအနေဖြင့် သင်္ကန်းတစ်စုံလျှင် နဝကမ္မ-၁၅၀၀၀/- ကျပ် နှုန်းသတ်မှတ်ထားပြီး ၁၈-၇-၂၀၁၄ ရက်နောက်ဆုံး ထား၍ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရန်ကုန်ရုံးချုပ် - Ayarwaddy Legend Travels & Tours Co.,Ltd.
အမှတ်(၁၀၄)၊ ၃၇-လမ်း(ကမ်းနားဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၂၅၂၀၀၇၊ ၂၅၂၀၀၈၊ ၃၉၈၃၀၄၊ ၃၉၈၃၀၃၊ ၃၇၇၆၉၇

မန္တလေးရုံးခွဲ - Ayarwaddy Legend Travels & Tours Co.,Ltd.
အမှတ်(၇၆)၊ လမ်း-၃၀၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း- ၀၉-၄၀၂၆၉၄၈၄၈၊ ၀၉-၈၆၀၀၂၁၈

[illegible]

[illegible]

[illegible]

ရောင်းရန်ရှိသည်

နှစ်လုံးထိုး ထော်လာဂျီများ
ရောင်းရန်ရှိသည်။
ဆက်သွယ်ရန်ဖုန်း ၀၉-၄၃၀၉၀၀၃၅၊
၀၉-၄၂၁၁၀၀၆၉၀

တစ်ဦးတည်းဖြစ်ကြောင်း

ကျိုက်လတ်မြို့နယ်၊ ငပိချောင်းကျေးရွာအုပ်စု၊ ငပိချောင်းကျေးရွာနေ မသဇင်နွယ်[၁၄/ကလန(နိုင်)၁၄၇၀၀၈]၏ဖခင် ဦးဟန်ဝင်းနှင့် ဦးဟံဝင်း [၁၄/ကလန(နိုင်)၀၃၃၁၁၉]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဟန်ဝင်း(ခ)ဦးဟံဝင်း

အထူးလှိုက်လှဲစွာကျေးဇူးတင်ရှိခြင်း

၂၀၁၄ ခုနှစ် ဧပြီလ (၃၀) ရက်နေ့တွင် အမျိုးသားကြီးပွားတိုးတက်ရေးရွှေထုတ်လုပ်မှုအုပ်စုကုမ္ပဏီလီမိတက်သို့ နိုင်ငံတကာအဆင့်မီအကြီးစားရွှေသတ္တုမိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုစီမံလုပ်ငန်းစဉ်များနှင့်စွမ်းဆောင်နိုင်မှုများအပေါ် ဗြိတိန်နိုင်ငံမှချီးမြှင့်သည့် " Quality Management System ISO (9001:2008) Certificate Awarding Ceremony" အခမ်းအနားကို (၂ . ၇ . ၂၀၁၄) ရက်နေ့တွင် နေပြည်တော် Excel Capital Hotel တွင်ကျင်းပပြုလုပ်ခဲ့ပါသည်။ ဂုဏ်ပြုအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးကြသော သတ္တုတွင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့မှ ပုဂ္ဂိုလ်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ အမျိုးသားကြီးပွားတိုးတက်ရေးရွှေထုတ်လုပ်မှုအုပ်စုကုမ္ပဏီလီမိတက်မှ ပူးပေါင်းဆောင်ရွက်သူများ၊ ISO လက်မှတ်ရရှိအောင် ညွှန်ကြား ဆောင်ရွက်ပေးကြသော ကုမ္ပဏီဝန်ထမ်းများနှင့် ဧည့်သည်တော်များအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အမျိုးသားကြီးပွားတိုးတက်ရေးရွှေထုတ်လုပ်မှုအုပ်စုကုမ္ပဏီလီမိတက်

အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း

သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်းနှင့် အမျိုးသားကြီးပွားတိုးတက်ရေးရွှေထုတ်လုပ်မှုအုပ်စုကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်ရှိ လုပ်ကွက် (A) အကြီးစားရွှေသတ္တုမိုင်းတူးဖော်ထုတ်လုပ်မှုလုပ်ငန်းအား ဗြိတိန်နိုင်ငံ UKAS အဖွဲ့မှ အသိအမှတ်ပြု ချီးမြှင့်သည့် "ISO (9001 : 2008)Certificate" လက်မှတ်ရရှိခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေး ညှိနှိုင်းဆောင်ရွက်နိုင်ရန် တိုက်ကြီးတွင် တွေ့ဆုံဆွေးနွေး

တိုက်ကြီး၊ ဇူလိုင် ၇

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ပြည်သူ့ရဲတပ်ဖွဲ့၊ မြို့နယ်မှူးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၄ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့၊ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးကြီး စိုင်းဝင်းအေးနှင့် တိုက်ကြီးမြို့နယ် မြို့မိမြို့ဖများ၊ အထောက်အကူပြုကော်မတီများ၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရဲတပ်ဖွဲ့ဝင်များသည် မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ညှိနှိုင်းဆောင်ရွက်ရန် တွေ့ဆုံခဲ့ကြကြောင်း သိရသည်။

ယနေ့ ဒီမိုကရေစီဖော်ဆောင်ရေးကာလတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ ပြည်သူကိုဗဟိုပြု၍ ရဲလုပ်ငန်းများဆောင်ရွက်နေကြောင်း၊ ခေတ်အဆက်ဆက်တွင် ရဲတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အမြင်မကြည်လင်တာ တွေ့ရှိခဲ့ကြကြောင်း၊ ယခုအခါ အားလုံးကို ပြုပြင်ဆောင်ရွက်နေကြောင်း၊ ရဲတပ်ဖွဲ့ဝင်များသည် တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး ဆောင်ရွက်ရာတွင် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ယနေ့အခြေအနေအရ ရဲတပ်ဖွဲ့ဝင်တစ်ယောက်သည် ပြည်သူ ၁၀၀၀ ကျော်၏ လုံခြုံရေးဆောင်ရွက်ရသဖြင့် အားနည်းချက်တွေရှိနိုင်ကြောင်း၊ ယခင်ကပြောဆိုဆက်ဆံမှု အဆင်မပြေတာ၊ အမှုဖွင့်မပေးတာ၊ ပြည်သူအပေါ် နိုင်ထက်ကလူပြုခဲ့မှုများ ရှိခဲ့ကြောင်း၊ ယခုအခါ ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့်တစ်သားတည်း ပူးပေါင်းပြီး ပြောဆိုလုပ်ကိုင်နေကြောင်း၊ ယင်းကြောင့် မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးကို ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူများ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်သင့်ကြောင်း အဆိုပါ တွေ့ဆုံပွဲတွင် ဒု-ရဲမှူးကြီး စိုင်းဝင်းအေးက ပြောကြားခဲ့သည်။

တိုက်ကြီးမြို့နယ်တွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းပိုင်းတွင် အားနည်းချက်များရှိနေခြင်း၊ လောင်းကစားမှုပပျောက်ရေး၊ ရဲတပ်ဖွဲ့များမှာ လိုအပ်သည့်အခါ အချိန်မီ ကူညီဆောင်ရွက်ရေးတို့ကို တက်ရောက်လာကြသူများက ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

၃၁၅-KVA ထရန်စဖော်မာတပ်ဆင်မှုပြီးစီး၍စတင်အသုံးပြု

မြင်းခြံ၊ ဇူလိုင် ၇

မြင်းခြံမြို့နယ်၊ အမှတ် (၁၈) ရပ်ကွက် ဝန်ထမ်းကွက်သစ်တွင် ပြည်သူများဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှ ၃၁၅/KVA ထရန်စဖော်မာတစ်လုံးကို တိုးချဲ့ တပ်ဆင်တည်ဆောက်ပေးခဲ့ကြောင်း သိရသည် ။

အဆိုပါ ၃၁၅/KVA ထရန်စဖော်မာကို တပ်ဆင်ပြီးစီးသဖြင့် ဇူလိုင် ၃ ရက် ည ၇ နာရီ အချိန်မှစတင်၍ လျှပ်စစ်ဓာတ်အားသုံးစွဲသော ပြည်သူများထံသို့ ဓာတ်အားပြည့်ပြည့်ဝဝ ပို့လွှတ်၍ အသုံးပြုနေပြီဖြစ်သည် ။

၎င်းထရန်စဖော်မာ ဓာတ်အိုးဖြင့် အိမ်သုံးမီတာအလုံး ၃၀၀အား ဓာတ်အားပြည့်ဝစွာဖြင့် သုံးစွဲနိုင်မည်ဟု သိရပြီး အမှတ် (၁၈) ရပ်ကွက်နေပြည်သူများမှ အိမ်သုံးမီတာလျှောက်ထားတပ်ဆင်လိုသူများကိုလည်း အမြန်ဆုံး တပ်ဆင်အသုံးပြုနိုင်ရန် မြင်းခြံမြို့ မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

တောင်သာမြို့တွင်ဖွင့်လှစ်ထားသည့် စာပေရေချမ်းစင်များ တတိယအကြိမ်စာအုပ်သစ်များအစားထိုးလဲလှယ်

တောင်သာ၊ ဇူလိုင် ၇

တောင်သာမြို့တွင် ဖွင့်လှစ်ထားရှိသော စာပေရေချမ်းစင် (Mini Book Corner) များကို တောင်သာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများမှ တစ်လတစ်ကြိမ် စာအုပ်သစ်များကို လဲလှယ်ပေးလျက်ရှိပြီး ယခုလတွင် လည်းစာအုပ်အဟောင်းများကို ပြန်လည်သိမ်းယူပြီး စာအုပ်အသစ်များကို ပြည်သူများဖတ်ရှုနိုင်ရန် အစားထိုး လဲလှယ်ပေးခဲ့ကြောင်း သိရသည်။

တောင်သာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူများအလွယ်တကူ စာပေဖတ်ရှုနိုင်ရန်နှင့် စာပေဖတ်ရှုခြင်းဖြင့် အသိပညာ ဗဟုသုတများ တိုးပွားပြီးစာဖတ်သည့် အလေ့အကျင့် ကောင်းများရရှိစေရန် ရည်ရွယ်ပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်နေကြောင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

(Mini Book Corner) စာပေရေချမ်းစင်များကို မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများနှင့် လူစည်ကားရာနေရာများဖြစ်သည့် ကားဂိတ်၊ လက်ဖက်ရည်ဆိုင်များ၊ စည်ပင်သာယာဈေး၊ ဘုရားကြီး ဈေး၊ ဆေးရုံ စသည့်နေရာ ၁၂နေရာတွင် ချိတ်ဆွဲထားသည်။ **ကျော်မျိုးနိုင်(တောင်သာ)**

ငွေကျပ်ငါးသိန်းပျောက်၍အရေးယူရန် တိုင်ကြား

ဝမ်းတွင်း၊ ဇူလိုင် ၇

ဝမ်းတွင်းမြို့နယ်၊ ဆူးပန်းကျေးရွာအုပ်စု၊ ကန်စွယ်ကျေးရွာနေ မစန်းမြင့် ၃၉ နှစ်သည် ဇူလိုင် ၁ ရက်က လယ်တောသို့သွားပြီး လယ်လုပ်၍ ည ၈ နာရီခွဲတွင် အိမ်ပြန်လာစဉ် နေအိမ်ခြံဝင်းအတွင်းမှ တစ်ရွာတည်းနေ ဦးကြည်လှိုင်၊ ဒေါ်အေးလှနှင့် ဦးတုတ်မြိုင်တို့ ထွက်သွားသည်ကို မသင်္ကာ၍ နေအိမ်အတွင်းရှိ ပစ္စည်းများကို စစ်ဆေးကြည့်ရှုခဲ့သည်။

ထိုကဲ့သို့ ပစ္စည်းများစစ်ဆေးရာ ဘီရိုတစ်လုံးနှင့် သေတ္တာတစ်လုံးတို့မှာ အဖုံးပွင့်နေပြီး ဘီရိုအတွင်းရှိ အဝတ်အစားနှင့် ပစ္စည်းများ ပြန့်ကျဲနေကာ လယ်တောမသွားမီ ဘီရိုအတွင်းရှိ အနွေးထည်အတွင်းခေါက်လျက်ညှပ်ထားသည့် တစ်ထောင်တန်ငါးအုပ် ငွေကျပ် ၅၀၀၀၀၀ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် နေအိမ်အတွင်းဝင်ရောက်၍ ငွေများခိုးယူသွားသူတို့အား အရေးယူပေးရန် မစန်းမြင့်က တရားလိုပြုလုပ်၍ ဝမ်းတွင်းရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။

အဆိုပါ မစန်းမြင့်မှ ၎င်း၏ငွေခိုးယူသူ သုံးဦးနှင့်ပတ်သက်၍ဝမ်းတွင်းမြို့နယ်ရဲစခန်းက ဦးကြည်လှိုင်၊ ဒေါ်အေးလှနှင့် ဦးတုတ်မြိုင်တို့ သုံးဦးအား (ပ)၂၅၉/၁၄ ပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့် အရေးယူထားကြောင်းသိရသည်။

တင်လှိုင်(မိတ္ထီလာ)

ဟန်းဆက်အရောင်းဆိုင်မှ ဟန်းဆက်များခိုးယူခံရ

စစ်ကိုင်း၊ ဇူလိုင် ၇

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ရှိ New Design ဟန်းဆက်အရောင်းဆိုင်မှ ဟန်းဆက်များ ခိုးယူခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းမြို့၊ နန်းဦးမြို့သစ်ရပ်နေကိုအာကာဖြိုးသည် ဇွန် ၂၄ ရက် ည ၈ နာရီတွင် စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက် ရှိဂုဏ်ပိုင်သော New Design ဟန်းဆက်ပစ္စည်းအရောင်းဆိုင်အား သော့ခတ်ပိတ်ပြီး နေအိမ်သို့ပြန်အိပ်ခဲ့သည်။ ဇွန် ၂၅ ရက် နံနက် ၈ နာရီတွင် ဆိုင်သို့ရောက်ရှိရာ ဆိုင်အတွင်းရှိ ပစ္စည်းများခြေရာပျက်နေသည်ကို တွေ့ရှိရ၍ စစ်ဆေးကြည့်ရာ ဆိုင်အတွင်းမှန်ကောင်တာလေးခုရှိသည့်အနတ် ငွေကောင်တာအံဆွဲအတွင်းမှ ဟန်းဆက်မျိုးစုံ ၁၅ လုံးနှင့် အံဆွဲအတွင်း သိမ်းဆည်းထားသော ငွေစက္ကူရောရာ စုစုပေါင်း ငွေကျပ် ၁၁၃၀၀၀၀ ပျောက်ဆုံးနေသည်ကို တွေ့ရသည်။

သို့ပါ၍ ဟန်းဆက်အရောင်းဆိုင်အတွင်းမှ ဟန်းဆက်များနှင့်ငွေများခိုးယူသွားသူအား တရားဥပဒေအရ စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် ကိုအာကာဖြိုးမှ လာရောက်တိုင်တန်း၍ စစ်ကိုင်းမြို့မရဲစခန်းမှ(ပ) ၂၈၀/၂၀၁၄ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ အရ အရေးယူထားပြီး တရားခံဖော်ထုတ်ရေးဆောင်ရွက်နေကြောင်းသိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

ဝါးခယ်မတွင် ကွန်ပျူတာသင်တန်းဖွင့်ပွဲကျင်းပ

ဝါးခယ်မ၊ ဇူလိုင် ၇

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ဦးနုစာကြည့်တိုက်တွင် မြို့နယ်နည်းပညာဖွံ့ဖြိုးရေးအဖွဲ့မှ ကျင်းပပြုလုပ်သည့် အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအား ဇူလိုင် ၅ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့ရာ အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမင်းသူမှ အဖွင့်အမှာစကားပြောကြားပြီး ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) နာယက ဆရာဦးအောင်သန်း၊ နည်းပညာဖွံ့ဖြိုးရေးအဖွဲ့ နာယက ဒေါက်တာသက်ရှည်နှင့် ဒု-ဥက္ကဋ္ဌ ဦးအောင်ကျော်တို့မှ သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြကာ အခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ နည်းပညာဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများနှင့် သုတေသနလုပ်ငန်းသုံးစက်ပစ္စည်း(၂၄)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။ အသေးစိတ်စာရင်းများအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)ရှိ ကြော်ငြာသင်ပုန်းတွင် ကပ်ထားမည်ဖြစ်ပါသည်။

၂။ တင်ဒါစပေါ်ငွေကို တင်ဒါစည်းကမ်းချက်တွင် ပါရှိသည့်အတိုင်း ဆောင်ရွက်၍ Open Tender ပုံစံများကို ၉-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၈-၇-၂၀၁၄ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းရက် တိုးမြှင့်ပြင်ဆင်သတ်မှတ်ခြင်း

၁။ ၁၄-၆-၂၀၀၄ရက် ကြေးမုံသတင်းစာနှင့် ၁၆-၆-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာတို့တွင် အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့သော စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနပိုင် ရန်ကုန်မြို့၊ အမှတ်(၁၆၉)၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ (ယခင်ကုန်သွယ်မှုဗဟိုဌာန) (၆)ထပ်အဆောက်အအုံနှင့် ရန်ကုန်မြို့၊ အမှတ် (၆၂၂/၆၂၆)၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်ရှိ (၃)ထပ်အဆောက်အအုံတို့ ငှားရမ်းမည့် တင်ဒါအဆိုပြုလွှာ တင်သွင်းရမည့်နေ့ရက်ကို ၁၀-၇-၂၀၁၄ရက် ၁၃း၀၀နာရီအစား ၃၁-၇-၂၀၁၄ ရက် ၁၆း၃၀နာရီမတိုင်မီအထိ တိုးမြှင့်ပြင်ဆင် သတ်မှတ်လိုက်ပါသည်။

၂။ တင်သွင်းလာသည့် တင်ဒါအဆိုပြုလွှာများအား စိစစ်ပြီး တင်ဒါစည်းကမ်းချက်များနှင့် ညီညွတ်သော အဆိုပြုလွှာများကိုသာ လက်ခံစိစစ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန
ထားဝယ်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး ရန်ပုံငွေဖြင့် မြို့နယ်များတွင် ဆောင်ရွက်မည့် အားကစားနှင့် ကာယပညာရုံးများ၊ ပွဲကြည့်စင်များတည်ဆောက်ခြင်း၊ အားကစားကွင်း၊ အားကစားရုံများ ပြုပြင်တည်ဆောက်ခြင်းနှင့် အခြားလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသဖြင့် အောက်ပါအတိုင်း လျှောက်လွှာတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက်	-	၁၀-၇-၂၀၁၄ရက် (ကြာသပတေးနေ့)မှစတင်၍ ရုံးချိန်အတွင်း
တင်ဒါပိတ်မည့်ရက်နှင့်အချိန်	-	၃၁-၇-၂၀၁၄ရက်(ကြာသပတေးနေ့) (၁၆း၀၀)နာရီ
တင်ဒါတင်သွင်းရမည့်နေရာ	-	တိုင်းဒေသကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာနရုံး လေယာဉ်ကွင်းလမ်း၊ ပျောတောဝရပ်၊ ထားဝယ်မြို့ ဖုန်း-၀၅၉-၂၃၅၄၂၊ ၀၉-၈၇၆၂၉၃၇
တင်ဒါဖွင့်မည့်ရက်နှင့်အချိန်	-	၇-၈-၂၀၁၄ရက် (ကြာသပတေးနေ့) ၁၀း၀၀နာရီ
တင်ဒါဖွင့်မည့်နေရာ	-	တနင်္သာရီတိုင်းဒေသကြီး၊ အားကစားခန်းမ ရှမ္မလည်ဆွဲရပ်၊ ထားဝယ်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

ဝဲလောင်ဆည်ရေဖြင့် ရေသွင်းနှမ်းအောင်မြင်ဖြစ်ထွန်း

တောင်သာ၊ ဇူလိုင် ၇

နှမ်းသီးနှံအား စိုက်ပျိုးရခြင်းမှာ ဝဲလောင်ဆည်ရေသောက်ဒေသအတွင်း မြေဆီလွှာရေရှည်တည်တံ့ကောင်းမွန်စေရေးအတွက် မြင်းခြံခရိုင်စိုက်ပျိုးရေးနှင့် တောင်သာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းပြီး သီးနှံပုံစံ ပြောင်းလဲစိုက်ပျိုးနိုင်ရန် တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သဖြင့် ယခုနှစ်မိုးရာသီမှစတင်ပြီး မိုးကြိုရေသွင်းနှမ်းများကို ဧက ၁၅၀ စတင်စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းနေကြောင်း ဒေသခံများက ပြောသည်။

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့၏အနောက်တောင်ဘက် ၁၅ မိုင်ခန့် အကွာတွင် ဝဲလောင်ဆည်တည်ရှိပြီး ၎င်းဆည်ရေဖြင့် မိုးစပါး၊ နွေစပါးများကို စိုက်ပျိုးခဲ့သည်။ စပါးစိုက်ပျိုးရာတွင် ရေသွင်းရေထုတ်ပြုလုပ်ရန် ခက်ခဲသော အချို့လယ်မြေများတွင် ရေလိုအပ်ချက်နည်းသော သီးနှံဖြစ်သည့် နှမ်းသီးနှံကို ယခုနှစ်တွင် စတင်စိုက်ပျိုးခဲ့သည်။

တောင်သာတွင် ဝဲလောင်ဆည်ရေဖြင့် စိုက်ပျိုးထားသော ရေသွင်းနှမ်းများ အောင်မြင်ဖြစ်ထွန်းနေသည်ကို တွေ့ရစဉ်။

"နွေစပါး တစ်သီးလုပ်ပြီး ဒီနှစ်မိုးကြိုရေသွင်းနှမ်း စိုက်ပျိုးတာ တော်တော်အဆင်ပြေတယ်။စပါးနဲ့စာရင် ကုန်ကျစရိတ်က နည်းတယ်။ နှမ်းဈေးကလည်းကောင်းနေတော့ တွက်ခြေကိုက်ပါတယ်" ဟု နှမ်းသီးနှံစိုက်ပျိုးသော ဝဲလောင်ကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာမှ နှမ်းစိုက်တောင်သူကြီး ဦးကျော်ဝင်းကပြောသည်။

ထိုကဲ့သို့ နှမ်းသီးနှံစိုက်ပျိုးသောကြောင့် တစ်ဧကစိုက်ပျိုးသော ကုန်ကျစရိတ်နည်းခြင်း၊ ရေလိုအပ်ချက်နည်းခြင်း၊ နှမ်းဈေးနှုန်းကောင်း၍တွက်ခြေကိုက်ခြင်းတို့ကြောင့် စိုက်ပျိုးရခြင်းဖြစ်ကြောင်းကို နှမ်းစိုက်တောင်သူများက ပြောသည်။

ကျော်မျိုးနိုင်(တောင်သာ)

လျှပ်စစ်မီးလင်းရေးဖွင့်ပွဲနှင့် ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

ရွှေဘို၊ ဇူလိုင် ၇

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကျွန်းလှမြို့နယ်၊ ကုက္ကိုကုန်းကျေးရွာအုပ်စု၊ ကုက္ကိုကုန်းကျေးရွာ ၂၄ နာရီလျှပ်စစ်မီးလင်းရေးဖွင့်ပွဲနှင့် 'မူးနဒီ' ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၄ ရက်နေ့ နံနက်က ကျေးရွာမုခ်ဦးရှေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

၂၄ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်ဝင်း၊ တိုင်းဒေသကြီးအင်ဂျင်နီယာမှူး ဦးစိန်ကျော်တင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးကျော်နိုင်တို့က ဖွင့်လှစ်ပေးကြ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးသာအေးက လျှပ်စစ်မီးလင်းရေးမုခ်ဦးအား ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ 'မူးနဒီ' ကျောင်းဆောင် သစ်အား တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးကျော်နိုင်၊မြို့နယ် ပညာရေးမှူး ဦးဝင်းရွှေတို့ကကျောင်းဆောင်သစ်ကိုဖွင့်လှစ်ပေးခဲ့သည်။

ကျေးရွာကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ညွှန့်က 'မူးနဒီ' ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီး ဒုတိယတိုင်းပညာရေးမှူး ဦးလူမော်က လက်ခံရယူခဲ့သည်။ ယင်းနောက် ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူတို့က ကျေးရွာအလယ်တန်းကျောင်း(ခွဲ) အတွက် တီဗွီတစ်လုံး၊ ကျောင်းသုံးဗလာစာအုပ်၊ အားကစားပစ္စည်း၊ ဂျာနယ်စာစောင်များပေးအပ်ခဲ့ပြီး ကဗျာလွှတ်အဖွဲ့နှင့် ပန်းပွားအဖွဲ့တို့အား ဂုဏ်ပြုဆုငွေနှင့် လှူဒါန်းပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါကျောင်းဆောင်သစ်မှာ နိုင်ငံတော်ခွင့်ပြုရန်ပုံငွေကျပ် ၄၃၂ သိန်းဖြင့် ဆောက်လုပ်ပြီး (အလျား ၁၄၀× အနံ ၃၀×အမြင့် ၁၂) ပေဖြစ်ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

ဥာဏ်ရည်မမီသူကို အဓမ္မပြုကျင့်

ရန်ကုန် ဇူလိုင် ၇

ဒဂုံမြောက်ပိုင်းမြို့နယ်နေ အသက် ၃၈ နှစ်အရွယ် အမျိုးသမီးတစ်ဦးမှ အသက် ၁၈ နှစ်အရွယ် ဥာဏ်ရည်မမီသူသမီးဖြစ်သူကို ရပ်ကွက်အတွင်းရှိ ဈေးဆိုင်တွင် ဈေးသွားဝယ်ရန်စေလွှတ်ခဲ့စဉ် သမီးဖြစ်သူကို ကျောချင်းကပ်နေအိမ်မှ သိန်းဇော်က အဓမ္မအဖြစ်ပြုကျင့်ခဲ့၍ အရေးယူပေးရန်ဇူလိုင်၂ ရက်နေ့ကတိုင်ကြားခဲ့ရာ ဒဂုံမြောက်ပိုင်းမြို့မရဲစခန်းက (ပ) ၃၅၉/၁၄ ပြစ်မှုပုဒ်မ ၃၇၆ အရအမှုဖွင့်အရေးယူထားသည်။ **(၃၁)**

မူးယစ်ဆေးဝါးအလွဲသုံးမှု တိုက်ဖျက်ရေးနေ့ ကျင်းပ

ဆော၊ ဇူလိုင် ၇

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက်က ဂန့်ဂေါခရိုင် ဆောမြို့ ယောမင်းကြီးဦးဘိုးလှိုင်ခန်းမတွင် ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သည့်သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းက ဖတ်ကြားသည်။ ထို့နောက် အဆိုပါအထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်နှင့် အလယ်တန်းဆင့် စာစီစာကုံးပြိုင်ပွဲဆုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကျော်တို့က ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(၄၆၅)**

မြို့နယ်သမဝါယမ၏ထုတ်ချေးငွေများ တောင်သူများမှပြန်လည်ပေးဆပ်

မြင်းခြံ၊ ဇူလိုင် ၇

မြင်းခြံမြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ယူ၍ တောင်သူများသို့ ဇန်နဝါရီ ၃၀ ရက်တွင် စတင်ထုတ်ချေးပေးခဲ့သော Exin Bank(China) မှ ချေးငွေကျပ် သိန်း ၁၅၄၁၅ ဒသမ ၇၅ နှင့် CB Bank မှ ချေးငွေကျပ် သိန်း ၂၄၈၆ ဒသမ ၇၀ တို့ကို တောင်သူများမှ ပြန်လည်ပေးဆပ်နိုင်ရေးအတွက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သာနှင့် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းအောင်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထိုချေးငွေများအား တောင်သူများမှဇွန် ၂၆ ရက်တွင် အရင်းရောအတိုးပါ အပြေအကြေ ပေးဆပ်ပြီးခဲ့ကြောင်း သိရသည်။

ထိုသို့ချေးငွေများကို အပြေအကြေပေးဆပ်ပြီးဖြစ်သဖြင့် တောင်သူများသို့ ချေးငွေပြန်လည်ထုတ်ချေးခြင်းကို ဇူလိုင် ၁၀ ရက်အတွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ကျောက်တံခါးမြို့နယ် မြို့ချောင်း ချောင်းမြောင်းအတွင်း၌ တရားမဝင် ပိုင်ရှင်မဲ့သစ်များ သိမ်းဆည်းရမိ

ကျောက်တံခါး၊ ဇူလိုင် ၇

ဇူလိုင် ၄ ရက် နေ့လည် ၂ နာရီခန့်တွင် ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်း၏ အနောက်ဘက် ၈ မိုင်ခန့်အကွာ မြို့ချောင်း ချောင်းမြောင်းအတွင်း တရားမဝင်သစ်များရှိနေကြောင်း သတင်းအရ ကျောက်တံခါးမြို့နယ် သစ်တောဦးစီးအရာရှိ ဦးကျော်ကျော်ဦးပါ ခြောက်ဦး၊ သစ်တောရဲတပ်ဖွဲ့မှ တပ်ကြပ်ယဉ်ထွေးပါ လေးဦး၊ ချက်ပွိုင့်ရဲကင်းမှ ရဲကင်းမှူး ဒုရဲအုပ်ဇင်မင်းထွန်းပါ သုံးဦးတို့ ပူးပေါင်းအဖွဲ့သည် မြို့ချောင်း ချောင်းဘေးသို့ လိုက်လံစုံစမ်းရှာဖွေရာ မြို့ချောင်း ချောင်းမြောင်းအတွင်းမှ အခြားသစ်ခွဲသား ၁၅ ချောင်း ဝ ဒသမ ၉၂၀ တန် ခန့်မှန်းတန်ဘိုး ၁၈၄၁၆၀ ကျပ် မြို့ချောင်းဆောက်လုပ်ရေး အနောက်ဘက် စိုက်ခင်းအတွင်းမှ ကျွန်းခွဲသားဆိုဒ်စုံ ရှစ်ချောင်း ၃၁၅၂ တန်ခန့်မှန်းတန်ဘိုး ၂၂၀၆၄၀ ကျပ်၊ မြို့ချောင်းသုသာန်အတွင်းမှ ကျွန်းခွဲသားဆိုဒ်စုံ ၁၁၃ ချောင်း ၂ ဒသမ ၁၅၀၄ တန် ခန့်မှန်းတန်ဖိုး ၁၅၀၅၉၈၀ ကျပ်တို့အား ပိုင်ရှင်မဲ့ သိမ်းဆည်းရသဖြင့် သစ်တောဥပဒေအရ ဆက်လက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဦး(ကျောက်တံခါး)

စွမ်းအင်ဝန်ကြီးဌာန

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

(၁၅/ ၂၀၁၄)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(၁)	IFB-067(14-15)	Portable Welding Machine with Complete Accessories (300 AMP, Diesel Engine Driven (4) Sets	US$
(၂)	IFB-068(14-15)	Data Processing Centre and Interpretation Work Station (1) Lot	US$
(၃)	IFB-069(14-15)	High Pressure Rubber Hoses for ZJ 70L Drilling Rigs (2) Items	US$
(၄)	IFB-070(14-15)	Spares for HDD Rig (12)Items	US$
(၅)	IFB-071(14-15)	Spares for CAT G 398 Gas Engine and Worthington 5 SU 3 Compressor (46) Items	US$
(၆)	DMP/L-012(14-15)	Spares for Komatsu Dozers (23) Items	Ks
(၇)	DMP/L-013(14-15)	Fuel Bowser (3200 Gal Capacity) (2) Units	Ks

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၅-၈-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆





ခြံရောင်းမည်

ပေ(၄၀×၆၀)မြေနီကွင်းကျေးရွာ၊ ရန်ကုန်-နေပြည်တော်အမြန်လမ်းမဘေးမေးတင်၊ ၁၈ မိုင် ၃ ဖာလုံ၊ (၆၅ သိန်း) ဖုန်း-၄၂၈၁၉၄၈၈၂။

မြင်းခြံမြို့နယ်၊တူရွင်းဘိုကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) တိုးမြှင့်ဖွင့်လှစ်

မြင်းခြံ၊ ဇူလိုင် ၇

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ တူရွင်းဘို့ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအား အခြေခံပညာအ လယ်တန်းကျောင်း (ခွဲ) အဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇူလိုင် ၄ ရက် နံနက်က ကျင်းပခဲ့သည်။

ထို့နောက် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က ယခုလို အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) အဖြစ်အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရသည့်အတွက် တူရွင်းဘို့ ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိရပ်ရွာတွင် အေးချမ်းစွာ ပညာဆက်လက်သင်ကြားနိုင်သဖြင့် ကြိုးကြိုးစားစား သင်ကြားစေလိုကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြို့နယ်ပညာရေးမှူး ဦးဘသစ်နှင့် လက်ထောက်ပညာရေးမှူးများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ စုံညီစွာတက်ရောက်ကြကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

မိတ္ထီလာမြို့နယ် စည်ပင်သာယာမှ ကျပ်သိန်း ၅၀ ထက် လုပ်ငန်းများ အိတ်ဖွင့်တင်ဒါခေါ်ယူ

မိတ္ထီလာ၊ ဇူလိုင် ၇

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်နှင့် ဆောင်ရွက်မည့်ကျပ်သိန်း ၅၀ အထက်လုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ကိုင်ခွင့် လိုင်စင်ရရှိထားသော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်သွင်းရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

အဆိုပါ သိန်း ၅၀ နှင့်အထက် လုပ်ငန်းများအား ဆောင်ရွက်လိုသော လုပ်ငန်းရှင်များသည် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးကော်မတီရှိ အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ သတ်မှတ်ထားသော အဆိုပြုလွှာ၊ စည်းကမ်းချက်များနှင့်အညီ မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးကော်မတီသို့ ဇူလိုင် ၂၈ရက် နံနက် ၁၀ နာရီအတွင်း လျှောက်ထားရမည် ဖြစ်သည်။

တင်ဒါအဆိုပြုလွှာနှင့်အတူ ဆောက်လုပ်ခွင့်လိုင်စင်၊ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီပိုင်ဆိုင်မှုတို့ကို တင်ပြရမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးရုံးတွင် လာရောက်စုံစမ်းနိုင်ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိန်း၅၀နှင့်အထက်လုပ်ငန်းများမှာ မြို့ပြကျေးလက်လမ်းတံတားများ၊ရေပေးဝေရေးလုပ်ငန်းများ၊ ဈေးကောက်လုပ်ငန်းများနှင့် အခြားလုပ်ငန်းများပါဝင်ကြောင်း သိရသည်။ **(၁၁၁)**

ဆိုင်ကယ်မဆင်မခြင်မောင်းနှင်မှုကြောင့် အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်တိုက်မိ၍ ဒဏ်ရာရရှိ

စစ်ကိုင်း၊ ဇူလိုင် ၇

ဆိုင်ကယ်အား မဆင်မခြင်မောင်းနှင်မှုကြောင့် အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်တိုက်မိပြီး လူများ ဒဏ်ရာရရှိသွားသည့် ဆိုင်ကယ်တိုက်မှု ဇူလိုင် ၂ ရက်က စစ်ကိုင်းမြို့တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှ ဇူလိုင် ၂ ရက် နံနက် ၈ နာရီ၄၅ မိနစ်တွင် စစ်ကိုင်းမြို့မရဲစခန်းမှ ဒုရဲအုပ်စိုးဝင်း စခန်းတွင် တာဝန်မှူးဆောင်ရွက်နေစဉ် စစ်ကိုင်းမြို့၊ ကျော်ထက်ကွေ့လမ်းဆုံ၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ ဒုတပ်ကြပ်ကြီး မျိုးဝင်းက သက်သေများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ ထက်ထက်အောင် ၁၉ နှစ် ကျောင်းသား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးနေသူမှ ဆိုင်ကယ်အနက်ရောင်အား မောင်းနှင်ပြီး နောက်တွင် အောင်မျိုးဇော် ၁၉ နှစ် ကျောင်းသား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့နေသူ လိုက်ပါလာသော ရတနာပုံတံတားဘက်မှ အိုးဘိုအဝိုင်းပတ်ဘက်သို့ မောင်းနှင်လာစဉ် ကျော်ထက်ကွေ့လမ်းဆုံအရောက်ငှင်းရှေ့မှ မျက်နှာချင်းဆိုင် ကိုဇော်ဝင်း ၄၂ နှစ်၊ ကုန်ထမ်း၊ ရွာသစ်ရွာ၊ စစ်ကိုင်းမြို့နေသူမှ အနက်ရောင်ဆိုင်ကယ်မောင်းနှင်ပြီး နောက်တွင် ဒေါ်သန်းစိုး ၄၂ နှစ်၊ ကုန်ထမ်း၊ ရွာသစ်ရွာ၊ စစ်ကိုင်းမြို့နေသူတို့လိုက်ပါလာသည့် ဆိုက်ကယ်သည် ကားကြီးကွင်းသွားသည့် တစ်ဖက်လမ်းကြောသို့ ချိုးကွေ့စဉ် တိုက်မိကြ၍ ဆိုင်ကယ်မောင်းသူ ဇော်ထက်အောင် ဝဲဘက်လက်ခ လယ်ကွဲအက်ဒဏ်ရာရရှိခဲ့သည်။

ဆိုင်ကယ်မောင်းသူကိုဇော်ဝင်းတွင်ယာလက်မောင်း နာကျင်ဒဏ်ရာ ဝဲဒူးပွန်းဒဏ်ရာ ဝဲခြေကျင်းပွန်းပဲ့ဒဏ်ရာများ ဆိုင်ကယ်နောက်မှလိုက်ပါသူ ဒေါ်သန်းစိုး၏ဝဲဒူးနာကျင်ဒဏ်ရာ၊ အောင်မျိုးဇော်တွင် ယာဒူးနာကျင်ဒဏ်ရာ ဝဲလက်ဝါးပွန်း ဒဏ်ရာများ ရရှိခဲ့သည်။

ဆိုင်ကယ်အားမဆင်မခြင်မောင်းနှင်ပြီး ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မောင်းသူ ကိုဇော်ထက်အောင်နှင့် ကိုဇော်ဝင်းတို့အား ယာဉ်(ပ)၅၉/၂၀၁၄ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇/၃၃၈အရ အမှုဖွင့်အရေးယူထားသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

စာအုပ်စာစဉ်များ အသစ်လဲလှယ်ဆောင်ရွက်

ကော့သောင်း၊ ဇူလိုင် ၇

Mini book Coner များမှ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်အတွင်း ခင်းကျင်းထားရှိသည့် Mini book coner များတွင် အတွဲ-၂၊ အမှတ် ၆ စာအုပ်စာစဉ်များ အသစ်လဲလှယ်ခြင်းလုပ်ငန်းကို ဇူလိုင် ၄ ရက် မွန်းလွဲပိုင်းက ကော့သောင်းခရိုင် ပြန်/ဆက် ဦးစီးဌာနမှ ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ပြန်/ဆက်ဦးစီးဌာနမှ နိုင်ငံနှင့် အဝှမ်း စာဖတ်ရှိန်မြင့်တက်လာရေး၊ စာဖတ်ခြင်းအလေ့အထ ရှင်သန်လာစေရေး၊ လုပ်ငန်းခွင်မပျက် စာပေဖတ်ရှုလေ့လာနိုင်ရေး၊ အသိပညာဗဟုသုတ ကြွယ်ဝလာစေရေး ရည်ရွယ်၍ Mini book coner ဖွင့်လှစ်ခဲ့ပြီး ဗဟုသုတဖြစ်ဖွယ် ဘာသာရပ်အလိုက် စာစဉ်များ ထားရှိပေးခဲ့သည်။

အဆိုပါ အသစ်လဲလှယ်ပေးသည့် စာစဉ်များတွင် ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် အနုပညာ၊ အားကစား၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အတ္ထုပ္ပတ္တိ၊ ပြည်သူနီတိ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး စသည့်ဘာသာရပ်အလိုက် စာစဉ်များကို ပြည်သူများ လွယ်လင့်တကူ လေ့လာဖတ်ရှုနိုင်စေရန် အသစ်လဲလှယ်ခင်းကျင်းခဲ့ကြကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြု

ဝက်လက်၊ ဇူလိုင် ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်မှ ၂၀၁၃-၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားများနှင့်ဆရာမများအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(ဗဟို)ဒုဥက္ကဋ္ဌ စစ်ကိုင်းတိုင်းတာဝန်ခံ ဝက်လက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီသူရဦးအေးမြင့်မှ ဂုဏ်ပြုပွဲကိုဇွန် ၂၉ ရက်နံနက်၉နာရီက အခြေခံပညာ အထက်တန်း ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ပညာရေးမြင့်မှ တိုင်းပြည်တိုးတက်မြင့်မားမှာဖြစ်သည့် အတွက်တစ်နိုင်ငံလုံး အလေးထားမြှင့်တင်ပေးနေကြောင်း ပညာရေးကိုအားပေးလိုသည့်ရည်ရွယ်ချက်ဖြင့် စေတနာရှင်များအားကိုရယူ၍ချီးမြှင့်ကြောင်းကို သူရဦးအေးမြင့်က ပြောကြားပြီးထူးချွန်ကျောင်းသားကျောင်းသူများနှင့် ထူးချွန်အောင်သင်ကြားခဲ့ကြသော ဆရာ၊ ဆရာမများအားတာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဝက်လက်မြို့နယ်မှ ၂၀၁၃-၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၊ လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၇၃ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၉၈ ဦးတို့အား ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။

နန်းမြင့်



ရုံးခန်းလိပ်စာသစ်ပြောင်းရွှေ့ခြင်း

Eiksietan Co.,Ltd. ၏ရုံးခန်းကို အမှတ်(29/B)၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်မှ အမှတ်(34.D/8)၊ စမ်းရေတွင်းလမ်း၊ ဗဟန်းမြို့နယ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားပါကြောင်း အသိပေးအပ်ပါသည်။

Eiksietan Co.,Ltd.

Ph:01-551328, 09-73157075, 09-73056913

အတွေးအမြင်ဆောင်းပါး

"ငါဟဲ့ လူသား"

à xujfwbl

လုပ်ငန်းခွင်တစ်ခုရဲ့ တစ်မိုးတည်းအောက်မှာ ၁၀ စုနှစ်တစ်ခုလောက် အတူတူတွဲလုပ်လာခဲ့တဲ့ အစ်မကြီးတစ်ယောက် (ပြောရမယ်ဆိုရင် ကျွန်မထက် ဆယ်စုနှစ်နှစ်ခုလောက် အသက်ကြီးသူ အန်တီတစ်ယောက်) အသက်ကွာခြားပေမယ့် ညီအစ်မလို၊ တခါတရံ သူငယ်ချင်းလို။ တစ်ယောက်ရဲ့အတွင်းရေး တစ်ယောက် ရင်ဖွင့်နေကြ။ အတတ်နိုင်ဆုံး အကြံပေးနေကြ၊ အားပေးနေကြ သူတွေပေါ့။ မိတ်ကပ်ဗူးဝယ်နိုင်ပါသော်လည်း အစ်မကြီးက စစ်စစ်စီစီရှိသူမို့ "လခထုတ်မှ ဝယ်တော့မယ်။ လမကုန်မချင်း သနပ်ခါးပဲလိမ်းတော့မယ်" ပြောလာတဲ့အခါ ကျွန်မက ချစ်ခင်ရင်းနှီးစွဲရှိသူမို့ အားမနာဘဲ လက်ခံစေဖို့ "ဟာ အစ်မကလည်း ပေါက်ပေါက်ရှာရှာ။ တစ်ယောက်ထဲလှနေလို့ ဘယ်ဖြစ်မလဲ။ မရပါဘူး၊ အတူတူလှရမှာပေါ့၊ လိမ်းနော်" လို့ အရွှန်းဖောက်ပြီး ကျွန်မရဲ့ လိမ်းလက်စမိတ်ကပ်ဗူးကို မျှဝေပေးခဲ့ဖူးသူ။ (ကျွန်မကို မွေးနေ့လက်ဆောင်အဖြစ် ကျောင်းနေဖက်သူငယ်ချင်းမတစ်ယောက်က ကလစ်ပန်းရောင်လှလှလေး ပေးလာတုန်းကလည်း ကျွန်မ မသုံးတော့ဘဲ ပန်းရောင်ကြိုက်တဲ့ အဲဒီအစ်မကြီးကို တစ်ဆင့်လက်ဆောင်ပေးခဲ့ဖူးပါရဲ့) လွန်ခဲ့တဲ့ ရက်သတ္တပတ်တစ်ပတ်ခန့်ကဆိုပါတော့။ လုပ်ငန်းခွင်အတွက် အရမ်းအရေးပါတဲ့ ကိစ္စကြီးတစ်ခုကို အတွင်းရေးမှူးဖြစ်တဲ့ ကျွန်မနဲ့ စာရင်းဌာနမှ အဲဒီအစ်မကြီးတို့ ပူးပေါင်းလုပ်ခဲ့ရပါတယ်။ အထက်လူကြီးက အဲဒီအလုပ်ကိစ္စကြီးအတွက် complaint တက်လာတဲ့အခါမှာ၊ လက်တွဲဖော်အစ်မကြီးက (လုံးဝ) ထင်မထားတဲ့ အပြုအမူ အပြောအဆိုမျိုးနဲ့ "အဲဒါ ကျွန်မမသိဘူးလေ၊ သူ (ပေါက်ပေါက်) က စာရင်းစစ်ခိုင်းလို့ စစ်ပေးလိုက်ရရုံပဲရှိတာ" တဲ့။ စိတ်ရင်းအင်မတန်ကောင်းသော်လည်း ရှုရှုးဒိုင်းဒိုင်းကိုင်တွယ်တတ်သူ အထက်လူကြီးရယ်၊ နောက်ပြီး ပြဿနာဖြစ်မှာ တာဝန်ယူရမှာကို စိုးထိတ်တဲ့ ထိုအစ်မကြီးတို့နှစ်ယောက်ကြား အတွင်းရေးမှူးဖြစ်သူ ကျွန်မက အမှားကြီးတစ်ခုကို ကျူးလွန်သယောင် ဖြစ်ခဲ့ရ၏။ သိပ်မကြာပါဘူး။ အလွန်ဆုံး ၁၂-မိနစ်အတွင်းမှာ ကျွန်မက ထိုအခက်အခဲကို ကောင်းစွာဖြေရှင်းလိုက်နိုင်ခဲ့ပါတယ်။ ကျွန်မ (လုံးဝ) မမှားခဲ့ပါ။ ထိုအစ်မကြီးလည်း မမှားခဲ့ပါ။ လုပ်ငန်းခွင်အတွက်လည်း တစ်စုံတစ်ရာမျှ ထိခိုက်နစ်နာမှုမရှိခဲ့ပါ။ ကျွန်မရဲ့ အလုပ်တာဝန်ကို အမှားအယွင်းမရှိ လုပ်ငန်းဌာနအတွက် မဖြစ်မနေလုပ်သင့်တဲ့ကိစ္စကို ကောင်းစွာလုပ်ဆောင်ပြီးခဲ့ကြောင်း အထက်လူကြီးက လက်ခံခဲ့ပါတယ်။ ၁၂-မိနစ်ဆိုတဲ့ အချိန်ဟာ သာမန်အခြေအနေမျိုးမှာ မပြောပလောက်တဲ့ကာလတိုဖြစ်ပေမယ့် အပြစ်တင်ဝေဖန်ခံရမှုကို အထောက်အထားခိုင်လုံစွာ ရှာဖွေတင်ပြအမြင်ရှင်းစေခဲ့ရတဲ့ ကာလကတော့။ (အဲဒီအချိန်တိုကလေးမှာ ငါ့အမှားများဖြစ်သွားမလားရယ်လို့ စိုးထိတ်မှု၊ အားနာမှု၊ မခံချင်စိတ်တွေနဲ့ပေါ့ရှင်) ကိစ္စဖြေရှင်းပြီးတဲ့အခါမှာ အိပ်မရခဲ့ပါဘူး။ မနက်ရောက်တော့ မူးဝေဝေဖြစ်ပြီး အနားယူချင်ပေမယ့် လုပ်ငန်းခွင်မှာ လုပ်လက်စအလုပ်တွေ ရှိနေသေးတာရယ်၊ ကျွန်မရဲ့ လက်ထောက် လုပ်ဖော်ကိုင်ဖက်အခြားဝန်ထမ်းများကို အိမ်ကနေ ဖုန်းဆက်၍ ညွှန်ကြားလုပ်ခိုင်းတဲ့အခါမှာ တစ်စုံတစ်ရာအမှားယွင်းဖြစ်ပြီး တာဝန်တွေအချိန်မီမပြီးမြောက်နိုင်မှာ စိုးတာရယ်၊စိတ်မချတာရယ်၊နောက်ပြီး မနေ့ကပြဿနာကြောင့် ဒီနေ့စိတ်ကောက်ပြီး အလုပ်မလာဘူးရယ်လို့ အထက်လူကြီးတွေကရောလုပ်ဖော်ကိုင်ဖက်တွေကပါ အထင်မှားခြင်းကို မခံနိုင်တာကြောင့်ရုံးကို ပုံမှန်လိုဘဲ စောစောသွား၊ ရုံးခန်းတံခါးဖွင့် အလုပ်လုပ်ပါတယ်။ ဟို-အစ်မကြီး ရုံးရောက်လာပါပြီ။သူနဲ့ကျွန်မ နှစ်ယောက်တည်းပဲ ရှိနေချိန်ဖြစ်ပါတယ်။ သူမက ဒီလိုပြောပါတယ်။

"ပေါက်. . ။ မနေ့ညက ဒို့စိတ်မကောင်းလွန်းလို့ အိမ်မှာ ဘာအလုပ်မှ မလုပ်ဖြစ်တော့ဘဲ အိပ်ယာအစောကြီးဝင်ခဲ့တယ်။ မနေ့က ဒို့စကားပြော မှားသွားတာ တောင်းပန်ပါတယ်။ စိတ်မဆိုးပါနဲ့နော်။ အထက်လူကြီးရောက်လာရင်လည်း ဒို့စကားပြောမှားခဲ့တာကို ဝန်ခံပြောပြပါ့မယ်" တဲ့။

ပုထုဇဉ်ဖြစ်တဲ့ ကျွန်မက မျက်ရည်လွယ်တဲ့ ကျွန်မ ဘာစကားမှ ပြန်မပြောနိုင်ဘဲ တစ်ရှူးစကိုင် သန့်စင်ခန်းထဲပြေးဝင်ပြီး စီးကျလာတဲ့ မျက်ရည်တွေ သုတ်ခဲ့ရပါတယ်။ အထက်လူကြီးရောက်လာတော့ မနေ့ကစိတ်ထိခိုက်လို့ တစ်ညလုံး အိပ်လို့မရ၍ မူးနေတဲ့အကြောင်း (ကျွန်မ နှလုံးအားနည်း ရောဂါရှိတာကို အထက်လူကြီးသာမက၊ ဌာနတစ်ခုလုံး သိပြီးဖြစ်၏။) ဒီနေ့အတွက် ဌာနဆိုင်ရာရုံးတွေမှာ တင်ရမယ့်စာတွေကို လက်စသတ်ပြီးတာနဲ့ အိမ်ပြန်တော့မည့်အကြောင်း၊ နေ့တစ်ဝက်ခွင့်တိုင်ပြီး ကိစ္စအားလုံးပြီးချိန်မှာ အိမ်ပြန်လာခဲ့ပါတော့တယ်။ ဒီနေ့ ကျွန်မ အလုပ်ပြန်တက်ပါပြီ။ လုပ်ငန်းခွင်ကို ရောက်လာတဲ့အခါ -

> ကိုယ်ပိုင်စီးပွားရေး မလုပ်နိုင်သေး၍ သူများဝန်ထမ်းဖြစ်ရတဲ့ ဘဝမှာ အထက်အရာရှိများသာမက လုပ်ဖော်ကိုင်ဖက် ဘဝတူ ဝန်ထမ်းများနှင့် အဆင်ပြေအောင် အပြန်အလှန်ယုံကြည်မှု. . .

(၁) ထုံးစံအတိုင်း အလုပ်တာဝန်တွေကို တက်ကြွစွာဖြင့် အမှားအယွင်းမရှိအောင် ယခင်နေ့များထက်ပို၍ အာရုံစူးစိုက်လုပ်နေပါတယ်။

(၂) ၁၈ နှစ်နီးပါး အလုပ်လုပ်လာတဲ့ ဒီလုပ်ငန်းဌာနအရိပ်အောက်မှာ ပျော်ပျော်ရွှင်ရွှင်နဲ့ ကြိုးစားနေပါတယ်။

(၃) တစ်မိုးတည်းအောက် အတူတူလုပ်နေကြတဲ့ လုပ်ဖော်ကိုင်ဖက် ဟိုအစ်မကြီးကိုလည်း အပြစ်မမြင်ချင်တော့ပါ။

(ဩော်-သူလဲလေ လောကီသားပေမို့ ကိုယ်လွတ်ရုန်းတယ်ထင်ပါ့။ နောက်ပြီး သူ ကျွန်မကို တောင်းပန်ခဲ့တာပဲလေ။ လူတစ်ယောက်ကို တောင်းပန်ဖို့ဆိုတာ သူ့ရဲ့ မာန်မာနနဲ့ သိက္ခာကို ခဝါချရတာ) သို့သော် ကျွန်မရဲ့ စိတ်နှလုံးအိမ်ထဲက ခင်မင်ခဲ့ရသူ အဲဒီအစ်မကြီးကိုတော့ အရင်တုန်းကလို ယုံကြည်မှု မရှိနိုင်တော့ဘူးဆိုတာ ကျွန်မ ဝန်ခံပါရစေ။

(၄) ကျွန်မတောင် စိတ်ထိခိုက်နေရင် အမှားလုပ်မိတဲ့ သူမက ကျွန်မထက် အဆပေါင်းများစွာ စိတ်ထိခိုက်မိနေမယ်လို့ ယုံကြည်ပါတယ်။

(၅) ကိုယ်ပိုင်စီးပွားရေး မလုပ်နိုင်သေး၍ သူများဝန်ထမ်းဖြစ်နေရတဲ့ ဘဝမှာ အထက်အရာရှိများသာမက လုပ်ဖော်ကိုင်ဖက် ဘဝတူဝန်ထမ်းများနှင့် အဆင်ပြေအောင်၊ အပြန်အလှန် ယုံကြည်မှု၊ နားလည်မှုရှိအောင် ဆက်လက်ကြိုးစားပါဦးမယ်။

(၆) ကျွန်မရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ ရိုးသားမှုသည် တစ်ခါတစ်ရံ၌ ရှုံးနိမ့်စေတတ်၏။ သို့သော် တစ်သက်လုံးကား လိပ်ပြာလုံစေတော့၏။ ဒါ့ကြောင့် ဒီအတိုင်းသာ ရှေ့ဆက်လျှောက်ပါမယ်။

ဝမ်ပုံ-တာချီလိတ်ကားလမ်းမပေါ်တွင် ဒိုင်နာယာဉ်နှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ

တာချီလိတ်၊ ဇူလိုင် ၇

တာချီလိတ်မြို့နယ်၊ မိုင်းဖုန်း(က)ကျေးရွာအုပ်စု၊ ဝမ်တုံကျေးရွာနေ အိုက်အဲသည် အစိမ်းရောင် Toyota Dyna ယာဉ်အား တာချီလိတ်မြို့သို့ မောင်းနှင်လာစဉ် ဇူလိုင် ၄ ရက်ညနေ ၅ နာရီခန့်တွင် ဟွေလှေလှန်ကျေးရွာနှင့် ဆွတ်ဆိုင်ကျေးရွာကြား ဝမ်ပုံ-တာချီလိတ် ကားလမ်းမပေါ် တာချီလိတ်မြို့မှ ဝမ်ပုံရွာဘက်သို့ စိုင်းလုံတစ်၊ မောင်းနှင်လာသော Honda Wave ဖြူ/ပြာကြားနံပါတ်မပါဆိုင် ကယ်နှင့် မျက်နှာချင်းဆိုင်တိုက်မိခဲ့ကြောင်းသိရသည်။ဆိုင်ကယ်မောင်းနှင်သူ စိုင်းလုံတစ်တွင် ဝမ်းဗိုက်ယာဘက် ညိုမဲဒဏ်ရာ၊ ဝဲဘက်ခြေဖျားနှင့်ခြေဖနောင့်ပေါက်ပြဲဒဏ်ရာ ရရှိပြီး သတိလစ်မေ့မြောနေသဖြင့် ဟွေလှေလှန်ပူးပေါင်းစစ်ဆေးရေးဂိတ်တာဝန်ကျ ဒုတပ်ကြပ်သိန်းဝင်းမှ တာချီလိတ် ဆေးရုံသို့သွားရောက်ပို့ဆောင်စဉ် လမ်းတွင်သေဆုံးသွားသဖြင့် ယာဉ်အားမဆင်မခြင်မောင်းနှင်သူအိုက်အဲအား ဝမ်ပုံ နယ်မြေရဲစခန်း ယာဉ်မှုအမှတ်(ပ)၅/၂၀၁၄၊ ပြစ်မှုပုဒ်မ-၃/၄(က)အရ အမှုဖွင့်အရေးယူထားသည်။ **မော်ကြီး(တြိဂံနယ်မြေ)**

အမည်မှန်
ဦးအုန်းဖေ၏သမီး မြစ်ကြီးနားမြို့၊ အထက(၁)၊ ဒသမတန်း(B7)မှ မအေးအေးမြင့်၏ အမည်မှန်မှာ မဆိုင်းဂျာ ဖြစ်ပါသည်။

ဖခင်အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်
ဟိုပင်မြို့၊ အထက(ခွဲ) စက်ကုန်း၊ ဒုတိယတန်းမှ မောင်လှကိုဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်မျိုးထွန်းဖြစ်ပြီး မွေးသက္ကရာဇ်မှာ ၂၇-၁၂-၂၀၀၆ ဖြစ်ပါသည်။

ပျောက်ဆုံးကြောင်း
ကျွန်မ ဘင်းကူမာရီ|၁/ဝမန(နိုင်) ဝ၆၇၂၆၆|၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၀၀၃၄၉၄၈

အမည်ပြောင်း
ဦးအောင်ကျော်ဦး၏သား မိုးကောင်းမြို့၊ အထက(၁)သူငယ်တန်းမှ မောင်ဖိုးသောကြာအား မောင်ညဏ်လင်းကျော်ဟု ပြောင်းလဲခေါ်ပါရန်။

လာမည့် အာဇာနည်နေ့တွင် ဗိုလ်ချုပ်ပြတိုက်အား ယခင်နေ့များထက် တစ်နာရီ စောဖွင့်ပေးမည်ဖြစ်ပြီး အများပြည်သူများ အခမဲ့လာရောက်လေ့လာနိုင်

ရန်ကုန်၊ ဇူလိုင် ၇

လာမည့်ဇူလိုင် ၁၉ ရက် ၌ကျရောက်မည့် အာဇာနည်နေ့တွင်ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်အား အများပြည်သူနှင့်ကျောင်းသားကျောင်းသူများအနေဖြင့် နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ အခမဲ့လာရောက်လေ့လာနိုင်ကြောင်း ပြတိုက်၏ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရသည်။ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်အားပုံမှန်အားဖြင့် တနင်္လာနေ့နှင့်အစိုးရရုံးပိတ်ရက်များမှအပကျန်နေ့ရက်များတွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ အများပြည်သူများ အခမဲ့လာရောက်လေ့လာနိုင်သော်လည်း အာဇာနည်နေ့တွင် ပိုမိုလာရောက်လေ့လာနိုင်ရန်အတွက် ရည်ရွယ်၍ အချိန်တစ်နာရီ စောကာ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"ဗိုလ်ချုပ်က တစ်နိုင်ငံလုံး လေးစားဂုဏ်ပြုကြတဲ့ ပုဂ္ဂိုလ်ဖြစ်သလို ကျွန်တော်တို့နိုင်ငံရဲ့လွတ်လပ်ရေးဖခင်ကြီးလည်း ဖြစ်ပါတယ်။ ဗိုလ်ချုပ်ကွယ်လွန်သွားပြီဆိုတဲ့ သတင်း ကြားတဲ့အခါ အိန္ဒိယခေါင်းဆောင်ကြီးနေရူးက ဗိုလ်ချုပ်ကွယ်လွန်တာ မြန်မာပြည်အတွက် ခေါင်းဆောင်တစ်ဦး ဆုံးရှုံးတာမဟုတ်ဘဲ အာရှတိုက်တစ်တိုက်လုံးရဲ့ ထူးချွန်ထက်မြက်တဲ့ ခေါင်းဆောင်တစ်ယောက်ဆုံးရှုံးခဲ့တာလို့တောင် ပြောခဲ့ပါတယ်။ ကျွန်တော်တို့ တစ်မျိုးသားလုံးက ဒီနေ့မှာဗိုလ်ချုပ်ကို ပြန်ပြောင်းသတိရကြပြီး ဗိုလ်ချုပ်ချမှတ်တဲ့ လမ်းစဉ်တွေကိုလိုက်နာကြဖို့လိုပါတယ်။ အာဇာနည်နေ့မှာတော့ မနက်ပိုင်းလူလာတာနည်းပြီးအလေးပြုပြီးတဲ့ အချိန်နောက်ပိုင်းမှာ လာရောက်လေ့လာတဲ့ လူတွေများတယ်"ဟု ဗိုလ်ချုပ်ပြတိုက်မှ တာဝန်ခံအရာရှိတစ်ဦးက ပြောသည်။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာပါက ပြတိုက်၏အောက်ထပ်တွင် ဗိုလ်ချုပ်၏ငယ်ဘဝ၊ အိမ်ထောင်သည်ဘဝ၊ နိုင်ငံ့ခေါင်းဆောင်ဘဝ စသော ပြခန်းသုံး ခန်းနှင့်ပြတိုက်၏ အပေါ်ထပ်တွင် အထူးအစည်းအဝေးခန်းမ၊ဗိုလ်ချုပ်၏ အိပ်ခန်း၊စာဖတ်ခန်းနှင့် ကလေးများအိပ်ခန်းစသော ပြခန်းများအားလေ့လာနိုင်ရုံသာမက နေအိမ်အပြင်ဘက်တွင် ယခင်ဗိုလ်ချုပ်စီးခဲ့သော မော်တော်ယာဉ်ပါ လေ့လာနိုင်ပြီး လာရောက်ကြည့်ရှုလေ့လာသူများမှာ ဗိုလ်ချုပ်နှင့်ပက်သက်သော ပြခန်းများအား စိတ်ဝင်စားမှုရှိကြကြောင်း သိရသည်။

"ဗိုလ်ချုပ်ပြတိုက် လုံခြုံရေးကိစ္စကို အာဇာနည်နေ့ကျင်းပရေးကော်မတီ မြို့တော်ဝန်က အဓိကဦးစီးပြီး စီမံဆောင်ရွက်ပါတယ်။ လုံခြုံရေးကို ဗဟိုကော်မတီရဲ့ ညွှန်ကြားချက်နဲ့ လည်းဆောင်ရွက်ပါတယ်။ အနီးစပ်ဆုံးပြောရရင်တော့ ရဲတပ်ရင်းတစ်ရင်းရောက်ပြီးတော့ လုံခြုံရေးဆောင်ရွက်ပါတယ်" ဟု ပြတိုက်၏ တာဝန်ခံအရာရှိကပြောသည်။

ပြီးခဲ့သည့်၂၀၁၃ခုနှစ်၏ အာဇာနည်နေ့တွင်ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသော ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ အရေအတွက်မှာ တစ်သောင်းလေးထောင်ကျော် အထက်တွင် ရှိခဲ့ကြောင်းသိရသည်။

စိုးအောင်ဖေ

ပုလဲမြို့နယ် ပုံတောင်ခြေရင်းတွင် မြေသားပေါင်တင်ခြင်းနှင့် ရေပြွန် ၁၀ ခုတည်ဆောက်နေ

ပုလဲ ဇူလိုင် ၇

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ ပုံတောင်ခြေရှိ အိုင်းမ-အေးချမ်းသာ ကျေးရွာချင်းဆက် လမ်းပေါ်ရှိ မိုးရာသီသွားလာရခက်ခဲသည့် လမ်းအပိုင်းအရှည် ပေ ၆၀၀၀၊ အကျယ် ၁၈ ပေ မြေသားပေါင်တင်ခြင်းလုပ်ငန်းနှင့် ရေပြွန် ၁၀ ခု တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၆၉ သိန်းဖြင့် ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး- ၄ မှစက်ယန္တရားကူညီမှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြေသားပေါင်တင်ခြင်းလုပ်ငန်းနှင့်ရေပြွန် ၁၀ ခုတည်ဆောက်ခြင်းလုပ်ငန်းကို မိုးမကျမီ အမြန်ဆုံး ပြီးစီးရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ မေ ၁၆ရက်က စတင်၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၄ ရက်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးခဲ့ကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာန ဒုတိယဦးစီးမှူးဦးစိုးခိုင်ကပြောသည်။

အေးချမ်းသာကျေးရွာသား ဦးအောင်တင်က "နှစ်စဉ်မိုးကျပြီဆိုရင် ကျွန်တော်တို့ရွာကနေ အိုင်းမလမ်းခွဲအရောက် သုံးမိုင်ခြောက်ဖာလုံလောက်ကို ဆိုင်ကယ်တွန်း ထုတ်သွားရပါတယ်။ အိုင်းမကျေးရွာလမ်းခွဲရောက်မှာ ပုလဲမြို့တို့၊ မင်းတိုင်ပင်ဈေးတို့ကို သွားရောက်ပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှုအစ ကျန်းမာရေးအဆုံး ဆောင်ရွက်ရတာ အဆင်ပြေတာပါ။ ဒီနှစ်တော့ ယခင်နှစ်များကလောက် အခက်အခဲမဖြစ်တော့ဘဲ သွားလမ်းသာလို့ လာလမ်းဖြောင့်ပြီပေါ့ဗျာ"ဟု ပြောသည်။

ကော့သောင်းခရိုင်တွင် တောင်သူများမွေးမြူထားသော ကျွဲနွားများအား ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံ

ကော့သောင်း၊ ဇူလိုင် ၇

ကော့သောင်းခရိုင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရိစ္ဆာန်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် တောင်သူများမွေးမြူထားသည့် ကျွဲနွားများအား ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းလုပ်ငန်းကိုဇူလိုင် ၅ ရက် နံနက်ပိုင်းက ကော့သောင်းမြို့နယ်၊ ဆယ်မိုင်ကျေးရွာတွင်ကွင်းဆင်းဆောင်ရွက်သည်။

အစီအစဉ်တွင် ကော့သောင်းခရိုင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင်ဦးစီးဌာနမှူး ဒေါက်တာမြတ်မွန်(ခ)သန်းသန်းဝင်းက ကျေးရွာတောင်သူဦးကြီးများနှင့် တွေ့ဆုံကာ လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုရန် မွေးမြူထားသည့် တိရိစ္ဆာန်များတွင်ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများနှင့် ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ နည်းလမ်းများအား အသိပညာပေးဟောပြောသည်။

ထိုနောက် ကော့သောင်းမြို့နယ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူး ဒေါက်တာနိုင်တင်ထွဋ်နှင့် ဝန်ထမ်းများက လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုရန် တောင်သူများ မွေးမြူထားသည့် ကျွဲနွားများအားရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းကိုဆောင်ရွက်ပေးကြသည်။

အဆိုပါ ဆောင်ရွက်မှုအစီအစဉ်တွင် ကော့သောင်းမြို့နယ်အတွင်းရှိ ဆယ်မိုင်ကျေးရွာအုပ်စု၊ ဘန်းကချွန်ကျေးရွာအုပ်စု၊ မလိဝမ်းကျေးရွာအုပ်စုနှင့် ရွှေပြည်စိုးကျေးရွာအုပ်စုများမှ ကျွဲနွား ၃၃၉ ကောင်အား ကျွဲ၊ နွားလည်ချောင်းကွဲ ရောဂါကာကွယ်ဆေး အခမဲ့ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

ပုသိမ်ခရိုင်၊နေဝင်းရပ်ကွက်၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ပူးပေါင်း ဆောင်ရွက်

ပုသိမ် ဇူလိုင် ၇လ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ နေဝင်းရပ်ကွက်၌ သွေးလွန်တုတ်ကွေးရောဂါ ကာကွယ်ရေးအတွက် ရေကြည်မြို့မရဲစခန်း မိသားစုနှင့် နေဝင်းရပ်ကွက်လုပ်သားပြည်သူများက စုပေါင်းအလှူငွေဖြင့် အဘိတ်ဆေးများဝယ်ယူပြီး ရေကြည်မြို့မရဲစခန်းနှင့်နေဝင်းရပ်ကွက် အတွင်းရှိ အိမ်ခြေ ၅၈၂ အိမ်၊ ရေကန်ပေါင်း ၂၀၀ ကျော်နှင့် တိုင်ကီ၊ ကျောက်စည်ပိုင်းများတွင် ပိုးလောက်လန်းများမပေါက်ဖွားအောင် အဘိတ်ဆေးများကို ဇူလိုင် ၅ ရက် နံနက် ၇ နာရီခွဲတွင် တစ်အိမ်တက်ဆင်း ဆေးများခပ်ပေးလျက် ရှိပါသည်။

နေဝင်းရပ်ကွက်တွင်အိမ်များ၊ရေကန်များအား အသုံးပြုနိုင်ရန်နေဝင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုး၊ မိခင်နှင့်ကလေးစောင့် ရှောက်ရေး၊ အမျိုးသမီးရေးရာ၊ကြက်ခြေနီ မောင်မယ်များ၊ ကျန်းမာရေးဝန်ထမ်းများ နှင့် ရပ်မိရပ်ဖမျာလိုက်လံ၍သွေးလွန်တုတ်ကွေးရောဂါတို့မှ ကာကွယ်နိုင်ရန်နှင့်ပိုးလောက်လန်းများမတွယ်နိုင်အောင်(ဖုံး၊ သွန်၊ လဲ၊ စစ်)စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မင်းဇော်ဦး(ရေကြည်)





အမည်ပြောင်း

ပင်လုံမြို့၊ အမက(၂) မူလတန်းလွန်ကျောင်း၊ ပထမတန်းမှ ဦးခွန်ထီး [၁၃/လလန(နိုင်) ၀၇၉၉၅၃] ၏ သမီး နန်းထွန်းထွန်းဦးအား နန်းပြုံးဦးဟု ပြောင်းလဲခေါ်ပါရန်။ **နန်းပြုံးဦး**

ကျန်းမာရေးဆောင်းပါး

"အထိမ်း အကွပ်"

à atmifumf(qifeqyf)

ကြောင်နှင့်ကြွက်ပုံပြင်လေးတစ်ပုဒ် ကြားဖူးပါသည်။ ကြောင်တစ်ကောင် သောင်းကျန်းမှုဒဏ်ကိုခံနေရသောကြွက်များ အစည်းအဝေးထိုင်ကြသည်။ ကြောင်ရန်မှ လွတ်ကင်းနိုင်ရေး ဝိုင်းဝန်းဆွေးနွေး အဖြေရှာကြသည်။ တစ်ကောင်နှင့်တစ်ကောင် ငြင်းကြ ခုန်ကြ၊ အဖြေမထွက်နိုင်ဖြစ်နေချိန်တစ်ကောင်သော ကြွက်က အဖြေကောင်းတစ်ခု ပေးလာသည်။ ကြောင်လာတာကြိုသိနိုင်ဖို့ ကြောင်လည်ပင်းတွင် ခြူလေးတစ်လုံးဆွဲ ပေးလိုက်သည်။ အားလုံးက လက်ခံကြသည်။ ဝမ်းသာအားရဖြစ်ကြသည်။ မကြာလိုက်ပါ ကြွက်တစ်ကောင်၏ အမေးစကားကြောင့် အားလုံးငြိမ်ကုပ်သွားကြရသည်။ မည်သည့်ကြွက်မှမတတ်နိုင်၊ မစွမ်းနိုင်သည့် လက်တွေ့ကျသောအမေးစကား၊ ကြောင်ကို မည်သူ ခြူဆွဲမည်နည်း။

မိမိတို့ဝန်းကျင်တွင်လည်း မကောင်းမှန်းသိပါလျက်၊ တားမည့်ဆီးမည့်သူမရှိ၊ အထိမ်းအကွပ်မဲ့ဖြစ်စဉ်များ နေ့စဉ်နှင့်အမျှ မမြင်ချင်အဆုံးမြင်တွေ့နေရသည်။ ဥပမာ 'ဤနေရာတွင် အမှိုက်မပစ်ရ' စည်းကမ်းသတ်မှတ်ချက်ကို အများမြင်အောင် ဆိုင်းဘုတ်ထောင်တားမြစ်ထားသည်။ လိုက်နာကြသူနည်းပါးသည်။ တားဆီးမည့်သူမရှိ။ အမှိုက်ပုံဟည်းထလာသည်။ ထို့နည်းတူကား ရထားစသည့် အများနှင့်သက်ဆိုင်သည့်နေရာများတွင် 'ကွမ်းမစားရ"၊ 'ဆေးလိပ်မသောက်ရ"တားမြစ်ထားသည့် စာတမ်းများသည်လည်း အရာမထင်၊ သဲထဲရေသွန်ဖြစ်နေရသည်။ ကားများတွင် စည်းကမ်းဖောက်တတ်ကြသူများမှာ ကားသမားများကိုယ်တိုင်ဖြစ်နေသည်။ ကားဦးခန်းမှ ဒရိုင်ဘာ၊ စပယ်ယာ သောက်နေသောဆေးလိပ်ငွေ့ တစ်ကားလုံးလွှမ်းခြုံသွားရမည်။ ရထားမှာကား ခရီးသွားများအများဆုံး သောက်ကြစားကြနှင့် ထိမ်းမည့်သိမ်းမည့်သူမရှိ၊ စည်းလွတ်ဝါးလွတ် ဖြစ်နေတတ်ကြသည်။

တစ်လောက သတင်းစာတစ်စောင်တွင် မကွေးတိုင်းဒေသကြီးမှ အများနှင့်သက်ဆိုင်သည့် နေရာ၊ ဆေးရုံများတွင် ဆေးလိပ်သောက်ရမည့်နေရာ၊ မသောက်ရမည့်နေရာ ခွဲခြားသတ်မှတ်၍ ဆိုင်းဘုတ်ထောင် အသိပေးထားသည်ကို တွေ့လိုက်ရသည်။

စည်းကမ်းလိုက်နာမှုအားနည်းသော မိမိတို့ဝန်းကျင်တွင် စည်းကမ်းမဲ့သူများအား ထိရောက်စွာ အရေးယူမှုမရှိသေးသမျှ၊ ရေးထားသမျှသတိပေးအသိပေးစာတမ်းများ အရေးမပါအရာမရောက်ရှိနေဦးမည်သာ၊ ပြောမှသိ ထိမှနာတတ်သူများအတွက် အရေးယူမှု လိုအပ်ပါသည်။

ဆေးလိပ်နှင့်ကွမ်းသည် မိမိတို့နိုင်ငံသားများအတွက် ထုံးတမ်းဓလေ့ အစားအသောက်များအဖြစ် အမြစ်တွယ်လာခဲ့သည်မှာ ကြာခဲ့ပါပြီ။ ဆေးလိပ်နှင့်ကွမ်း ရေနွေးကြမ်းသည် လာသမျှဧည့်သည်များကို ဧည့်ဝတ်ကျေရာ အထူးသဖြင့် ကျေးလက်နေပြည်သူများ၏ နေအိမ်ဦးခန်းမှာ နေရာယူထားဆဲ မြန်မာ့ယဉ်ကျေးမှုနှင့် နွှယ်သည့် ထုံးတမ်းဓလေ့တစ်ခုဖြစ်နေဆဲပါ။ 'တံတားဦးက ကွမ်းနုဝါ၊ မျောကဆေး၊ ကွမ်းသီးတောင်ငူနှင့် ကိုင်းထုံးဖြူ၊ ပြည်ရှား၊ သာဝါးလို့ထွေး' အချိုးနှင့်အညီ ရှေးတုံးကဝါးခဲ့ကြသည့် ကွမ်းများသည် ကိုယ့်ဒေသမှ ထွက်ကုန်များဖြစ်၍ အန္တရာယ်ကင်းခဲ့သည်။ အိုအောင်မင်းအောင်ထိ ကွမ်းစားမပျက် အပြုံးမပျက် ကျန်းမာရေးနှင့်ညီ နေထိုင်နိုင်ခဲ့ကြသည်။ ရှေးကမိဘဘိုးဘွားများ။

ယခုထိုသို့မဟုတ်ပြီ၊ အိမ်နီးချင်းနိုင်ငံတစ်ခုမှ တရားမဝင် ဝင်ရောက်နေရာယူလာနေသော ကင်ဆာရောဂါဖြစ်သည့် အသင့်စားကွမ်းပေါင်းများ ကွမ်းစားဆေးများက သူတို့နိုင်ငံမှာ အန္တရာယ်

> **ပြည်သူများမှလည်း မိမိတို့နှင့်မဆိုင်သလို မနေကြဘဲတာဝန်. .**

အဆင့် သတ်မှတ်ပိတ်ပင်တားမြစ်ထား၍၊ မိမိတို့နိုင်ငံသို့ လိုမ့်ဝင်လာနေသည်။ မိမိတို့နိုင်ငံအနှံ့ နေရာတိုင်းလိုလိုမှာ ဝင်ရောက်နေရာယူ အလွယ်တကူရနိုင်သည့် ပစ္စည်းများဖြစ်နေသည်။ ဘုံးဗောလအော ပေါချင်တိုင်းပေါနေသည်။ ယခု ဤအန္တရာယ်ကို အတိကျသိနိုင်ဖို့ နေပြည်တော်တွင် FDA စစ်ဆေးလျက်ရှိနေကြောင်း သိရသည်။

ဆေးလိပ်ဆိုလျှင်လည်း ရှေးအတီတေကတည်းက ဆေးတံ၊ ဆေးသားလိပ်ပြောင်းဖူးဖက်၊ သနပ်ဖက်ဆေးလိပ်စသဖြင့် ဒေသထွက်ကုန်၊ ဆေးရွက်ကြီး၊ ဉန္နဲသားကိုနုတ်နုတ်စဉ်းလှော်ကာ ရောသမမွှေအစာသွပ်ပြုလုပ်ထားသော ရိုးရာဆေးလိပ်များ၊ ယခု စီးကရက်မျိုးစုံမှ အန္တရာယ်မျိုးစုံရလာကြသည်။ ဆေးလိပ်ကြောင့် ကမ္ဘာပေါ်တွင် ကင်ဆာရောဂါဖြစ်ပွားမှုသည် အများဆုံးစံချိန်တင်လျက်ရှိနေသည်။

ကမ္ဘာတစ်ဝှမ်းတွင် ကင်ဆာရောဂါဖြစ်ပွားသူ ၁၄ သန်းရှိရာ အဆုတ်ကင်ဆာဖြစ်သူ ၁ ဒသမ ၈ သန်းခန့်ရှိပြီး စုစုပေါင်းကင်ဆာဖြစ်ပွားသူဦးရေ၏ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဆေးလိပ်ကြောင့် ခြောက်စက္ကန့်လျှင် လူတစ်ဦးနှုန်းနှင့်တစ်နှစ်တွင် လူခြောက်သန်း ခန့်သေဆုံးလျက်ရှိနေရသည်။ ဤအတိုင်းသာဆိုပါက လာမည့်နှစ်တွင် ဆေးလိပ်ကြောင့် သေဆုံးသူဦးရေ လေးစက္ကန့်လျှင် တစ်ဦးနှုန်းရှိလာနိုင်ကြောင်း WHO မှ ခန့်မှန်းမှတ်ချက်ပေးထားသည်။ ဆေးလိပ်မသောက်ပါဘဲလျက် ဆေးလိပ်ငွေ့ရှူရိုက်မိရုံနှင့် သေဆုံးနေရသူဦးရေ ကမ္ဘာပေါ်တွင် နှစ်စဉ်လူခြောက်သိန်းကျော်ရှိနေကြောင်းလည်း သိရသည်။

ဆေးလိပ်ငွေ့၏ ဆိုးပြစ်နောက်တစ်ခုမှာ ဆေးလိပ်ငွေ့ထိတွေ့ရာ အဝတ်အထည်များ ပစ္စည်းများ မျက်နှာပြင်များတွင် အချိန်ကာလတစ်ခုထိ ဆေးလိပ်ငွေ့ ပျက်ပြယ်မသွားဘဲရှိနေပြီး ထိတွေ့သူများအား ဆေးလိပ်သောက်သကဲ့သို့ ဆိုးကျိုးသက်ရောက် အဆိပ်ဖြစ်စေနိုင်ခြင်းမှာ ဆေးလိပ်၏ ကြောက်စရာအန္တရာယ် သေမင်းတမန်အဆိပ်ငွေ့။

ဆေးလိပ်ကြောင့် အဆုတ်ကင်ဆာအပြင် သွေးကြောကျဉ်းရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ခြင်းရောဂါဖြစ်စေပြီး ခံတွင်းရောဂါ၏ ၉၀ ရာခိုင်နှုန်းသည်လည်း ဆေးလိပ်ကြောင့်ဟု သိရသည်။ ဤရှေ့ဤမျှ အကျိုးမဲ့ကာ ဆိုးကျိုးသာဖြစ်သော ဆေးလိပ်သောက်သုံးခြင်းကို မိမိတို့သတိမူ ဂူမြင်ဆင်ခြင်သင့်ပါပြီ။ တာဝန်ရှိသူများဘက်မှလည်း ဆေးလိပ်နှင့်ပတ်သက်၍ စည်းကမ်းသတ်မှတ်ပေးသလို ထိုက်တန်သောအရေးယူမှုမျိုးလည်း ပူးတွဲဆောင်ရွက်ပေးသင့်ပါသည်။

တာဝန်သိပြည်သူများမှလည်း မိမိတို့နှင့် မဆိုင်သလိုမနေကြဘဲ တာဝန်ရှိသူများနှင့် တစ်တပ်တစ်အားပူး ပေါင်းပါဝင် လုပ်ဆောင်ပေးသင့်ပါသည်။ ဥပမာ-အိန္ဒိယနိုင်ငံတွင် လူစည်ကားသော လမ်းဘေးတွင် အမြင်မတော် အပေါ့စွန့်နေကြသူများအား လိုက်လံရှာဖွေ၍ မီးသတ်ပိုက်နှင့် ရေထိုးကာတားဆီး၊ ကိုယ်ပိုင်အသိ ကိုယ်ပိုင်ငွေနှင့်လုပ်ဆောင်နေကြသည့် အဖွဲ့အစည်းလိုမျိုး၊ မိမိတို့နိုင်ငံတွင်လည်း ကား-ရထားစသည့် အများပြည်သူစုဝေးရာနေရာများတွင် ဆေးလိပ်သောက်သူများအား တစ်နည်းတစ်ဖုံသိက္ခာရှိရှိနှင့် လုပ်ဆောင်မှုပြုသင့်ပါပြီ။ ဥပမာ-ရထားပေါ်မှာဖြစ်စေ၊ ကားပေါ်မှာဖြစ်စေ၊ ရထားကားသွားရာ၊ လူအများ စုဝေးရာနေရာများတွင် အသံချဲ့စက်များဖြင့် အချိန်နာရီခြားကာ မှန်မှန်အသံလွှင့်ပေးလျက် ဆေးလိပ်မသောက်ဖို့ သတိပေးနေခြင်း။

တစ်ဘက်တွင် ဆေးလိပ်သောက်သူ ကာယကံရှင်ကိုယ်တိုင်ကလည်း တားမြစ်ထားသည့် နေရာတွင် ဆေးလိပ်သောက်မှာကို 'ရှက်' တတ်ဖို့ လိုအပ်ပါသည်။ဟိရိဩတ္တပ္ပ၊ ရှက်ခြင်း ကြောက်ခြင်းတရားသည် လူ့အသိပင်မဟုတ်ပါလော။ 'ပြောမှသိ ထိမှနာ' ပြီဆိုလျှင် လူ့အဆင့်မမီ ဖြစ်သွားရပါပြီ။

အများက လက်သင့်မခံ၊ မိမိကိုရော အများကိုပါ ဒုက္ခရောက်စေပြီး ငွေကုန်ရောဂါရဘေးထွက်ဆိုးကျိုးများကိုသာ တိုးပွားစေသည့် ဆေးလိပ်သောက်ခြင်းအကျင့်ကို ပြင်နိုင်ကြပါစေ။ မသောက်ရမနေနိုင်ဆိုပါလျှင်လည်း စည်းကမ်းလိုက်နာ၍ နိုင်ငံကြီးသားများ ပီသနိုင်ကြပါစေ။

မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ သုံးမွှာပူးကလေးမွေးဖွားသူကို ထောက်ပံ့

မြန်အောင်၊ ဇူလိုင် ၇

မြန်အောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ငါးပိဆိပ်ကျေးရွာအုပ်စုမှ သုံးမွှာပူးမွေးဖွားခဲ့သည့် မိခင်ဒေါ်မာမာအေးနှင့် ကလေးသုံးယောက်အတွက် ထောက်ပံ့ငွေကျပ် ၄၀၀၀၀ ကို ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက ဇူလိုင် ၄ ရက်က ၎င်းမိသားစုအား ပေးအပ်ခဲ့သည်။

ငါးပိဆိပ်ကျေးရွာမှ သုံးမွှာပူးမွေးဖွားခဲ့သည့် မိခင်နှင့်ကလေးများအတွက် လိုအပ်သည့်အထောက်အပံ့များရရှိရန် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနသို့တင်ပြတောင်းခံထားကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ဝင်းမိုလ်(ပြန်/ဆက်)

ဓားဖြင့်ထိုး၍ထွက်ပြေးသူအားဖမ်းမိရေးဆောင်ရွက်

စစ်ကိုင်း၊ ဇူလိုင် ၇

စစ်ကိုင်းမြို့နယ်၊ ခိုတောင်ကျေးရွာနေသူသည် ဇူလိုင် ၃ ရက် ည ၁ နာရီခန့်တွင် နေအိမ်အောက်ထပ်တွင် ဇနီးဖြစ်သူနှင့် သားသမီးများအိပ်နေကြစဉ် အပေါ်ထပ်မှ အသံကြားရ၍ လန့်နိုးကာ သားဖြစ်သူမှ အိမ်ပေါ်သို့တက်သွားပြီးနောက် ဖခင်ဖြစ်သူမှ လိုက်ကြည့်ရာ အမည်မသိလူတစ်ဦး နေအိမ်အပေါ်ထပ်ဝရန်တာမှ ခုန်ချထွက်ပြေးသွားသည်ကို မြင်တွေ့ရသဖြင့် သမီးဖြစ်သူများအား မေးမြန်းရာ အမည်မသိလူတစ်ဦးမှ ၎င်းတို့အိပ်သည့်အခန်းထဲ ရောက်လာပြီး သမီးအငယ်ဖြစ်သူ၏ လည်ပင်းအား ကိုင်လိုက်စဉ် လန့်နိုးပြီးကြည့်ရာ အမည်မသိသူတစ်ဦးကို တွေ့မြင်ပြီး အော်မည်ပြုစဉ် ပါးစပ်ကိုလက်နှင့်ပိတ်ထား၍ မအော်နိုင်သဖြင့် ဘေးတွင်အိပ်နေသည့် အမဖြစ်သူအား လက်ဖြင့်နိုးလိုက်ရာ အမည်မသိသူလူမှ ဓားဖြင့်ထိုးခဲ့ကြောင်း သိရသည်။

သမီးနှစ်ဦး၏ ဓားဒဏ်ရာကိုကြည့်ရာ သမီးအကြီးတွင် ဝဲဘက်ရင်သားပေါ် ပေါက်ပြဲ ဒဏ်ရာ၊ ဝဲဘက်ပါး ပေါက်ပြဲဒဏ်ရာနှင့် သမီးအငယ်တွင် ဝဲဘက်နောက်ကျော ပေါက်ပြဲဒဏ်ရာ တစ်ချက်၊ ဝဲဘက်ရင်သားပေါက်ပြဲဒဏ်ရာတစ်ချက် ရရှိထားသည်ကို တွေ့ရ၍ ဆေးကုသမှုခံယူရန် စစ်ကိုင်းပြည်သူ့ဆေးရုံသို့ ပို့ပေးခဲ့သည်။

သို့ဖြစ်၍ သမီးနှစ်ဦးအား နေအိမ်ပေါ်သို့တက်ရောက်ပြီး ဒဏ်ရာရရှိအောင် ဓားဖြင့်ထိုးသူအား စုံစမ်းအရေးယူဖော်ထုတ်ပေးပါရန် ဖခင်ဖြစ်သူမှ စစ်ကိုင်းမြို့မရဲစခန်းသို့ လာရောက်တိုင်တန်းသဖြင့် (ပ)၂၈၃/၂၀၁၄ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၆/၃၂၄ အရအရေးယူပြီး တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်နေကြောင်း သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အင်ကြင်းကုန်းကျေးရွာတွင်
သိပ္ပါလယအင်ကြင်းကုန်း တောရကို မြေ(၅. ၆)
ဧကပေါ်တွင် ရာသက်ပန်တရားအားထုတ်လိုသော
ရဟန်းရှင်လူသူတော်စင်များအတွက် အဓိကထား၍
တည်ထောင်နေရာ အောက်ပါအလှူများကို ပါဝင်လှူဒါန်းနိုင်ပါသည်။

၁။	ကျောင်းအဝင်မုခ်ဦး	သိန်း(၃၀)
၂။	အုတ်တံတိုင်း(၁၀×၆)ပေတစ်ခန်း	(၈)သောင်း
၃။	အဝီစိတွင်း(၅)တွင်း ပေ(၄၀၀)အနက် စက်ပါတစ်တွင်း	(၁၈)သိန်း
၄။	ရေကန်(၁၀×၁၅)ပေ ၅ကန် တစ်ကန်	(၁၅)သိန်း
၅။	ကုဋီသုံးခန်းတွဲ(၁၀)လုံးတစ်လုံး	(၁၅)သိန်း
၆။	ယောဂီကျောင်းဆောင်(၁၀×၁၅)ပေ ရေချိုးခန်း၊အိမ်သာပါ	သိန်း(၃၀)
၇။	စုပေါင်းတရားထိုင်ရန် သိပ္ပါလယဓမ္မဘာလာဓမ္မာရုံကြီး ပေ(၁၀၀×၆၀)တစ်ထပ်	သိန်း(၁၈၀၀)
၈။	ရေကန်အသေး(၅×၈)ပေ ၁၀ကန် တစ်ကန်	(၇)သိန်း
၉။	ယောဂီ(၅)ယောက်ဆံ့အဆောင် (၅၀×၁၅)ပေတစ်ဆောင်	သိန်း(၁၀၀)
၁၀။	အလင်းမီးတိုင်တစ်တိုင်	(၈)သောင်း
၁၁။	မဟာမြတ်မုနိပုံတူ ရုပ်ပွားတော်မြတ်တစ်ဆူ အဆောက်အအုံပါ ပေ(၃၀×၄၀)	သိန်း(၁၂၀၀)

ဆက်သွယ်လှူဒါန်းလိုလျှင်
ဘဒ္ဒန္တကုန္ဒောဘာသ သာသနဓဇမ္မာစရိယ သိပ္ပါလယပရိယတ္တိစာသင်တိုက်နှင့်
တောရရိပ်သာ(၁၄/၂)ရပ်ကွက်၊ ဟသ်ာလမ်း၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၅၆၁၃၂၇၊ ၀၉-၂၅၄၀၆၈၁၉၄

ကျောင်းအလှူဒါနပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇) အကျယ်အဝန်းရှိ ကျောင်းဆောင်သစ်ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆





ကြော်ငြာစာ

၁။ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်တွင် (၂၀၁၅-၂၀၁၆) ခုနှစ်အတွင်း ဖွင့်လှစ်မည့် အောက်ဖော်ပြပါအရာရှိလောင်းဒီပလိုမာသင်တန်းများကို တက်ရောက်လိုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားအိမ်ထောင်မရှိ(လူပျို)များသည် ရန်ကုန်မြို့၊ ဘုရင့်နောင်လမ်း၊ ဆင်မလိုက်၊ တက္ကသိုလ်စာတိုက်၊ ကမာရွတ်၊ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ကျောင်းအုပ်ကြီးထံသို့ ၂၀-၈-၂၀၁၄ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က) ကုန်သွယ်ရေကြောင်းအရာရှိလောင်း Nautical Cadet (CD/43) Diploma in Nautical Studies/Dip:N.S သင်တန်းအမှတ်စဉ်(၉)

(ခ) ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း Marine Engineering Cadet (CE/41)Diploma in Maritime Technology/ Dip:Mar. Tech. သင်တန်းအမှတ်စဉ်(၉)

၂။ ပညာအရည်အချင်းကန့်သတ်ချက်

တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒ ဘာသာများပါဝင်သော ဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်းအမှတ် အနည်းဆုံး(၄၂၀)ရှိရမည်။

၃။ အသက်နှင့်အခြားကန့်သတ်ချက်

(က) ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်တွင် အသက်(၁၉)နှစ်ထက် မကျော်လွန်စေရ။

(ခ) အရပ်အမောင်း ၅ပေ၄လက်မ အနည်းဆုံးရှိရမည်။

(ဂ) ကိုယ်အလေးချိန် ပေါင် ၁၀၀ အနည်းဆုံးရှိရမည်။

(ဃ) ရင်အုပ်(၃၂)လက်မ နဂိုအနေအထား အနည်းဆုံးရှိရမည်။

(င) မျက်မှန်၊ မျက်ကပ်မှန်တပ်ထားသူများမဖြစ်စေရ။ (အင်ဂျင်နီယာအရာရှိလောင်းများမပါ)

၄။ ပဏာမရွေးချယ်မှု

လျှောက်ထားသူများ၏ တက္ကသိုလ်ဝင်စာမေးပွဲရမှတ်အရ အများအနည်း အစဉ်လိုက်စီပြီး ရမှတ်အများဆုံးမှစ၍ လိုအပ်သည့် အရေအတွက် ရရှိသည်အထိ စိစစ်၍ ပဏာမရွေးချယ်သွားမည်ဖြစ်ပါသည်။

၅။ ပဏာမအဆင့်ရွေးချယ်ခံရသူများအား အောက်ဖော်ပြပါအတိုင်း ဆက်လက်စစ်ဆေးသွားမည်-

(က) နားစစ်ဆေးခြင်း။

(ခ) အထွေထွေကျန်းမာရေးစစ်ဆေးခြင်း။

(ဂ) မျက်စိစစ်ဆေးခြင်း(အရောင်ခွဲခြားနိုင်မှု ရှိ၊ မရှိစစ်ဆေးခြင်း)။

(ဃ) စိတ်ရောဂါနှင့် မူးယစ်ဆေးသုံးစွဲမှု ရှိ၊ မရှိစစ်ဆေးခြင်း။

၆။ လျှောက်ထားရာတွင် အောက်ပါအချက်အလက်များကို ဖော်ပြရမည်-

(က) တက်ရောက်ရန် သင်တန်းတစ်မျိုးတည်းကိုသာ လျှောက်ထားရမည်။ (သင်တန်းတစ်မျိုးထက်ပို၍ လျှောက်ထားပါက လက်ခံစဉ်းစားမည်မဟုတ်ပါ)

(ခ) အမည်

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ဃ) မွေးနေ့သက္ကရာဇ်

(င) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ

(စ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သောခုနှစ်၊ ခုံအမှတ်၊ မြို့နယ်၊ တိုင်းဒေသကြီး၊ ဘာသာရပ်အလိုက်ရရှိသည့်အမှတ်စာရင်းနှင့် စုစုပေါင်းအမှတ်

(ဆ) အဖအမည်နှင့်အလုပ်အကိုင်

(ဇ) အမိအမည်နှင့်အလုပ်အကိုင်

(ဈ) နေရပ်လိပ်စာအပြည့်အစုံ

(ည) ဆက်သွယ်ရန်ဖုန်းနံပါတ်နှင့်နေရပ်လိပ်စာ

၇။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။

(က) လိုင်စင်ဓာတ်ပုံ(၂)ပုံ

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း

(ဂ) မိမိအောင်မြင်ခဲ့သော အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း ကျောင်းအုပ်ကြီး ကိုယ်တိုင်လက်မှတ်ရေးထိုးသည့် ထောက်ခံစာမူရင်းတင်ပြရမည်။ ယင်းထောက်ခံစာတွင် ကျောင်းတံဆိပ်ရိုက်နှိပ်ထားသော ဓာတ်ပုံပါရှိရမည်။

(ဃ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ဘာသာရပ်အလိုက် အမှတ်စာရင်းမူရင်း **(မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ယူရန်)**

(င) မိဘနှစ်ပါးစလုံးနှင့် မိမိကိုယ်တိုင်ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ကြောင်း ကတိခံဝန်ချက်(နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ ပူးတွဲတင်ပြရမည်)

(စ) ပဏာမအဆင့် ရွေးချယ်ခံရသော သင်တန်းသားများသည် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၏ စီစဉ်မှုဖြင့် ဆေးစစ်ပြီး၍ ပြန်လည်သတင်းပို့သည့်အခါ မြန်မာနိုင်ငံစာစစ်အဖွဲ့၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်မူရင်းနှင့် မိတ္တူတင်ပြရမည်။ သတ်မှတ်သည့်ရက်တွင် မတင်ပြနိုင်ပါက ရွေးချယ်ခြင်းခံရသော ပဏာမစာရင်းမှ ပယ်ဖျက်ခြင်းခံရမည်။

၈။ သတ်မှတ်ထားသည့် အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသား ဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား စဉ်းစားမည်မဟုတ်ပါ။

၉။ လျှောက်ထားသူသည် အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားကြရမည်။ သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားခြင်းမရှိသူများအား ရွေးချယ်ခြင်းခံရစေကာမူ ရွေးချယ်ခြင်းမှ ပယ်ဖျက်မည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းတက်နေစဉ်အတွင်း နှစ်စဉ်သင်တန်းကြေး (၄၂၀၀၀ိ/-)အဆောင်ကြေး ဝတ်စုံစရိတ်နှင့် လစဉ်စားစရိတ်အစရှိသည်တို့ကို ကိုယ်တိုင် ကျခံရမည်။

၁၁။ ဘွဲ့ကြိုဒီပလိုမာ (၂)နှစ်သင်တန်းကာလအတွင်း ပထမနှစ်သင်တန်းကို မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်တွင် ကျောင်းအိပ်ကျောင်းစားအဆောင်နေကျောင်းသားအဖြစ် (၁)နှစ်တက်ရောက်ရမည်။

၁၂။ ဘွဲ့ကြိုဒီပလိုမာ (၂)နှစ်သင်တန်း ပြီးဆုံးတက်ရောက်အောင်မြင်ပြီးသူများကို ဘွဲ့ကြိုဒီပလိုမာလက်မှတ် (Diploma in Nautical Studies/Diploma in Maritime Technology)နှင့် ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းပြီးဆုံးခြင်းလက်မှတ် (Mercantile Marine Nautical/Engineering Cadet Training Course Completion Certificate)များ အပ်နှင်းပေးပါမည်။

၁၃။ **လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများကို ပြန်လည်ထုတ်ပေးခြင်း၊ ရွေးချယ်ခြင်းမခံရသူများထံသို့ မရွေးချယ်ကြောင်း ပြန်ကြားခြင်း ပြုမည်မဟုတ်ပါ။** မိမိတို့လျှောက်လွှာတင်သည့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်း ကောလိပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို ချိန်းဆိုထားသည့်နေ့တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၄။ သင်တန်းကိစ္စရပ်များကို အသေးစိတ်သိလိုပါက မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ သင်တန်းဌာနခွဲ၊ တယ်လီဖုန်းအမှတ်(၅၃၉၄၆၄/၅၃၉၄၆၅၊ လိုင်းခွဲ-၁၂၀)တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ကျောင်းအုပ်ကြီး
မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်

မွေးနေ့ဆုတောင်း

မောင်ကောင်းထက်သော်(ခ)ဂျူဂျူ၏ ၈-၇-၂၀၁၄ရက်တွင် ကျရောက်သော မွေးနေ့ရက်မှသည် နောင်နှစ်(၁၂၀)တိုင် ချစ်သော ဘိုးဘိုး-ဘွားဘွား၊ ဖေဖေ- မေမေတို့ အားကိုးရသော သားကောင်းရတနာလေးဖြစ်ပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

ဘိုးဘိုး - ဦးညီညီ
ဘွားဘွား- ဒေါ်ခင်သန်းဝင်း
ဖေဖေ - ဦးချမ်းမြေ့မောင်
မေမေ - ဒေါ်ထက်မွန်အောင်

တိုက်ခန်းရောင်းမည်(ပွဲစားမလို)

- စမ်းချောင်း၊ လမ်းသန့်၊ တိုက်သန့်၊
- ပေ (၂၅×၅၀)၊ တတိယထပ်၊
- ကျွန်းလျှောထိုးပြည့်၊ အိပ်ခန်း(၂)ခန်း
- သံပန်းပြည့်၊ ကြွေပြားပြည့်၊ ဘိုထိုင်၊
- မျက်နှာကြက်ဂျပ်ဆင်ဘုတ်အလှ၊
- ပြင်ဆင်ပြီး အသင့်နေတိုက်ခန်းကျယ်၊
- လေဝင်/ထွက်ကောင်း။ **သိန်း(၁၀၈၀)**

ဖုန်း-၀၉ ၃၁၉၀၇၁၉၉

သွေးသည်အသက်

မဟာစည်သြဝါဒခံ
သာသနာ့ဗိမာန်ရိပ်သာ(ယိုးဒယားကျောင်း)
စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ
ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ မဟာသုခိတာလမ်းရှိ မဟာစည်သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၄)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအား ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်	-	(၁၃၇၆ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်) ၁၃-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	-	နံနက် ၉း၀၀နာရီ
ကျင်းပမည့်နေရာ	-	သာသနာ့ဗိမာန်ရိပ်သာ၊ ဓမ္မာရုံ

သာသနာနုဂ္ဂဟအဖွဲ့
ဖုန်း-၆၄၁၃၂၄၊ ၀၉-၄၅၀၀၀၄၈၄၀

ရွှေမင်းဝံသာသနာ့ရိပ်သာ (၃၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

အမှတ်(၇၀)၊ သာသနာ့ရိပ်သာလမ်း၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ် "ရွှေမင်းဝံသာသနာ့ရိပ်သာ"တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို (၁၃၇၆ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ရက်) ၂၀-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် လှူဒါန်းဆက်ကပ်မည်ဖြစ်ပါ၍ အလှူရှင်များကိုယ်တိုင် ကပ်လှူနိုင်ရန် "မဟာဓမ္မဗိမာန်တော်"အပေါ်ထပ်တွင် စီစဉ်ထားရှိပါသည်။

ရွှေမင်းဝံသာသနာ့ရိပ်သာဂေါပကအဖွဲ့
နှင့်
ပုညသီအမျိုးသမီးဝေယျာဝစ္စအဖွဲ့
ဖုန်း-၅၄၂၈၇၆၊ ၅၄၈၇၃၇

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ ၁၃/ခနယ်ရှိ အေးသာယာရပ်ကွက်၊ ဗဟို(၃၅)လမ်းပေါ်ရှိ အကွက်အမှတ် K-75၊ အကျယ် ပေ(၄၀×၆၀)အကျယ်ရှိ ဒေါ်လှမြင့် (TGA-028324)အငှားဂရန်ရှင်အား အဆင့်ဆင့်ပိုင်ဆိုင်လာသူ ဦးချမ်းသာကျော်(ခ) ဦးဝဏ္ဏကျော်(ဘ-ဦးကျော်ငြိမ်း)ထံမှ ဝယ်ယူရန်စရန်ပေးပြီးဖြစ်ပါသည်။ ပိုင်ဆိုင်ခွင့်ရှိသူများရှိပါက မူရင်းအထောက်အထားများပြ၍ ကျွန်တော်ထံ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း။

ဦးအာကာကို[၈/ခမန(နိုင်)၁၃၁၂၆၂]
အခန်း(၂၄)၊ တိုက်(၁)၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်၊ ဖုန်း-၅၁၂၀၈၃၅

(၅)ထပ်တိုက် အမြန်ငှားမည်/ရောင်းမည်

ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်လမ်းမကြီးပေါ်၊ ဗိုလ်လရောင်လမ်းထောင့်ရှိ (၅)ထပ်တိုက် ငှားမည်/ရောင်းမည်။

- ၄၃ပေ×၃၈ပေ အကျယ်ရှိသည်။
- အထပ်တိုင်းတွင် အခန်းကြီး(၁)ခန်း အခန်းငယ်(၁)ခန်းပါသည်။
- လိုင်းဖုန်း(၁၀)လုံးပါဝင်သည်။
- ဘဏ်ဖွင့်ရန်၊ ရုံးခန်းဖွင့်ရန်၊ စားသောက်ဆိုင်ဖွင့်ရန် အထူးသင့်တော်သည်။
- အကျိုးဆောင်များလည်း ဆက်သွယ်နိုင်ပါသည်။

စုံစမ်းရန်

တယ်လီဖုန်းအမှတ်- ၀၉-၄၂၀၀၇၁၄၉၅၊ ၀၉-၄၂၀၀၇၁၄၉၆၊ ၀၉-၄၉၃၀၈၇၃၉

အထူးကျေးဇူးတင်ရှိခြင်း

ဦးခေတ်ခေတ်မင်း (အသက် (၄၃) နှစ်)

(M. D) Comrade Business & Company Consultancy Group Co.,Ltd

၂၅-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသော ဦးခေတ်ခေတ်မင်း၏ [illegible] Bosom Friends [illegible] Email, Internet, Facebook [illegible]

ကျန်ရစ်သူမိသားစု

[illegible] (Director)
[illegible] (Total Learning School)

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်လှတင်(၇၁နှစ်)

[illegible] B.E (Metal) (1984-1993) [illegible]

1984-1993 [illegible]

---

(၇)နှစ်ပြည့်အလွမ်း
ဆရာမ ဒေါ်သီတာ(တိုက်ကြီး)
လသာ(၂)၊ ဘော်ဒါဆောင်၊ ကျောင်းသူဟောင်း

မသိ-မိသားစုတွေကို ခွဲခွာသွားတာ (၇)နှစ်ပြည့်ခဲ့ပါပြီ။ နေ့စဉ်အမြဲကောင်းမှုကုသိုလ်ပြုလုပ်လျက်ပါ။ သမီးကို အမြဲသတိရနေတဲ့။

မောင်၊ ညီမများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်အမာ(မကွေး) အသက်(၈၇)နှစ်

ဦးဇော်မျိုးလှိုင် (Unilever)၏ ချစ်လှစွာသောမိခင် ဒေါ်အမာ အသက် (၈၇)နှစ်သည် ၄-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

Media Kabar

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်အမာ(မကွေး) အသက်(၈၇)နှစ်

ဦးဇော်မျိုးလှိုင် (Unilever)၏ ချစ်လှစွာသောမိခင် ဒေါ်အမာ အသက် (၈၇)နှစ်သည် ၄-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမိုးနိုင်မြင့် (သီရိစန္ဒာဆေးရုံ)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အမာ(မကွေး)
အသက်(၈၇)နှစ်

ဦးဇော်မျိုးလှိုင်(Country Director Unilever)-ဇနီး ဒေါ်နီမာဝင်းမြင့်(ခက်ခက်)တို့၏မိခင် ဒေါ်အမာ(မကွေး) အသက်(၈၇)နှစ်သည် ၄-၇-၂၀၁၄(သောကြာနေ့) နံနက် ၈ နာရီ ဝိတိုရိယဆေးရုံတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Forever bec tero

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်အမာ(မကွေး) အသက်(၈၇)နှစ်

ဦးဇော်မျိုးလှိုင် (Unilever)၏ ချစ်လှစွာသောမိခင် ဒေါ်အမာ အသက် (၈၇)နှစ်သည် ၄-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

Myanmar Online Co., Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်အမာ(မကွေး) အသက်(၈၇)နှစ်

ဦးဇော်မျိုးလှိုင် (Unilever)၏ ချစ်လှစွာသောမိခင် ဒေါ်အမာ အသက် (၈၇)နှစ်သည် ၄-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

Myanmar Index Creative Village

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးတင်ညွန့်
အသက်(၈၅)နှစ်

ဦးမြင့်ဇော် (Board of Management)Mandalay FM(Forever Group Co.,Ltd)-ဒေါ်ခင်ခင်လတ်တို့၏ ဖခင်သည် ၅-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Forever Group Co.,Ltd
BOD နှင့်ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဦးချစ်ကိုကို
အရိုးအထူးကုဆရာဝန်ကြီး(ငြိမ်း)
အသက်(၆၃)နှစ်

သူငယ်ချင်းဒေါက်တာသီရိခင်(ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး)၏ ချစ်လှစွာသောခင်ပွန်း ဒေါက်တာဦးချစ်ကိုကို (အရိုးအထူးကုဆရာဝန်ကြီး-ငြိမ်း၊ ပုသိမ်ပြည်သူ့ဆေးရုံကြီး)သည် ၁-၇-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် သူငယ်ချင်းနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲမိပါကြောင်း။

88 reunion သူငယ်ချင်းများ၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အမာ (၈၇)နှစ်
(မကွေး)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အေးရိပ်မွန်(၅)လမ်း၊ တိုက်(၁၁)၊ အခန်း(၂၀၂)နေ ဦးဇော်မျိုးလှိုင်(Unilever)- ဒေါ်နီမာဝင်းမြင့်(ခက်ခက်)တို့၏ ကျေးဇူးရှင်မိခင်ကြီးသည် ၄-၇-၂၀၁၄(သောကြာနေ့) နံနက် ၈နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာစီးပွားစီမံအမှုဆောင်များအသင်း(MBE)
Business Capacity Building Center (BCB)

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးတင်ညွန့်
အသက်(၈၅)နှစ်

ဦးမြင့်ဇော် (Board of Management)Mandalay FM(Forever Group Co.,Ltd)-ဒေါ်ခင်ခင်လတ်တို့၏ ဖခင်သည် ၅-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Mandalay FM
ဝန်ထမ်းမိသားစု

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းအမှတ်-၄၊ လူနေရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၈၄၁(က)၊ မြေဧရိယာ(၁၀×၆၀)စ/ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၈၄၁(က)၊ အောင်သစ္စာ(၃)လမ်းနှင့် အောင်သစ္စာလမ်းမထောင့်၊ (၄)ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သော တစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်များကို နှစ်(၆၀)မြေငှားဂရန်မြေကွက်တွင် အမည်ပေါက်သူ ဒေါ်စံပယ်သိမ်း[၈/မဘန(နိုင်)၀၂၅၈၈၅]၏ S.P ရသူ ဦးသန်းထွဋ်[၁၂/တမန(နိုင်)၀၁၁၅၆၈]က မိမိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းပြောဆိုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် သဘောတူညီခဲ့ပြီးနောက်ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေများအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်နေအိမ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်တစ်စုံတစ်ရာရှိကြောင်း ကန့်ကွက်ပြောဆိုလိုပါက ယခုကြော်ငြာစာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စုစုဖြိုး(LL.B,.D.B.L) အထက်တန်းရှေ့နေ စဉ်-၃၇၆၄၇ ဒေါ်ချိုရီ(စဉ်-၁၉၁၁) B.Sc,H.G.P.,R.L,D.B.L) ဒေါ်ခင်အိအိအောင်(စဉ်-၇၆၆၄) (LL.B,D.I.L)
တရားလွှတ်တော်ရှေ့နေများ
အမှတ်-၁၃၂၊ ၅၁လမ်း၊ ပထမထပ်၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၀၁၁၇၆၊ ၂၉၅၉၇၅၊ ၀၉-၇၃၂၃၇၀၉၆၊ ၀၉-၅၄၀၄၉၄၁

သွေးသည်အသက်





အထူးဝမ်းနည်းကြေကွဲခြင်း
ဦးတင်ညွန့်
အသက်(၈၅)နှစ်

ဦးမြင့်ဇော် (Board of Management)Mandalay FM(Forever Group Co.,Ltd)-ဒေါ်ခင်ခင်လတ်တို့၏ ဖခင်သည် ၅-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

MRTV-4
ဝန်ထမ်းမိသားစု

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့၊ ဟိုမွန်ရပ်၊ အမှတ်ဟ/၅၃ တွင် နေထိုင်သော ဦးစိုင်းအောင်ရွှေ[၁၃/မဆတ(နိုင်)၀၀၃၂၉၃]သည် **"နေတံဆိပ်" SUN သောက်ရေသန့်** အမည်ဖြင့်အောက်ဖော်ပြပါ ကုန်ပစ္စည်းအမည်နှင့်ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ ၁၃-၇-၁၉၉၈ ရက်တွင် စာချုပ်အမှတ်-၂၆၃၅/၁၉၉၈ ဖြင့် တရားဝင်မှတ်ပုံတင်ခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ စစ်ဆေးထောက်ခံချက်အမှတ်-စ၁/၀၀၀၅၇ ထလဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ အမှတ်-၅၁ ရှိ နေတံဆိပ် **SUN** သောက်ရေသန့်စက်ရုံမှ ၁၉၉၆ ခုနှစ်တွင် စတင်ထုတ်လုပ်၍ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ဖြူးရောင်းချခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

ယခုအခါ ရန်ကုန်မြို့ပြင်ရပ်ကွက်တချို့တွင် အထက်ဖော်ပြပါ ကုန်ပစ္စည်းအမည်နှင့် ကုန်အမှတ်တံဆိပ်ကို တိုက်ရိုက်တုပပြုလုပ်ပြီး သက်ဆိုင်ရာဌာနမှ စစ်ဆေးထားခြင်းမရှိသည့် နေတံဆိပ် **SUN** သောက်ရေသန့်အတုများ ရောင်းချလျက်ရှိကြောင်း ကြားသိရပါသည်။

သို့ပါ၍အထက်ဖော်ပြပါ ကုန်ပစ္စည်းအမည်နှင့်ကုန်အမှတ်တံဆိပ်ကိုမည်သူမဆို တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း၊ တိုက်ရိုက်(သို့မဟုတ်)မှီငြမ်း၍အတုအပပြုလုပ်ခြင်း၊ အရောင်အားဖြင့်လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ သွယ်ဝိုက်၍အတုအပပြုလုပ်ခြင်း စသည်တို့ကိုမပြုလုပ်ရန်နှင့် ပြုလုပ်ပါက ယင်းသို့ပြုလုပ်သူများကိုလည်းကောင်း၊ အားပေးကူညီသူများကိုလည်းကောင်း၊ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးစိုင်းအောင်ရွှေ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စိုးမြတ်မူ ဝိဇ္ဇာဘွဲ့(ဥပဒေ)၊ ဥပဒေဘွဲ့ တရားလွှတ်တော်ရှေ့နေ(စဉ်-၂၆၅၇)
အမှတ်(၁၉၇)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၈၆၁၆ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျယ်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဒေါ်ကြည်ကြည်ခိုင်[၁၄/ပတန(နိုင်)၀၈၂၅၄၉]နှင့်အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ အဖဦးခင်မောင်ဦး၏သား ဦးကျော်မိုး[၁၄/ပတန(နိုင်)၀၁၅၇၇၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းသတိပေးကြေညာအပ်ပါသည်။

ဦးကျော်မိုးနှင့်ဒေါ်ကြည်ကြည်ခိုင်တို့ ပေါင်းသင်းစဉ် ဖြစ်ထွန်းတိုးပွားလာသော သီရိမွန်ပလာဇာရှိ တိုက်ခန်းတစ်ခန်း၊ ထရပ်ကား(၃)စီး၊ ရွှေထည်ပစ္စည်းအစုံ၊ ငွေသားများနှင့် နှစ်ဦးပိုင်ဆိုင်သောပစ္စည်းအားလုံးတို့ကို ဦးကျော်မိုး၏ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းစသည့် ဦးကျော်မိုးထိခိုက်နစ်နာစေမည့် မည်သည့်ဆောင်ရွက်ချက်တစ်စုံတစ်ရာကိုမျှ မပြုလုပ်ရန် တားမြစ်လိုက်ပါသည်။ တားမြစ်ချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်ကြည်ကြည်ခိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ဇင်ဇင်ထွန်း	ဦးကျော်အောင်
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
စဉ်-၉၉၉၁	စဉ်-၁၂၂၄၄
ဖုန်း-၀၉-၄၂၂၅၁၆၀၄၄	အမှတ်(၂၁)၊ စိတ္တသုခလမ်း၊ ပန်းတနော်
	ဖုန်း-၀၉-၈၅၄၁၂၁၆၊ ၀၉-၄၂၂၄၆၉၉၈၀

ဒေါ်အေးမြင့်(ခ)ဒေါ်အုံးကြည် (၈၃)နှစ်
(ဇမ္ဗူထွန်းရုပ်ရှင်)

ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ်(၆၁၃)၊ မာလာမြိုင်ကွန်ဒို၊ မာလာမြိုင်ရိပ်သာလမ်းနေ [ဦးသိန်းလွင်(ခ)ဇမ္ဗူထွန်း မြတ်ထွန်းနိုင်)၏ဇနီး၊ (ဦးမြင့်လွင်)-ဒေါ်ခင်မိုးအေး၊ ဦးအောင်မြင့်-ဒေါက်တာမြင့်မြင့်ဝေ၊ ဦးတင့်လွင် (Golden Bell)-နော်နန်းမြတင်၊ (ဦးစိုးလွင်)-ဒေါ်ရီရီလွင်၊ ဦးသက်လွင်(ခ)ဇမ္ဗူထွန်း သက်လွင်-ဒေါ်သီတာတို့၏ မိခင်ကြီး၊ မြေး ၁၂ ယောက်၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၆-၇-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၁၀ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ အထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါ၍ ၈-၇-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (Golden Bell ဗီဒီယိုရှေ့မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၄ရက် နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးစန်းငွေ (၉၄)နှစ်
(ကညွှော်ရွာ၊ ဘီလူးကျွန်း)

(ဦးအောင်-ဒေါ်လှ)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ခေမာသီ(၁)လမ်း၊ အမှတ်(၁၁)နေ (ဦးပါငယ်-ဒေါ်အုန်းကြည်)၊ (ဦးကြာလှိုင်-ဒေါ်ထွေးစိန်)တို့၏ အစ်ကိုကြီး၊ ဒေါ်တင်ညွန့်၊ ဒေါ်တင်အေး၊ ဒေါ်ငွေတီ၊ ဦးသိန်းဦးတို့၏ ဘကြီး၊ မြေး ၂၀ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ အဘိုး ဦးစန်းငွေသည် ၇-၇-၂၀၁၄ ရက် နံနက် ၂း၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၄ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူ တူ/တူမများ

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးလှငွေ အသက်(၈၀)
(ဟင်္သာတ)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ကောင်းမြတ်သူအိမ်ရာ၊ တိုက်(B-၂၀၁) နေ (ဒေါ်စန်းရီ) ၏ခင်ပွန်း၊ ဒေါ်စန်းစန်းနွယ် (လယ်ပြ-အမက-၃၊လသာ)၊ ဦးသန်းနု၊ ဦးဝင်းမြင့် (5Network)-ဒေါ်ရီရီသန်း၊ မခိုင်ဇာလွင် (အောင်သစ္စာဦး အာမခံကုမ္ပဏီလီမိတက်) တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးလှငွေသည် ၆-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၄(စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
H.Jရှုဖီး(ခ)ဦးနိုးတူး(ခ)ဦးဌေးဝင်း
အသက်(၆၂)နှစ်
(နိုးတူးပါကေးရောင်းဝယ်ရေး)

ရန်ကုန်မြို့နေ(ဦးဂဖူး-ဒေါ်နု)တို့၏ သား၊ရန်ကုန်မြို့နေ (ဦးမောင်မောင်-ဒေါ်မြရွှေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၄၁လမ်း၊ အမှတ်(၃၄)၊ မြေညီနေ H.Jဒေါ်ခင်လှမြင့် (မန်နေဂျာ ဘဏ္ဍာရေး၊ မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)၏ခင်ပွန်း၊ မောင်ထူးအောင်လွင်(Zar hit)၊ မဇင်ဝေထက် - မောင်သန်းတိုးအောင်တို့၏ ဖခင်၊ မဆုဝေတိုး၏ အဘိုးသည် ၅-၇-၂၀၁၄(စနေနေ့) နံနက် ၇း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ဇိုဟိုရ်အပြီးတွင် ရေဝေးစွန္နီကာဘာရ်စတန်၌ ဒါဖ္ဖွာနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒုတကသန်းဝင်း(ငြိမ်း)(ချင်း-၁)
ကိုယ်ပိုင်အမှတ်(၄၇၃၅၄၄)
ဒု-ကြီးကြပ်ရေးမှူး၊
မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)
ဘဏ်တွင်းစာရင်းစစ်ဌာန၊
နေပြည်တော်
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊အလင်းရောင်(၄)လမ်း၊ အမှတ်(၄၉၈)နေ (ဦးမောင်ဟန်)-ဒေါ်အုံးရီတို့၏ သားကြီး၊ ဒေါ်ခင်နှင်းဝေ၊ ဗိုလ်ကြီးစိုးသန်း(ငြိမ်း)(ရေကြောင်းတက္ကသိုလ်)-ဒေါ်တင်တင်လှ၊ တကကကျော်မင်း (အကြပ်ကြီး သင်တန်းကျောင်း)-ဒေါ်သိဂီမိုး၊ မကြူကြူလွင်(Green Cross)၊ တကငွေးဝင်း-မသင်းသင်းခိုင်၊ မောင်ရဲဝင်း-မသင်းသင်းမွေ့(ဘဏ်ခွဲ-၃) တို့၏ အစ်ကိုကြီး၊ မောင်ယဉ်ငွေး-မခင်သန္တာဝင်း၊ မနွေသန္တာဝင်း(ဘဏ်ခွဲ-၃)၊ မောင်ဝင်းဇော်-မလဲ့သန္တာဝင်းတို့၏ ဖခင်သည် ၆-၇-၂၀၁၄(တနင်္ဂနွေနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၇-၂၀၁၄(စနေနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်စိန်ရင်(မင်းဘူး)(၉၂)နှစ်

မင်းဘူးမြို့နေဦးကျော်စိန်-ဒေါ်သင်တို့၏သမီး၊ တိုက်(၁၂၂)၊ အခန်း(၃)၊ အရှေ့ရန်ကင်းနေ (ဦးဘမောင်)၏ဇနီး၊ ဦးနေဝင်း၊ ဦးစိုးဝင်းကျော်-ဒေါ်သွယ်သွယ်(ငြိမ်း)-ငွေစာရင်း(ပဆင)၊ ဦးမျိုးမင်း(DEENA Shipping)-ဒေါ်လွင်လွင်(ငြိမ်း၊ JAT)၊ ဒေါ်မို့မို့ (ကုန်သွယ်မြှင့်တင်၊ CTQM၊ လှည်းကူးဌာန)တို့၏ ချစ်လှစွာသောမိခင်၊ မြေးငါးယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၆-၇-၂၀၁၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ၅နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၄(စနေနေ့) နံနက်၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဟင်္သာတအသင်း
ဒေါ်ကြည်ကြည်(ခ)
ဒေါ်ဟင်္သာကြည် (၈၈)နှစ်
(ဟင်္သာတအသင်းသက်ကြီးပူဇော်အကန်တော့ခံပုဂ္ဂိုလ်)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ်(၆)နေ(ဦးရွှေ-ဒေါ်ဖော့) တို့၏ သမီး၊ ဦးတင်ညွန့်-ဒေါ်အေးကြွယ်) တို့၏ညီမ၊ စာရေးဆရာ စန္ဒရား စစ်ကိုင်း (ဦးလှရွှေ)၏ဇနီး၊ ဒေါ်ဇင်ရွှေဦး၏ မိခင်သည် ၆-၇-၂၀၁၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့၊ ဟင်္သာတအသင်း

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ထွေးမြင့်(ခ)ဒေါ်မြစ်
အသက်(၈၆)နှစ်
(ကမာစဲရွာ၊ ပဲခူး)

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကမာစဲကျေးရွာနေ (ဦးသာလူ-ဒေါ်ငြိမ်းလှ)တို့၏ သမီး၊ ရန်ကုန်မြို့၊ ကျားကွက်သစ်ရပ်ကွက်၊ ကျားကွက်သစ်လမ်း၊ အမှတ်(၁၁)၊ ပထမထပ်နေ (ဦးလှရွှေ)၏ ဇနီး၊ ဦးမြတ်စိုး-ဒေါ်နုနုဝေ(အမက-၇၊ တာမွေ)၊ ဦးဆန်းဝင်းလူ-ဒေါ်ကြည်ကြည်စန်း၊ ဦးသန့်ဇင်ဦး(ရန်ကုန်နည်းပညာတက္ကသိုလ်)-ဒေါ်မြသီဂီ၊ ဦးတိုးအောင်ထွေး (မြန်မာစက်မှုဆိပ်ကမ်း MIB)-ဒေါ်ကြူကြူရှိန်တို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၇-၇-၂၀၁၄(တနင်္လာနေ့) နံနက် ၇း၀၅ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊
ကျောင်းဒါယိကာမကြီး
ဒေါ်ခင်မြသွင် (၈၆)နှစ်
(Daisy Thwin)
(မြင်းခြံ)

ဗဟန်းမြို့နယ်နေ (ဦးသွင်-ဒေါ်စောယု)တို့၏သမီးကြီး၊ ဒေါ်ခင်စန်းသွင်၊ (ဦးမျိုးသွင်၊ မြန်မာ့ရေနံ)တို့၏အစ်မ၊ (ဒေါက်တာဘိုသောင်း) (တိုင်းပညာဝန်)၏ဇနီး၊ ဦးထွန်းနိုင်-ဒေါ်အေးအေးသန်း (MRTV-ငြိမ်း)၊ ဦးဇော်ဝင်း-ဒေါ်ငြိမ်းငြိမ်းအေး၊ ဦးကျော်ညွှန့်-ဒေါ်သီတာသန်း၊ ဦးဇင်လင်းထိုက်-ဒေါ်စန္ဒာသန်း၊ ဦးမျိုးမင်းသွင် - ဒေါ်ယဉ်ယဉ်အောင်၊ ဦးငြိမ်းချမ်း-ဒေါ်သက်သီရိဝင်းတို့၏ ကျေးဇူးရှင်အဒေါ်မိခင်၊ မောင်ဖြိုးပြည့်စုံ၊ မငြိမ်းဝတ်ရည်ဇော်၊ မချစ်စုထွန်းနိုင်၊ မသဲရတနာချော၊ မောင်မင်းခန့်သွင်၊ မောင်မိုးပြည့်စုံ၊ ပုပုတို့၏ အဘွားသည် ၆-၇-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၉နာရီမှ အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ၄နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၄ (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်အုန်းကြင်(ပုလော)
အသက်(၈၀)
ဂုဏ်ထူးဆောင်နာယက-
ပုလောမြို့နယ်အသင်း
အသင်းဝင်အမှတ်-၂၆၂

ရန်ကုန်မြို့၊ ပြည်လမ်း၊အနောက်ရပ်ကွက်၊ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ အမှတ်(၈)နေ (ဦးကျင်ထွေး)၏ဇနီးသည် ၆-၇-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၁း၄၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၄(အင်္ဂါနေ့)ညနေ၅နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (အသင်းမှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

ဒေါ်ခင်မျိုးချစ်(ပဲခူး)
အသက်(၇၂)နှစ်
ကုန်တိုက်ကြီးများကော်ပိုရေးရှင်း(ငြိမ်း)

ရန်ကုန်မြို့၊ (၅)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ အခန်း(၄)အေ၊ တိုက်(၂၀)နေ (ဦးကျော်မောင်-ဒေါ်တင်မေ)တို့၏ သမီးကြီး၊ ဦးပညာသီရိ (ဓမ္မိကာရုံကျောင်းတိုက်)၊ ဒေါ်မာလာ(ဗဟိုဘဏ်-ငြိမ်း)၊ ဦးထွန်းမြင့်-ဒေါ်ခိုင်ခိုင်ကျော်၊ (ကိုညီညီ)-ဒေါ်သီတာပြုံး တို့၏ အစ်မကြီး၊ (ဦးအောင်ခင်)၏ ဇနီး၊ ဦးကောင်းထိုက် (Champion Overseas Trading)-ဒေါ်မေသူကျော်တို့၏ မိခင်၊ မအိမ့်ချိုးချိုးသုန် (အမက-၂၊ ကမာရွတ်)၏ အဘွားသည် ၆-၇-၂၀၁၄ ရက် ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၇-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၄ ရက်တွင် ရက်လည်ဆွမ်းကျွေး၍ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
နော်နုနုအေး(ခ)
Naw Mary Aung
Kyi(ခ)နော်ဘာအယ် (၇၁)နှစ်
Ex-Indonesian
Embassy,Retired U.S Embassy
(တောပြာကြီးကျေးရွာ-သံတောင်မြို့နယ်)

ကြည့်မြင်တိုင်မြို့နယ်၊ကရင်အမျိုးသားရပ်ကွက်၊ ဦးလူနီလမ်း၊ အမှတ်(၁၄)နေ (သိက္ခာတော်ရ ဆရာတော်စောဝေးလ်ဘာ-နော်အဲသယ်)တို့၏သမီး၊ (စောအောင်လှ-နော်အေးဂေ)တို့၏ သမီးချွေးမ၊ (နော်ကြည်ကြည်အေး-ဦးဘုန်းလွင်) တို့၏ညီမ၊ (စောအော်ကော်)-ဒေါ်မိုးနှင်းနွယ်၊ နော်ဝေးလ်အယ်-စောအယ်ဒီးနိုတို့၏ အစ်မ၊ စောဘုန်းကြည်၊ Naw Moon Rose၊နော်ဂျူလင်းဒါ၊ စောညီစိုး၊ နော်ဇပေရယ်၊ စောနေထွန်း၊ နော်နေဇာဝင်း၊ စောမာစီအယ်နိုတို့၏ အဒေါ်၊ နော်အေးမြင့်သိန်း-စောသာဒင်၊ စောထူးထူးအောင်-နော်မေရီဖော၊ နော်အယ်ခူဆဲတို့၏အမိုးကြီး၊ စောအောင်ကြည် (Rtd.U.S Embassy)၏ ချစ်လှစွာသော ဇနီး နော်နုနုအေးသည် ၆-၇-၂၀၁၄ရက် ညနေ ၅း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၇-၂၀၁၄(အင်္ဂါနေ့) နံနက်၁၀နာရီတွင် ကြည့်မြင်တိုင် စမ်းချောင်းကရင်နှစ်ခြင်းအသင်းတော် (သိဒ္ဓိလမ်း၊ သီတာရပ်ကွက်) ဘုရားကျောင်း၌ ဆုတောင်းဝတ်ပြုပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ရဟန်း ဒါယိကာမကြီး
ဒေါ်ကျင်ပို့ အသက်(၇၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ၁၆ရပ်ကွက်၊ အမှတ်(၁၃)၊ ပြည်တော်အေးလမ်းနေ (ဦးထွန်းအန်-ဒေါ်လှ)တို့၏ သမီးကြီး၊ (ဦးမြင့်သိန်း)၊(ဒေါ်ကျင်လွမ်)၊ ဦးမြင့်ဌေး-(ဒေါ်စောမူ)၊ ဦးမြင့်အောင်၊ ဒေါ်သန္တာထွန်း-ကျန်းကျွမ်းတဲလ်၊ ဒေါ်မိမိထွန်း၊ ဦးထွန်းမြင့်ဦး-ဒေါ်ခင်မြဝင်း ဒေါ်ခင်သွယ်သွယ်ထွန်း-ဦးဇော်မင်းထွန်း၊ ဦးထွန်းမြင့်ကျော်ကျော်-ဒေါ်ဆိုင်းမွန်ဂျာ၊ ဦးထွန်းမြင့်ဇော်ဇော်-ဒေါ်နန်းပြည့်ပြည့်ဖြိုးတို့၏ ချစ်လှစွာသော အစ်မကြီး၊ ခင်ပြည့်စုံ၊ ထွန်းမြင့်မိုရ်ကျော်၊ ရွှန်းလဲ့မေ၊ ဆုထက်ဝတီဇော်၊ သွန်းနဒီကျော်၊ ရဲရင့်မင်းအောင်တို့၏ ကြီးကြီးသည် ၂၈-၆-၂၀၁၄ရက် နံနက် ၃နာရီတွင် ထိုင်ဝမ်နိုင်ငံ၌ ကွယ်လွန်သွားပါသည်။ ထိုင်ဝမ်နိုင်ငံတွင်မီးသဂြိုဟ်ပြီးစီး၍ ကြွင်းကျန်ရစ်သောအရိုးအိုးအား ၁၀-၇-၂၀၁၄ရက်တွင် ရေဝေးသုသာန်၌ ထပ်မံဂူသွင်းမည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးအုန်းမောင် (၇၄)နှစ်
(ထူထောင်ရေးသင်္ကန်းပရိက္ခရာဆိုင်)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ သနပ်ပင်လမ်း၊ နန်းတော်ရာရပ်ကွက်၊ အမှတ်(၆၃)နေ (ဦးအောင်ဆင့်-ဒေါ်အေးရှိ) (ထူထောင်ရေးသင်္ကန်းပရိက္ခရာဆိုင်) တို့၏သား၊ (ဦးချစ်တင်-ဒေါ်ကြည်)တို့၏ သားသမက်၊ ဦးသန်းအောင်-ဒေါ်မြင့်မြင့်သန်းတို့၏ အစ်ကို၊ ကိုဝင်းမာ-မစိုးရီ၊ မစန်းစန်းအေး၊ မမိမိလှိုင်၊ မမိမိမြိုင်၊ မမိမိခိုင်၊ မစန်းစန်းဌေး၊ မောင်အောင်ကိုမြတ်တို့၏ ဖခင်၊ မအေးမြတ်မွန်၊ မောင်ငြိမ်းစည်သူတို့၏ အဘိုး၊ ဒေါ်ခင်ဝင်း၏ ခင်ပွန်းသည် ၅-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၁၄(တနင်္လာနေ့)တွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ကြည် (၆၇)နှစ်

မန္တလေးမြို့၊ ရန်မျိုးလုံရပ်ကွက်၊ ၇၁×၇၂ လမ်းကြား၊ ၃၂×၃၃ လမ်းကြားနေ မခင်ဝင်းသိန်း (နှင်းဝတ်ရည် အလှပြင်ဆိုင်)၊ မခင်နှင်းသိန်း၊ ကိုအောင်နိုင်ထွန်း၊ ဥူးဝိမလ၊ မခင်ပိုပိုသိန်း (ရွှေဖလားတိုင်းရင်းဆေးခန်း) တို့၏ မိခင်၊ ခ-၈/၁၄၊ ၆၆×၆၇ လမ်းကြား၊ ၄၂×၄၃ လမ်းကြား၊ မဟာမြိုင်အပိုင်း(၁)နေ ဆရာကြီး ဦးဘသိန်း(ဗေး၊ ဂျို၊ စုတ်၊ ဆေးမြစ်)၏ ဇနီးသည် ၇-၇-၂၀၁၄ (တနင်္လာနေ့) နံနက် ၉း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀ နာရီတွင် အထက်ပါ မဟာမြိုင်အပိုင်း(၁)နေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးအုန်းလွင်(မန္တလေး)
အသက်(၆၆)နှစ်

မိုးကုတ်မြို့၊ အောင်နန်းရပ်နေ (ဦးသောင်းရွှေ-ဒေါ်သန်းရင်)၊ မိုးကုတ်မြို့၊ ကျပ်ပြင်ဈေးရပ်နေ (ဦးစိန်ဖေ)တို့၏ သား၊ တ ၅/၁၀၊ ဇီဇဝါလမ်း၊ သဇင်လမ်းနှင့် ငုပြာလမ်းကြား၊ ၆၃×၆၄ လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့နေ ဒေါက်တာဇင်နိုင်လင်း- မဆုမြတ်မွန်၊ ကိုကျော်ဇေယျာလင်း-ဒေါက်တာယုဇနမွန်၊ မောင်ဆက်ပိုင်စိုး တို့၏ ဖခင်၊ ဒေါ်ကြည်ကြည်ဌေး၏ ခင်ပွန်းသည် ၇-၇-၂၀၁၄ (တနင်္လာနေ့) နံနက် ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား သိစေအပ်ပါသည်။ (မန္တလေးမြို့သစ်အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမောင်မောင် (၆၇)နှစ်
ပစ္စည်းထိန်း(ဒု)ငြိမ်းဆလရ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊မအူကုန်းရပ်ကွက်၊ ၁၃၃လမ်း၊ အမှတ်(၁၂)နေ (ဦးချမ်းအေး-ဒေါ်ငွေသိန်း)တို့၏သား၊ (ဦးအေးလှိုင်-ဒေါ်သန်းညွှန့်)တို့၏ သားသမက်၊ ဦးကျော်ဝင်း-(ဒေါ်တင်ဥ)၊ (ဦးတင်ဝင်း)-ဒေါ်ခင်သန်းတို့၏မောင်၊ ဒေါ်ခင်တင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသွင်ထွဋ်(EIKSIETAN Co.,Ltd)-ဒေါ်နီနီဦးတို့၏ ချစ်လှစွာသောဖခင်၊ မောင်သန့်ဇင်ဦး (Gold Shipping Agency Services Ltd,Agent of Hyundai Merchant Marine)၊ မသက်ထက်ဦး (B-Tech Second year Civil WYTU)၊ သရုပ်ဆောင်မော်ဒယ် မသွန်းဆုအိန္ဒြာ(ခေါ်) မအိမ္ဗြေသွင်တို့၏ ချစ်လှစွာသောအဘိုးသည် ၇-၇-၂၀၁၄ ရက် နံနက် ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ယဉ်ယဉ်ကြူ
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ (၈၉) လမ်း၊အမှတ်(၁၂)၊ငါးလွှာနေ (ဦးတင်လှ-ဒေါ်ခင်လှ)တို့၏ သမီး၊ (ဦးဘကျော်-ဒေါ်ဖွားရှင်)တို့၏ သမီးချွေးမ၊ [ဦးတင်မြင့်ကျော်(ဇာမဏီအောင် ဆောက်လုပ်ရေး)၏ ဇနီး၊ မောင်သီဟကျော်(A1 ဘက်ထရီနှင့် တာယာရောင်းဝယ်ရေး)-မသက်မြတ်သဥ္ဇာ၊ (မမေမိုးကျော်)၊ မောင်အောင်ရဲကျော်(Yangon airways) တို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ယဉ်ယဉ်ကြူသည် ၆-၇-၂၀၁၄ (တနင်္ဂနွေနေ့) ည ၁၁း၃၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်တင်နွယ်အုန်း(ခ)ဒေါ်ဥမ္မာခိုင်
အမက(၇)၊ ကမာရွတ်
ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)
အသက်(၆၂)နှစ်

တိုက်(၅)၊ အခန်း(၃)၊ ဝေဠုဝန်တိုက်သစ်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဗိုလ်ကြီးအောင်ခိုင်(ငြိမ်း)-ဒေါ်ခင်အုန်းတို့၏ သမီးကြီး၊ (ဗိုလ်ကြီးအောင်လင်း)၏ ဇနီး၊ မသိမ့်သိမ့်ထက်-မောင်ဇော်လင်း၊ ဗိုလ်ကြီးသီဟအောင် တို့၏ မိခင်၊ မောင်ခန့်မင်းမြတ်၏ အဘွား ဒေါ်တင်နွယ်အုန်း(ခ)ဒေါ်ဥမ္မာခိုင်သည် ၇-၇-၂၀၁၄(တနင်္လာနေ့) နံနက် ၁း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၇-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအောင်စိုး(မြိတ်အဝယ်တော်)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊၂၇ လမ်း၊အမှတ် ၄၆(တတိယထပ်၊ယာ)နေ ဒေါ်ခင်ခင်မြင့်(ခ)တန်ချီဝါ၏ ခင်ပွန်း၊ ဦးတင်ထွဋ်ဦး - Mrs.AI ZHEN (U.S.A), Dr.သန့်ဇင်ထွန်း-Dr.ခင်သန်းနိုင်၊ Dr. ဇင်မင်းစိုး-Dr.မြင့်မောင်ဦး (Taiwan)၊ Dr.မိုးမိုးအောင်-Dr.မျိုးဇော်ဟိန်း တို့၏ ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၆-၇-၂၀၁၄ ရက် ညနေ ၅း၅၅ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ၇-၇-၂၀၁၄ရက်တွင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၄ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

အရာခံဗိုလ်သိန်းညို(ငြိမ်း)
လေ-၁၂၂၆၃
အသက်(၇၁)နှစ်

(ဦးမောင်ကြီး-ဒေါ်အေးကြည်)တို့၏ သား၊(ဦးပါကြီး-ဒေါ်သန်းရွှေ)တို့၏ သားသမက်၊ ဦးရဲကျော်စွာသိန်း၊ ဒေါ်မျိုးသူဇာသိန်း၊ ဦးမိုးဇော်မင်းသိန်း၊ ဦးနေမျိုးစိုးသိန်းတို့၏ဖခင်၊ အမှတ်(၄/၅၇)၊ ငုရွှေဝါ(၁)လမ်း၊ရွာသစ်၊ထောက်ကြံ့မြို့နေ ဒေါ်တင်အုန်း၏ချစ်လှစွာသောခင်ပွန်းသည် ၆-၇-၂၀၁၄(တနင်္ဂနွေနေ့)နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးသောင်းထွန်း (၅၉)နှစ်
တ/ခတုဗေဒအရာရှိ(ငြိမ်း)
အမှတ်(၁)ရေနံချက်စက်ရုံ၊
သန်လျင်

သန်လျင်မြို့၊ ထန်းပင်ကုန်း(၂)လမ်း၊ အမှတ်(၄)နေ (ဦးထွန်းအောင်)-ဒေါ်လှကြည်တို့၏သား၊ (ဦးဘချွန်)-ဒေါ်အေးကြည်တို့၏ သားသမက်၊ ဒေါ်ခင်စုဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စိုးထိုက်အောင်၊ မောင်ပိုင်စိုးကျော်တို့၏ ဖခင်သည် ၆-၇-၂၀၁၄(တနင်္ဂနွေနေ့) ည ၁၁ နာရီတွင် SSC ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၄(အင်္ဂါနေ့) ညနေ ၄ နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

မိုးကုတ်မြို့နယ်အသင်း
ဒေါ်အေးမို့မို့ (၅၇)နှစ်

ရန်ကုန်မြို့၊လသာမြို့နယ်၊ဗိုလ်ရွဲလမ်း၊ အမှတ်(၁၀၈)နေ (ဦးဝင်းမောင်)-ဒေါ်စန်းရီ(ခ)ဒေါ်ဒေါ်ချွဲတို့၏သမီး၊ ဦးသက်ဝေ၏ ဇနီးသည် ၆-၇-၂၀၁၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၈-၇-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးကွမ်းတုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါသဖြင့် အသင်းသူ/သားများ ပို့ဆောင်ကြပါရန်။

အမှုဆောင်အဖွဲ့

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ရေတွင်း၊ ရေကန် ဒါယိကာမကြီး
ဒေါ်စိန်တင်(ပြွန်တံဆာ)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ်(၄၀)နေ (ဦးဘိုးအောင်-ဒေါ်သင်းလှိုင်)တို့၏ သမီးကြီး၊ (ဦးမောင်ဖေ-ဒေါ်ဥ)တို့၏သမီးချွေးမ၊(ဦးလှမောင်)၏ချစ်လှစွာသောဇနီး၊ (ဦးစိန်ပေါ်-ဒေါ်ရင်ရင်)၊ (ဦးထွန်းအောင်)-ဒေါ်ခင်ခင်၊ဦးယုကြိုင်-(ဒေါ်စန်းစန်းနု)၊ ဦးစိန်ဝင်း-(ဒေါ်ခင်ထွေး)တို့၏အစ်မကြီး၊ ဦးမျိုးထွန်းဦး(ဌာနစုမှူး၊ အင်ဂျင်နီယာ၊ လုပ်ငန်းစစ်ဌာန၊ Y.C.D.C)၊ ဒေါ်လဲ့လဲ့မော်(ကထိက၊ဓာတုဗေဒဌာန၊ ရေနံချောင်းဒီဂရီကောလိပ်) တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မောင်ပြည့်ဟိန်းကျော်(အထက-၂၊ကမာရွတ်) (၂၀၁၄ တက္ကသိုလ်ဝင်တန်းအောင်)၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၇-၇-၂၀၁၄ (တနင်္လာနေ့) နံနက် ၉း၄၇နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၇-၂၀၁၄ (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအ ထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်အုန်းကြင် အသက်(၈၀)
B.A, B.Ed
အထက်တန်းပြဆရာမကြီး(ထ-၂-ဒဂုံ-ငြိမ်း)

ပုလောမြို့နေ(ဦးစိန်ချို-ဒေါ်စိန်သွေး)တို့၏သမီး၊ထားဝယ်မြို့နေ(ဦးသာဖေ-ဒေါ်ကြည်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ပြည်လမ်း၊အနောက်ရပ်ကွက်၊ ဒဂုံမြို့နယ်၊ အမှတ်(၈)၊စကားဝါလမ်းနေ (ဦးကျင်ထွေး)(ညွှန်ကြားရေးမှူး၊ ပို့ဆက်ဦးစီး-ငြိမ်း)၏ဇနီး၊ ဒေါက်တာယုယု(ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်)၊ ပါမောက္ခ ဒေါက်တာတင်ထွန်းလှ(သွားဆေးတက္ကသိုလ်၊ ရန်ကုန်)၊ ဦးလှဆောင်-ဒေါ်စုစုအောင်(ခေတ္တ-စင်ကာပူ)၊ ပါမောက္ခဒေါက်တာမြတ်သူ(ဦးနှောက်ခွဲစိတ်ကုဌာန YGH) - ဒေါ်ဆွေမာလွင်(UNICEF)၊ ဒေါက်တာကျော်သူ-ဒေါက်တာခင်သူရိန်(ခေတ္တ UK)၊ဦးအောင်သူတို့၏ ချစ်လှစွာသောမိခင်၊ မသီရိမြတ်သူ၊မနွယ်ဦးအောင်၊ မောင်ဇော်မိုးဟန်၊ မခင်မြသူတို့၏ ဘွားဘွားကြီးသည် ၆-၇-၂၀၁၄(တနင်္ဂနွေနေ့) နံနက်၁၁း၄၈နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၄(အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မိမိလေး
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၉/၁၈၆)၊စိန်ပန်းလမ်းသွယ်(၃)၊ ဝန်ထမ်းကြီးများရိပ်သာနေ (ဗိုလ်မှူးချုပ်ကျော်ဝင်း-ငြိမ်း)၏ဇနီး၊ ဦးမောင်မောင်ဝင်း-ဒေါ်စန္ဒာဝင်း၊ ဦးအောင်ဝင်း-ဒေါ်ဌေးဌေးလှိုင်၊ ဦးဝင်းဇော်-ဒေါ်စုကလျာထွန်းတို့၏ မိခင်၊ မောင်စိုးထွန်းလှိုင်၊မောင်ဝင်းခန့်ကျော်၊ မသိမ့်နေခြည်အောင်တို့၏ ချစ်လှစွာသောအဘွားဒေါ်မိမိလေးသည် ၅-၇-၂၀၁၄ရက်ညနေ ၅း၃၇နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၉-၇-၂၀၁၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၁-၇-၂၀၁၄ (သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးထွန်းကြည်
(တပ်မတော်-ရေ၊ ငြိမ်း)
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ (ဦးကြွက်-ဒေါ်မြကျင်) တို့၏ သား၊ (ဦးခင်မောင်စိုး-ဒေါ်ငွေကြည်) တို့၏သားသမက်၊ (ဦးလှမြင့်) -ဒေါ်အုံးမြင့်၊ ဦးပြည်သိန်း-ဒေါ်ခင်ချောစု တို့၏အစ်ကို၊ မောင်စိန်ဝင်းထွန်း-မရီရီခိုင်၊ မောင်နေဝင်းအောင်-မမြင့်မြင့်စန်း၊ မောင်သန်းလှိုင်ဝင်း-မမျိုးမျိုးစိုး (K.S)၊ မောင်ထွေးမင်းအောင်တို့၏ ဖခင်၊ မောင်ရဲရင့်ထွန်း၊ မောင်ဘုန်းပြည့်သက်ပိုင်၊ မောင်အောင်ထက်မြတ်တို့၏ အဘိုး၊ ဒေါ်လှမြင့်၏ ချစ်လှစွာသောခင်ပွန်း ဦးထွန်းကြည်သည် ၇-၇-၂၀၁၄ (တနင်္လာနေ့) နံနက် ၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ခင်ဖြူ(တောင်ကြီး)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ တိုက်(၉၅)၊ အခန်း(၄၀) နေ ဦးရန်ခိုင်-ဒေါ်ရောက်တာ တို့၏ သမီး၊ ဦးသန်းထွန်း(စခန်းမှူး-ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ မစန်းမြင့်ဖြူ မသဲဖြူ မဖြူဖြူထွန်း၊ ကိုစိုးမင်းသန့်(ခ)စုမီ(သရုပ်ဆောင်အဆိုတော်)၊ ဒေါက်တာစိုးမင်းခန့်(ခ) တိုးတက်အောင်တို့၏ချစ်လှစွာသော မိခင်ကြီး ဒေါ်ခင်ဖြူသည် ၇-၇-၂၀၁၄(တနင်္လာနေ့) နံနက် ၈း၂၀နာရီတွင် ရန်ကုန်မြို့ ဆာကူရာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးသောင်းထွန်း (၅၉)နှစ်
အထက(၂)ဗဟန်းကျောင်းသားဟောင်း
တ/ခတုဗေဒအရာရှိ(ငြိမ်း)၊
အမှတ်(၁)ရေနံချက်စက်ရုံ၊သန်လျင်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝါးခယ်မလမ်း၊ အမှတ်(၃၉)နေ (ဦးထွန်းအောင်)-ဒေါ်လှကြည် တို့၏ သား၊ (ဦးဘချွန်-ဒေါ်အေးကြည်) တို့၏ သားသမက်၊ ဦးထွန်းကြွယ်-ဒေါ်ရင်မြင့်၊ ဦးဝင်းဖေ(အထက-၂၊ ဗဟန်း-ငြိမ်း) တို့၏ ညီ/မောင်၊ (ဦးညွှန့်ဝေ)-ဒေါ်စန်းစန်းမော်၊ ဦးအေးဇော်-ဒေါ်တင်တင်အောင်၊ ဦးမျိုးအောင်-ဒေါ်စန်းစန်းလွင် (အထက-၁၊ဒဂုံ)၊ ဦးဇော်ဝင်း (C/E St.Johs Shipmanagement)-ဒေါ်ဝင်းဝင်းနိုင်၊ (ဦးသိန်းနိုင်)တို့၏ အစ်ကို၊ တူ/တူမ ၁၁ ယောက်တို့၏ ဘကြီး/ဦးလေး၊ ဒေါ်ခင်စုဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်စိုးထိုက်အောင်၊ မောင်ပိုင်စိုးကျော်တို့၏ ချစ်လှစွာသော ဖခင်သည် ၆-၇-၂၀၁၄ (တနင်္ဂနွေနေ့) ည ၁၁ နာရီတွင် SSC ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၁၄ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးအေးကြွယ် (၇၃)နှစ်
B.Sc,R.L,A.F.R.C(LONDON)
မိုးဇလ
လမ်းစဉ်လူငယ်အတွင်းရေးမှူး
A.G.T.I အင်းစိန်
စိုက်သိပ္ပံပျဉ်းမနား၊မော်ကွန်းထိန်း
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
ဌာနစုမှူး၊အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ၁၇/၁၉၊ ဦးလှော်ခြံလမ်းနေ ဦးကျော်နိုင်-ဒေါ်သောင်းရှင် တို့၏ သား၊ ဝဏ္ဏကျော်ထင် ဦးလှ-ဒေါ်စောတို့၏ သားသမက်၊ ဒေါ်ဂရေစီလှ(ခ)ဒေါ်သန်းမြ [ထ-၂၊ကမာရွတ်၊ ထ-၂ မရမ်းကုန်း-ငြိမ်း)]၏ ခင်ပွန်း၊ ဦးထွန်းထွန်းအောင်-ဒေါ်ဇင်သီအောင် တို့၏ ဖခင်၊ မောင်၏ အဘိုးသည် ၆-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ညနေတွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၇-၂၀၁၄ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါသောကြောင့် တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ယနေ့ **မာတိကာ**

ထိုင်းနိုင်ငံတောင်ပိုင်း တည်ငြိမ်အေးချမ်းရေး တပ်မတော်အစိုးရ၏ ဦးစားပေးလုပ်ငန်းဟုဆို

စာမျက်နှာ - ၄

စမတ်ဖုန်းများဖြင့် စိတ်ဖိစီးမှုကို စမ်းသပ်စစ်ဆေးနိုင်

စာမျက်နှာ - ၁၁

ရော်ကေးတိုက်စစ်မှူး ဟန်တယ်လာအား ခေါ်ယူရန် လီဗာပူးပြင်ဆင်

စာမျက်နှာ - ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် မိန့်ခွန်းပြောကြားမည်

နေပြည်တော်　ဇူလိုင်　၇

မန္တလေးမြို့ ပဋိပက္ခနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားမည့်မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံနှင့် သဇင်အသံလွှင့်ဌာနတို့မှ ဇူလိုင် ၇ ရက် ည ၈ နာရီတွင်လည်းကောင်း၊ ဇူလိုင် ၈ ရက် နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် လည်းကောင်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မာတူနာ၏ သွင်းဂိုးများဖြင့် ချင်းယူနိုက်တက် ကွာတားတက်

မနောမြေနှင့် ချင်းယူနိုက်တက်တို့ အကြိတ်အနယ်။

MFF Ooredoo Cup 2014 ရှုံး/ထွက် ဘောလုံးပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ချင်းယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

(စလင်းကွင်း)

ချင်းယူနိုက်တက် - နှစ်ဂိုး (မာတူနာ)

မနောမြေ - တစ်ဂိုး (အက်စလေ)

ပုံစံကောင်းများရနေသည့် ချင်းယူနိုက်တက်အသင်းမှာ ယခုပွဲတွင်လည်း ခြေစွမ်းပြကစားနိုင်ခဲ့ပြီး တိုက်စစ်မှူး မာတူနာ၏သွင်းဂိုးများဖြင့် ကွာတားဖိုင်နယ်သို့တက်ရောက်နိုင်ခဲ့သည်။ မနောမြေအသင်းမှာ ချင်းအသင်းကိုအပြန်အလှန်ကစားနိုင်ခဲ့သော်လည်း အီဗရာဟင်မ်မပါဝင်နိုင်သည့် နောက်တန်းက ချင်းအသင်းတိုက်စစ်ကို မထိန်းချုပ်နိုင်ခဲ့ပေ။

ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသော်လည်း မိနစ် ၆၀ တွင် မနောမြေ နောက်ခံလူလက်ထိ၍ ချင်းအသင်း ပင်နယ်တီရခဲ့ပြီး မာတူနာက အမှားအယွင်းမရှိကန်သွင်းခဲ့သောကြောင့် အဖွင့်ဂိုးရရှိခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ချင်းကစားပုံ ပိုကောင်းလာပြီး မိနစ် ၈၀ တွင် မာတူနာက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ မနောမြေအတွက် ချေပဂိုးကို နာကျင် အချိန်ပိုတွင် အက်စလေက သွင်းယူခဲ့သည်။

(ပဒုမ္မာကွင်း)

ရတနာပုံ - သုံးဂိုး

(ဟက်ပီးနက်စ်၊ ဇင်မင်းထွန်းနှင့် ရန်အောင်ဝင်း)

Southern - တစ်ဂိုး။

(ရှိုတာဂို)

စာမျက်နှာ ၈ ကော်လံ ၄ သို့ ❖

မုန်းချောင်းထဲမှ ဘုရားဖူးငါးကြီးများအား ကြိုဆိုမည်

မကွေး　ဇူလိုင်　၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် လယ်ကိုင်းမြို့ဟောင်းမှ မလှမ်းမကမ်းတွင် ရှေးဟောင်းသမိုင်းဝင် စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီကိန်းဝပ်စံပယ်တော်မူပြီး နှစ်စဉ် ဝါတွင်းကာလများ၌ မုန်းချောင်းအတွင်းသို့ ဘုရားဖူးငါးများ လာရောက်လေ့ရှိသည်။ ထိုဘုရားဖူးငါးများကို အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာသည့် ဘုရားဖူးများက ငါးစာများကျွေးကြသဖြင့် အလွန်စည်ကားသော ပွဲတော်တစ်ခုဖြစ်ပါသည်။

ငါးကျွေးဆိပ်ဖွင့်ပွဲအခမ်းအနားကို ဝါဆိုလပြည့်နေ့ (ဇူလိုင် ၁၁ ရက်)တွင် ကျင်းပမည်ဟု သိရသည်။ နံနက် ၆ နာရီတွင် ဗူးသည်ရွာအနီး မုန်းချောင်းငါးကျွေးဆိပ်သို့ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရား၏ အကျိုးတော်ဆောင်ချုပ် ဆရာတော် အရှင်ဓမ္မစာရ (သာသနဓဇဓမ္မာစရိယ)အမှူးပြုသော ဩဝါဒါစရိယဆရာတော်များ ကြွရောက်လာမည်ဖြစ်ပြီး တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဓမ္မစကြာအသင်းများလိုက်ပါလျက် မုန်းချောင်းနှင့် ဧရာဝတီပေါင်းစည်းသော မြစ်ဆုံသို့ ပဲ့ထောင်စက်လှေများဖြင့် ဘုရားဖူးငါးများကို ကြိုဆိုကြမည်ဟု သိရသည်။ ငါးကျွေးဆိပ်မှ ဧရာဝတီမြစ်ဝအထိ ရေမိုင် ၁၂ မိုင်ဝေးသည်။ ဘုရားဖူးငါးများ မုန်းချောင်းအတွင်း ဝင်ရောက်လာပြီး ငါးကျွေးဆိပ်သို့ရောက်သောအခါ မင်္ဂလာစည်တော်တီး၍ အဆို၊ အက၊ အတီး၊ အမှုတ်များနှင့် ကြိုဆိုကြမည်ဟု တာဝန်ရှိသူတစ်ဦးက အစီအစဉ်ကိုပြောသည်။

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကတည်းက ရဟန္တာငါးရာနှင့်ကြွရောက်၍ ခုနစ်ရက်တိုင်တိုင် သီတင်းသုံးခဲ့သော စန္ဒကူးနံ့သာကျောင်းတော်ရာတွင် **စာမျက်နှာ ၈ ကော်လံ ၄ သို့**

Bi မွန်းတည့်နေဂျာနယ်ပါ M.D.C.F ၏ ထုတ်ပြန်ချက်သတင်းနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်ရန်ရှိ

နေပြည်တော်　ဇူလိုင်　၇

ဇူလိုင် ၁၁ ရက်တွင် ထုတ်ဝေမည့် Bi မွန်းတည့်နေဂျာနယ် အတွဲ(၁) အမှတ်(၂၉)ကို ဇူလိုင် ၇ ရက်တွင် ကြိုတင်ဖြန့်ဝေရောင်းချခဲ့ရာ ၎င်းဂျာနယ်၏ ရှေ့မျက်နှာဖုံးနှင့် စာမျက်နှာ(၂)တွင် “ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသား ဒီမိုကရေစီအင်အားစုများအား ကြားဖြတ်အစိုးရအဖြစ် ပြည်သူများက တင်မြှောက်ကြောင်း M.D.C.F ထုတ်ပြန်” ခေါင်းစဉ်ဖြင့် သတင်းဖော်ပြပါရှိသည်ကို တွေ့ရသည်။ အဆိုပါသတင်းကို ဖတ်ရှုသူများအနေဖြင့် ထင်ယောင်ထင်မှားဖြစ်စေပြီး နိုင်ငံတော်အစိုးရကိုအကြည်ညိုပျက်စေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေခြင်းနှင့် အများပြည်သူ၏အကျိုးပျက်စီးမှုကို ဖြစ်ပေါ်စေနိုင်သည်။

ယင်းသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနက စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ ကြားဖြတ်အစိုးရအဖြစ် တင်မြှောက်ခြင်းမှာ အမှန်တကယ်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေသဖြင့် တည်ဆဲဥပဒေများဖြင့် အရေးယူခံရနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ

၂၀၁၄ ခုနှစ် ဇူလိုင် ၈ ရက် အင်္ဂါနေ့

FIFA WORLD CUP Brasil

အိမ်ရှင်ဘရာဇီးကို ဂျာမနီအခက်တွေ့စေမှာလား

၂၀၁၄ ကမ္ဘာ့ဖလားရဲ့ဆီမီးဖိုင်နယ်ပထမပွဲကို ဇူလိုင် ၉ ရက် နံနက် ၂း၃၀ (ဇူလိုင် ၈ ရက် ည)မှာ ကျင်းပသွားဖို့ရှိပြီး အဆိုပါပွဲစဉ်မှာ အိမ်ရှင် ဘရာဇီးနဲ့ နာမည်ကြီးဂျာမနီတို့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ အထူးကောင်းမွန်နေပါတယ်။ ဒီနှစ်သင်းဟာ ကိုးကြိမ်ဆုံခဲ့ဖူးပေမယ့် အဆိုပါ ကိုးကြိမ်အနက် အများစုက ခြေစမ်းပွဲတွေ၊ ကွန်ဖက်ဒရေးရှင်း ပွဲတွေမှာသာ ဆုံတွေ့ခဲ့ကြတာဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲအတွင်းမှာ တော့ ၂၀၀၂ ကမ္ဘာ့ဖလားရဲ့ ဗိုလ်လုပွဲမှာဆုံတွေ့ခဲ့တဲ့ တစ်ကြိမ်သာ ဆုံတွေ့ခဲ့ဖူးပါတယ်။ အဲဒီတုန်းက ဘရာဇီးဟာ ဂျာမနီကို ရော်နယ်ဒိုရဲ့ သွင်း ဂိုးတွေနဲ့နှစ်ဂိုးပြတ်အနိုင်ရကာ ကမ္ဘာ့ချန်ပီယံဆုကို အရယူနိုင်ခဲ့ ဖူးပါတယ်။ ဒါကြောင့် ဒီတစ်ကြိမ် ပြန်လည်ဆုံတွေ့တဲ့ပွဲမှာ ဂျာမနီ အနေနဲ့ ဘရာဇီးကို ရှုံးကြွေးပြန်ဆပ်နိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာပါ။

တကယ်တော့ ဘရာဇီးဟာ ဒီတစ်ကြိမ် ကမ္ဘာ့ဖလားမှာ ဗိုလ်စွဲဖို့အတွက် ရေပန်း အစားဆုံးအသင်း ဖြစ်နေပေမယ့်လည်း ခြေစွမ်းအရတော့ အကောင်းဆုံးပုံစံကို ရယူနိုင်ခြင်း မရှိသေးပါဘူး။ အထူးသဖြင့် ဘရာဇီးရဲ့ ခံစစ်ကြောင်းဟာ ဒီပြိုင်ပွဲမှာ ကျစ်လျစ်မှုရှိတယ်လို့မဆိုနိုင်ပါဘူး။ ဘရာဇီး ဟာ ဒီပြိုင်ပွဲမှာ စုစုပေါင်း ငါးပွဲကစားပြီး ရာမှာ အုပ်စုတွင်း ပွဲစဉ်တစ်ခု ဖြစ်တဲ့ မက္ကဆီကိုနဲ့ပွဲ တစ်ပွဲသာဂိုးမပေးရအောင် ထိန်းချုပ်နိုင်ခဲ့ပြီး ကျန်တဲ့လေးပွဲမှာတော့ ပွဲတိုင်း တစ်ဂိုးစီပေးခဲ့ရတာကို တွေ့ခဲ့ရပါတယ်။ ဒါကြောင့် ဘရာဇီးရဲ့ ခံစစ်ကြောင်းဟာ ကျစ်လျစ်မှုရှိတယ်လို့မဆိုနိုင်သလို ဒီပွဲစဉ်မှာလည်း အဓိကခံစစ်မှူး သီယာဂိုဆေးလ်ဗားဟာလည်း ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဘရာဇီးဟာ ဒီပွဲစဉ်မှာ ဒန်တီနဲ့ လူးဝစ်ဇ်တို့ကိုသာ ဗဟိုခံစစ်မှာ တွဲဖက်ပွဲထုတ်ရသလို ဘရာဇီးရဲ့ ခံစစ်ကြောင်းဟာလည်း ပိုမိုပြီးအားလျော့သွားမယ့်အခြေအနေမှာ ရှိနေ ပါတယ်။

ဒါ့အပြင် ဘရာဇီးဟာ ကွာတားဖိုင်နယ် အဆင့်မှာ အဓိကတိုက်စစ်မှူး နေမာ ဒဏ်ရာ ရခဲ့ပြီး လက်ကျန်ကမ္ဘာ့ဖလားပွဲစဉ်အားလုံး ကို လွဲချော်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဘရာဇီးဟာ ဒီပွဲမှာနေမာကိုလည်း အသုံးပြုခွင့်ရမှာ မဟုတ်ပါဘူး။ အထူး သဖြင့် ဘရာဇီးဟာ ဂိုးရဖို့အတွက် နေမာတစ်ဦးတည်းအပေါ်မှာသာ အဓိက အားပြုခဲ့ရတာဖြစ်ပြီး နေမာက ဘရာဇီး ရရှိတဲ့ သွင်းဂိုးအနက် လေးဂိုးတိတိ သွင်းယူပေးခဲ့သူ ဖြစ်ပါတယ်။ ဒါ့အပြင် နေမာဟာ ဂိုးရဖို့ အတွက် လည်း တစ်ကြိမ်ဖန်တီးပေးထားတာကြောင့် ဘရာဇီးရတဲ့ ဂိုးစုစုပေါင်း ရဲ့ တစ်ဝက်တိတိဟာ နေမာကြောင့်ရခဲ့တယ်လို့ဆိုရမှာဖြစ်ပြီး နေမာ မပါဝင်နိုင်ခြင်းဟာ ဘရာဇီးတိုက်စစ်အနေနဲ့ ဂိုးရဖို့အတွက်ပါ အခက် အခဲ တွေ့ရနိုင်မယ့် အခြေအနေမှာ ရှိနေပါတယ်။ အထူးသဖြင့် ဘရာဇီးရဲ့ အခြားတိုက်စစ်မှူးတွေဖြစ်တဲ့ ဖရက်ဒ်၊ ဟတ်ခ်၊ ဂျို တို့ဟာ အဆုံးသတ်ပိုင်း သေချာသူတွေမဟုတ်ဘူး။ ဂျိုဆိုရင် ထိထိ ရောက်ရောက် ပွဲထွက်ခွင့်မရသလို ဟတ်ခ်ဆိုရင်လည်း အခုအထိ ဂိုးသွင်းယူနိုင်စွမ်းမရှိသေးဘူး။ ဖရက်ဒ်ကတော့ တစ်ဂိုးသွင်းယူထား နိုင်ပေမယ့် ထိရောက်တဲ့ခြေစွမ်းမျိုး ထုတ်မပြနိုင်သေးဘူး။ ဒါကြောင့် နေမာမပါဝင်နိုင်ခြင်းဟာ ဘရာဇီးအတွက် အတော်လေး ထိခိုက်နိုင်စွမ်း ရှိတယ်။

ဂျာမနီကလည်း တိုက်စစ်ပိုင်း အထူးထက်မြက်တဲ့အသင်းလို့ မဆိုနိုင်ဘူး။ အထူးသဖြင့် ဘရာဇီးက ဂိုးရဖို့အတွက် နေမာ တစ်ဦး တည်းအပေါ်မှာ အားပြုခဲ့ရသလို ဂျာမနီဟာ လည်း မူလာအပေါ် မှာ သာ အများစုတည်မှီ နေရတယ်။ ဘရာဇီး နည်းတူ ဂျာမနီက လည်း ၁၀ ဂိုးသွင်းရာ မှာ မူလာက လေးဂိုး သွင်းတယ်။ ဘရာဇီး ခံစစ်မှူး လူးဝစ်ဇ် နည်းတူ ဂျာမနီ ခံစစ်မှူး ဟမ်မဲလ်က လည်း နှစ်ဂိုး သွင်းတယ်။

စာမျက်နှာ ၂၂သို့ » »

နေ့ရက်	-	၉-၇-၂၀၁၄
အချိန်	-	နံနက် ၂း၃၀
ကစားမည့်ကွင်း	-	Magalhaes Pinto

နိုင်ငံခြားသားနည်းပြများ အောင်ပွဲခံခွင့်မရဖူးသည့် ကမ္ဘာ့ဖလား



ကျင်းပပြီးစီးခဲ့သည့် ၁၉၃၀ မှ ၂၀၁၀ ခုနှစ်အထိ ကမ္ဘာ့ဖလားပြိုင်ပွဲ (၁၉) ကြိမ်တွင် ချန်ပီယံဖြစ်ခဲ့သောအသင်းများကို တာဝန်ယူကိုင်တွယ်ခဲ့သည့် နည်းပြများမှာ ပြည်တွင်း(နိုင်ငံသား)နည်းပြများသာဖြစ်ကြသည်။ ကမ္ဘာ့ဖလားပြိုင်ပွဲ (အကြိမ်တိုင်း)တိုင်းလိုလိုတွင် ပြိုင်ပွဲဝင်အသင်းအချို့သည် နာမည်ကျော် နိုင်ငံခြားသားနည်းပြများကို ငှားရမ်းပြီး ပြိုင်ပွဲဝင်ခြင်းများရှိခဲ့သော်လည်း နိုင်ငံခြားသားနည်းပြများအနေဖြင့် ချန်ပီယံဆုကို တစ်ကြိမ်တစ်ခါမှ ဆွတ်ခူးနိုင်အောင် မစွမ်းဆောင်နိုင်ခဲ့ကြ။ အမြင့်ဆုံး ဦးဆောင်မှုပေးနိုင်ခဲ့သည်မှာ ဒုတိယဆုသာရှိခဲ့သည်။ ဒုတိယဆုရရှိအောင် စွမ်းဆောင်ပေးနိုင်သည်မှာလည်း ပြိုင်ပွဲ ၁၉ ကြိမ်တွင် နှစ်ကြိမ်သာရှိသည်ကို တွေ့ရသည်။

ယခု ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း နိုင်ငံခြားသားနည်းပြများ ငှားရမ်းပြီး ပြိုင်ပွဲဝင်သည့် နိုင်ငံလက်ရွေးစင် အသင်း ၁၄ သင်းရှိခဲ့သည်။ ဂျာမနီနိုင်ငံသားများကို ငှားရမ်းတာဝန်ယူစေခဲ့သည့် အသင်း သုံးသင်း၊ ကိုလံဘီယာ လူမျိုးများကို ငှားရမ်းခဲ့သည့်အသင်း သုံးသင်း၊ ပေါ်တူဂီသား နှစ်ဦး၊ အာဂျင်တီးနားနိုင်ငံသား နှစ်ဦး၊ အီတလီနိုင်ငံသား နှစ်ဦးတို့ တာဝန်ယူခဲ့သည့် အသင်းနှစ်သင်းစီနှင့် ပြင်သစ်လူမျိုး ဘောစနီးယားလူမျိုးတို့ ငှားရမ်းခဲ့သည့်အသင်း တစ်သင်းစီ စုစုပေါင်း ၁၄ သင်းအထိရှိခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် နိုင်ငံခြားသားနည်းပြများ ဦးဆောင်မှုပေးခဲ့သည့် အသင်း ၁၄ သင်းအနက် ခုနစ်သင်းသာ ရှုံး/ထွက်အဆင့်ကို တက်ရောက်ခွင့်ရခဲ့သည်။ ရှုံး/ထွက်အဆင့်တွင် နိုင်ငံခြားသားနည်းပြများ တာဝန်ယူခဲ့သည့် အသင်း ငါးသင်းမှာ နောက်တစ်ဆင့် တက်ရောက်ခွင့်ဆုံးရှုံးခဲ့ရပြန်သည်။ ကွာတားဖိုင်နယ်အဆင့်ပြိုင်ပွဲသို့ အာဂျင်တီးနားလူမျိုး(နည်းပြ)ဟိုဆေးပီကာမင် တာဝန်ယူကိုင်တွယ်သည့် ကိုလံဘီယာအသင်းနှင့် ကိုလံဘီယာနိုင်ငံသား(နည်းပြ)ဂျော့ဂ်ျလူးဝစ်ပင်တို ဦးဆောင်မှုပေးသည့် ကော်စတာရီကာ အသင်းတို့နှစ်သင်းသာ တက်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သည်။

ကွာတားဖိုင်နယ်ပွဲစဉ်မှာတော့ ပီကာမင်၏ ကိုလံဘီယာအသင်းသည် ဘရာဇီးသား စကိုလာရီကိုင်တွယ်တာဝန်ယူထားသည့် အိမ်ရှင်ဘရာဇီးကို ကျော်ဖြတ်နိုင်ခဲ့ခြင်းမရှိဘဲ နှစ်ဂိုး-တစ်ဂိုးနှင့် ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ကိုလံဘီယာလူမျိုး လူးဝစ်ပင်တို၏ ကော်စတာရီကာသည် နယ်သာလန်နိုင်ငံသား ဗန်ဂါးလ် ဦးဆောင်မှုပေးနေသည့် နယ်သာလန်အသင်းကို အချိန်ပိုအထိ သရေဖြစ်သည့်အထိ ယှဉ်ကစားနိုင်ခဲ့သော်လည်း ပင်နယ်တီနှင့် အဆုံးအဖြတ်ကစားခဲ့ရာမှာတော့ ဒူးထောက်အရှုံးပေးခဲ့ရကာ ကွာတားအဆင့်နှင့်သာ ကျေနပ်ခဲ့ရပြီဖြစ်သည်။ နိုင်ငံခြားသားနည်းပြနှစ်ဦး၏ အသင်းနှစ်သင်းစလုံး ကွာတားဖိုင်နယ်ပွဲစဉ်မှာ ပြိုင်ပွဲမှ ထွက်ခဲ့ရသဖြင့် ဆီမီးဖိုင်နယ်(ပွဲစဉ်)ရောက် နိုင်ငံလက်ရွေးစင်အသင်း လေးသင်းတွင် နိုင်ငံခြားသားနည်းပြများ တာဝန်ယူကိုင်တွယ်ဦးဆောင်မှုပေးသည့် အသင်းတစ်သင်းမှ ပါဝင်ခြင်းမရှိတော့သည်ကို တွေ့ရသည်။ နိုင်ငံသားနည်းပြ လေးဦးကိုင်တွယ်တာဝန်ယူထားသည့် အသင်းလေးသင်း (ဘရာဇီး၊ ဂျာမနီ၊ နယ်သာလန်နှင့် အာဂျင်တီးနား)အနက် တစ်သင်းမှာ ချန်ပီယံဆု သေချာပေါက်ဆွတ်ခူးရရှိတော့မည်ဖြစ်၍ နိုင်ငံခြားသားနည်းပြများ ချန်ပီယံဆုနှင့်အတူ အောင်ပွဲခံခွင့်မရခဲ့သည်မှာ ကမ္ဘာ့ဖလားပြိုင်ပွဲ အကြိမ် ၂၀ တိုင်ပြီဖြစ်သည်။ နိုင်ငံခြားသားနည်းပြများ အောင်ပွဲခံခွင့်မရခဲ့ဖူးသည့် ကမ္ဘာ့ဖလားဟုပင် ပြောနိုင်သည်မဟုတ်ပါ လား. . .။

[ဝင်းထွန်းဦး]

အိမ်ရှင်ဘရာဇီးကို ဂျာမနီအခက်တွေ့စေမှာလား

» » ရှေ့ဖုံးမှ

ကျန်ကစားသမားတွေက တစ်ဂိုးစီ သွင်းတယ်။ ဒါပေမယ့် ဂျာမနီရဲ့ ခံစစ်က ဘရာဇီးထက် ပိုပြီးကျစ်လျစ်တယ်လို့ ပြောနိုင်တယ်။ ဂျာမနီဟာ စုစုပေါင်း ငါးပွဲကစားပြီးရာမှာ သုံးပွဲတိတိ ဂိုးမပေးရအောင် ထိန်းနိုင်ခဲ့တယ်။ အဲဒီအထဲမှာ ပြင်သစ်လို တိုက်စစ်ပိုင်း အားကောင်းတဲ့ အသင်းပါပြီး ပေါ်တူဂီ၊ အမေရိကန်တို့လို အသင်းကောင်းတွေလည်းပါတယ်။

ဒါ့အပြင် ဂျာမနီဟာ ဒီကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပေးပို့မှုအကောင်းဆုံးအသင်း။ ဂျာမနီရဲ့ ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ တိုနီခရူးစ်၊ ခီဒီယာ၊ ရှုဝိန်းစတိုက်ဂါ၊ အိုဇေးလ်တို့ကလည်း ဖာနန်ဒင်ဟို၊ ဂူစတာဗို၊ အော်စကာတို့လို ဘရာဇီးကစားသမားတွေထက် အတွေ့အကြုံပိုင်း ပိုအားကောင်းတယ်။

ထိပ်တိုက်ဆုံတွေ့မှု		
ဂျာမနီ	၃-၂	ဘရာဇီး
ဂျာမနီ	၂-၃	ဘရာဇီး
ဂျာမနီ	၁-၁	ဘရာဇီး
ဂျာမနီ	၀-၂	ဘရာဇီး
ဘရာဇီး	၄-၀	ဂျာမနီ
ဂျာမနီ	၁-၂	ဘရာဇီး
ဂျာမနီ	၂-၁	ဘရာဇီး
ဂျာမနီ	၃-၃	ဘရာဇီး
ဘရာဇီး	၃-၁	ဂျာမနီ

ဆုံတွေ့မှုမှတ်တမ်း		
ဘရာဇီးနိုင်	သရေ	ဂျာမနီနိုင်
၅	၂	၂

[ရှိုင်းမင်းမင်း]

နေမာအတွက် ဝမ်းနည်းကြောင်း ဖိလစ်လမ်း ဖွင့်ဟ

ဘရာဇီးအသင်းနှင့် ကစားမည့် အကြိုဗိုလ်လုပွဲအတွက် ပြင်ဆင်နေသည့် ဂျာမနီအသင်းခေါင်းဆောင် ဖိလစ်လမ်းက ဒဏ်ရာကြောင့် ကျန်ရှိသည့် ကမ္ဘာ့ဖလားပွဲစဉ်များကို လွဲချော်တော့မည့် တိုက်စစ်မှူး နေမာအတွက် အထူးဝမ်းနည်းကြောင်း ပြောကြားလိုက်သည်။ "ကျွန်တော် နေမာအတွက် အထူးကို ဝမ်းနည်းပါတယ်။ အိမ်ကွင်းမှာ ကျင်းပတဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲ အကြိုဗိုလ်လုပွဲကို ဒဏ်ရာကြောင့် လွဲချော်မယ်ဆိုရင် ဒါဟာ အလွန်ခါးသီးတဲ့ ဖြစ်ရပ်တစ်ခုပါ။ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကစားသမားတိုင်းက အကောင်းဆုံး ယှဉ်ပြိုင်နိုင်ဖို့ ရည်ရွယ်လေ့ရှိပါတယ်။ ကျွန်တော် နေမာရဲ့ ဘရာဇီးအသင်းနဲ့ ကစားချင်ပါတယ်။ ဒါပေမဲ့ ဘရာဇီးအသင်းအရန်ခုံမှာ နေမာနေရာ အစားထိုးနိုင်တဲ့ ကစားသမားတွေ အများကြီးရှိမယ်လို့ ကျွန်တော်ယုံတယ်" ဟု ဖိလစ်လမ်းက ဆိုသည်။

ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ အစောပိုင်းလေးပွဲတွင် ဗဟိုနောက်ခံလူနေရာထက် ကွင်းလယ်အဖျက်နေရာတွင် သူ့အား ကစားစေခြင်းသည် သူ့အတွက် ပို၍နေရာကျကြောင်း ဖိလစ်လမ်းက ယူဆနေသည်။ သို့သော် ပြင်သစ်အသင်းအား အနိုင်ရရှိခဲ့သည့် ကွာတားဖိုင်နယ်ပွဲတွင် သူ့အား ခံစစ်ဇုန်တွင် ပြန်ကစားစေခဲ့ပြီး မည်သည့်နေရာတွင် ကစားရသည်ဖြစ်စေ သူမစိုးရိမ်ကြောင်း ပြောဆိုသည်။ "ဘယ်သူ ဘယ်နေရာ ကစားသင့်တယ်ဆိုတာ လူတွေ ဆွေးနွေးလေ့ရှိတဲ့ သာမန်ကိစ္စပါ" ဟု လမ်းက ဆက်လက်ပြော ကြားသွားသည်။[သုတ]

အာဂျင်တီးနားနှင့်ပွဲတွင် ဆဲလ်လက်ဆန်ကိုပဲ ပွဲထွက်အသုံးပြုသွားမည်ဟု ဗန်ဟားလ်ဆို

နယ်သာလန်အသင်းနည်းပြ ဗန်ဟားလ်က ကော်စတာရီကာနှင့် ကစားခဲ့သည့် ကွာတားဖိုင်နယ်တွင် ပင်နယ်တီအဆုံးအဖြတ်ကစားချိန်၌ လက်စွမ်းပြခဲ့သည့် တင်ကရူးလ်ကို အာဂျင်တီးနားနှင့် ကစားမည့်ပွဲတွင် ပွဲထွက်အဖြစ် အသုံးပြုသွားမည် မဟုတ်ကြောင်း ပြောဆိုလိုက်သည်။

အဆိုပါပွဲတွင် သာမန်ပွဲကစားချိန်နှင့် အချိန်ပိုမိနစ်များ ကစားခဲ့သော်လည်း ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သည့်အတွက် ပင်နယ်တီအဆုံးအဖြတ်ဖြင့် ကစားခဲ့ချိန်တွင် တင်ကရူးလ်သည် နှစ်ကြိမ်တိုင် ကာကွယ်ခဲ့သည့်အတွက် နယ်သာလန်အသင်း ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရခဲ့သည်။

ထို့အပြင် ဗန်ဟားလ်က အဆိုပါပွဲတွင် ပွဲထွက်ကစားနေသည့် ဂိုးသမား ဆဲလ်လက်ဆန်ကို လူစားလဲမည့်အကြောင်းအရာနှင့်ပတ်သက်ပြီး ပြောဆိုခဲ့ခြင်းမရှိကြောင်းကိုလည်း ပြောဆိုခဲ့သည်။

ဗန်ဟားလ်က "နောက်ပွဲမှာ ဘယ်သူပွဲထွက်ကစားမလဲဆိုတာက မေးစရာလိုတဲ့အကြောင်း မဟုတ်ပါဘူး။ ဒီပွဲထွက်ကစားသမားဟာ ဆဲလ်လက်ဆန်ပဲဖြစ်မှာပါ။ ဒါပေမယ့် ပင်နယ်တီ အဆုံးအဖြတ်ပြုရမယ်ဆိုရင်တော့ တင်ကရူးလ်က ပိုပြီးသင့်တော်တဲ့ကစားသမားလို့ ကျွန်တော်ခံစားမိပါတယ်။ ကျွန်တော်တို့ကလည်း တင်ကရူးလ်ကို မင်းက ပင်နယ်တီအတွက် ပိုသင့်တော်တဲ့ ကစားသမားလို့ ပြောဆိုခဲ့ပါတယ်။ ဒါပေမယ့် ဆဲလ်လက်ဆန်ကိုတော့ ဒီအကြောင်းနဲ့ပတ်သက်ပြီး မပြောခဲ့ပါဘူး။ ကျွန်တော်တို့ ပင်နယ်တီကန်သွင်းမှုနဲ့ ပတ်သက်ပြီးလေ့ကျင့်မှုတွေ ပြုလုပ်ခဲ့ပါတယ်"ဟု ပြောသွားသည်။ နယ်သာလန်အသင်းသည် ကော်စတာရီကာကို အနိုင်ရခဲ့သည့်အတွက် ဆီမီးဖိုင်နယ်အဆင့်တွင် အာဂျင်တီးနားအသင်းနှင့် ကစားသွားရမည်ဖြစ်သည်။ [သစ်လွင်]

ပင်နယ်တီများ ကာကွယ်နိုင်ခဲ့ခြင်းကို တင်ကရူးလ် ကျေနပ်နေ

ဘရာဇီးနိုင်ငံ ဆယ်လ်ဗာဒိုမြို့၌ ယှဉ်ပြိုင်ခဲ့သည့် ဟော်လန်နှင့် ကော်စတာရီကာအသင်းတို့၏ ကွာတားဖိုင်နယ်ပွဲ ပင်နယ်တီအဆုံးအဖြတ် ကန်သွင်းရာတွင် ပင်နယ်တီနှစ်လုံးကာကွယ်ပြီး အသင်းအား အကြိုဗိုလ်လုပွဲသို့ ပို့ဆောင်ပေးနိုင်ခဲ့သည့် ဂိုးသမား တင်ကရူးလ်က သူ့အိပ်မက်များ တကယ်ဖြစ်လာကြောင်း၊ သူကြုံတွေ့ခဲ့ရသည့် အခိုက်အတန့်သည် မယုံကြည်နိုင်ဖွယ် စိတ်ခံစားမှုတစ်ခုဖြစ်စေကြောင်း ပြောကြားသည်။ "နည်းပြ ဗန်ဟားလ်က ကျွန်တော့်ကို တစ်စုံတစ်ခု ပြင်ဆင်ရမယ်လို့ သတိပေးတယ်။ ဒီအခွင့်အရေး ရလာမယ်လို့ ကျွန်တော်သိတယ်" ဟု အချိန်ပို ကစားပြီးနောက် ပင်နယ်တီအဆုံးအဖြတ် ကန်သွင်းရန် ပထမဂိုးသမား ဆဲလ်လက်ဆန်နေရာ လူစားလဲ ဝင်ရောက်လာသည့် နယူးကာဆယ်ဂိုးသမား တင်ကရူးလ်က ဆိုသည်။

"နောက်လာမယ့်ပွဲနဲ့ ပတ်သက်လို့ မေးမြန်းနေစရာ မလိုပါဘူး။ ဆဲလ်လက်ဆန်ကိုပဲ ကစားစေမှာပါ" ဟု လာမည့်ရာသီတွင် မန်ချက်စတာယူနိုက်တက်အသင်းအား ပြောင်းရွှေ့ကိုင်တွယ်တော့မည့် နည်းပြလူးဝစ် ဗန်ဟားလ်က ပြောကြားသည်။ "တစ်သင်းလုံး ကြိုးစားကစားခဲ့ပေမယ့် ပင်နယ်တီအဆုံးအဖြတ်ထိ ရောက်သွားခဲ့ပါတယ်" ဟု ကွင်းလယ်လူ ဝစ်ဆလေရှနိုက်ဒါက ဆိုသည်။ ၂၀၁၀ ခုနှစ်က တောင်အာဖရိကနိုင်ငံတွင် ကျင်းပသည့် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဒုတိယရရှိခဲ့သည့် ဟော်လန်အသင်းသည် ဆော်ပေါလိုမြို့တွင် အာဂျင်တီးနားအသင်းနှင့် အကြိုဗိုလ်လုပွဲ ကစားရမည်ဖြစ်သည်။ "အခု ကျွန်တော်တို့ အာဂျင်တီးနားအသင်းအကြောင်းပဲ တွေးရတော့မှာပါ။ အဲဒီပွဲဟာ အလွန်ကို ခက်ခဲတဲ့ ပွဲတစ်ပွဲဖြစ်လာပါလိမ့်မယ်" ဟု တင်ကရူးလ်က ပြောကြားသွားသည်။ [သုတ]

ဂျာမနီအသင်း ကမ္ဘာ့ဖလား ရနိုင်သည်ဟု ရှာရယ် ယုံကြည်

ဂျာမနီအသင်းတိုက်စစ်မှူး ရှာရယ်က ဂျာမနီအသင်းသည် ယခုနှစ် ကမ္ဘာ့ဖလားကို ရယူနိုင်ရန်အခွင့်အရေးရှိနေပြီဟု ယုံကြည်မိကြောင်း ပြောဆိုသွားသည်။

ဂျာမနီအသင်းသည် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ လေးကြိမ်ဆက် ဆီမီးဖိုင်နယ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သော်လည်း ဂျာမနီအသင်းသည် ၁၉၉၀ နောက်ပိုင်း ကမ္ဘာ့ဖလားကို ရယူထားနိုင်ခဲ့ခြင်း မရှိခဲ့ပေ။

သို့သော် ချယ်လ်ဆီးတိုက်စစ်မှူး ရှာရယ်ကမူ ယခုနှစ်ကမ္ဘာ့ဖလားတွင် အဆိုပါဆုဖလားမရရှိခဲ့မှုကို အဆုံးသတ်လိုပြီး သူတို့အလိုရှိသည့် နောက်ဆုံးရည်မှန်းချက်ကို အကောင်းဆုံးလုပ်ဆောင်နိုင်လိမ့်မည်ဟု ခံစားနေသည်။

ရှာရယ်က "ကျွန်တော်တို့ ကမ္ဘာ့ဖလားကို လိုချင်နေကြပါတယ်။ ခုချိန်မှာ ဆီမီးဖိုင်နယ်အဆင့်အထိ ရောက်လာပြီဖြစ်လို့ ကျွန်တော်တို့လိုချင်တဲ့အရာကို ရယူနိုင်ဖို့ အခွင့်အရေးတွေ နီးစပ်နေပါပြီ။ ပြီးခဲ့တဲ့နှစ်တွေမှာတော့ ကျွန်တော်တို့ ဆုဖလားရယူနိုင်ဖို့ နီးစပ်ခဲ့ပါတယ်။ ဒါပေမယ့် ခုချိန်မှာတော့ ကျွန်တော်တို့ ဒီဆုဖလားကို ရယူချင်ပါတယ်။ ကျွန်တော်တို့ နောက်ဆုံးဗိုလ်လုပွဲကို ရောက်ချင်သလို ကမ္ဘာ့ဖလားကြီးကိုလည်း ကိုင်မြှောက်ချင်နေပါတယ်။ ဒါက ကျွန်တော်တို့အသင်းသားတွေ အကုန်လုံး ပြိုင်ပွဲစပြီးဆိုကတည်းက ထားခဲ့တဲ့ရည်မှန်းချက်ပါ။ ဒီလိုဖြစ်ဖို့ဆိုတာက ခက်ခဲမှုတွေရှိလာမှာဖြစ်ပေမယ့် ဘယ်အသင်းနဲ့ပဲ ကစားရ ကစားရ ကျွန်တော်တို့အတွက် အကြောင်းမဟုတ်ပါဘူး"ဟု ပြောသွားသည်။

ဂျာမနီအသင်းသည် ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် အိမ်ရှင်ဘရာဇီးအသင်းနှင့် ကစားရမည်ဖြစ်သည်။ [သစ်လွင်]

အာဂျင်တီးနားအသင်း၏ မျှော်လင့်ချက်များ ဟော်လန်အသင်းနှင့်တွေ့လျှင် အဆုံးသတ်မည်ဟု ဗာတိုဂန် ဆို

အာဂျင်တီးနားအသင်း၏ ကမ္ဘာ့ဖလား မျှော်လင့်ချက်များသည် အကြိုဗိုလ်လုပွဲတွင် နယ်သာလန်အသင်းနှင့် ဆုံတွေ့ပါက အဆုံးသတ်သွားမည်ဟု ယုံကြည်ကြောင်း ဘယ်လ်ဂျီယံဘယ်နောက်ခံလူ ဗာတိုဂန်က ပြောကြားလိုက်သည်။ "နယ်သာလန်အသင်းက အလွန်မာတဲ့အသင်းပါ။ သူတို့ အမြဲတမ်း တည်တည်ငြိမ်ငြိမ်နဲ့ ကစားလေ့ရှိပြီး အာဂျင်တီးနားအသင်းကို ပြိုင်ပွဲကနေ ထွက်ခွာအောင် လုပ်နိုင်တဲ့ စွမ်းရည်ရှိပါတယ်" ဟု ဗာတိုဂန်က ဆိုသည်။

ဘယ်လ်ဂျီယံအသင်းမှာ ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၁၉၈၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သော်လည်း ပြိုင်ပွဲမှထွက်ခွာခဲ့ရခြင်းကို ဗာတိုဂန်က စိတ်ပျက်လျက်ရှိသည်။ ဘယ်လ်ဂျီယံကွင်းလယ်လူ တိုဘီအယ်လ်ဒါဝီရင်ဒ်က "ပြိုင်ပွဲမှာ ဘယ်လ်ဂျီယံအသင်း စွမ်းဆောင်ခဲ့တာကို ဂုဏ်ယူရမှာပါ။ ဘာလို့လဲဆိုတော့ ဘယ်လ်ဂျီယံအသင်း ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ မကစားရတာ ၁၂ နှစ်ရှိခဲ့ပေမဲ့ ဒီနှစ်ပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့လို့ပါ။ ဒါဟာ ကျွန်တော်တို့အတွက် အတွေ့အကြုံအသစ်တွေဖြစ်ပြီး ပြိုင်ပွဲက ထွက်ခဲ့ရလို့ စိတ်ပျက်နေမယ်ဆိုရင်တောင် ဂုဏ်ယူသင့်ပါတယ်" ဟု ပြောကြားသွားသည်။ [သုတ]

ချီလီတိုက်စစ်မှူးကို တိုက်ခိုက်သည့် ဘရာဇီး မီဒီယာအရာရှိ သုံးပွဲပယ်ဖြစ်ဒဏ်နှင့် ဒဏ်ငွေ ဒေါ်လာ ၁၁၀၀၀ ချမှတ်ခံရ

ဇွန်လ ၂၈ ရက်နေ့တွင် ဘယ်လိုဟော်ရီဇွန်တီမြို့၌ ကျင်းပခဲ့သည့် ချီလီအသင်းနှင့် ရှုံးထွက်ပွဲတွင် ချီလီတိုက်စစ်မှူး ပင်နီလာနှင့် စကားများကာ ကိုယ်ထိလက်ရောက် တိုက်ခိုက်ခဲ့သည့် ဘရာဇီး မီဒီယာအရာရှိ ရိုဒရီဂိုပိုင်ဗာအား ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ သုံးပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ကြေးငွေ အမေရိကန်ဒေါ်လာ ၁၁၀၀၀ ဝန်းကျင် ချမှတ်လိုက်ကြောင်း သိရသည်။ မင်နဲရာအိုကွင်းရှိ ဥမင်လိုဏ်ခေါင်းအတွင်း ဖြစ်ပွားခဲ့သည့် ရုတ်ရုတ်သဲသဲပြဿနာတွင် ပါဝင်မှုကြောင့် ဖီဖာစည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ပိုင်ဗာအား ဆိုင်းငံ့တစ်ပွဲ ပယ်ပြစ်ဒဏ်လည်း ချမှတ်ခဲ့သေးသည်။

တစ်ဂိုးစီ သရေကျပြီး ပင်နယ်တီအဆုံးအဖြတ်တွင် ဘရာဇီးအသင်းမှ အနိုင်ရကာ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ ယင်းပွဲတွင် ချီလီတိုက်စစ်မှူး ပင်နီလာက သူ့မျက်နှာအား ပိုင်ဗာမှ လက်သီးဖြင့် ထိုးခဲ့ကြောင်း စွပ်စွဲခဲ့သည်။ ပိုင်ဗာသည် ကိုလံဘီယာအသင်းနှင့် ကစားခဲ့သည့် ကွာတားဖိုင်နယ်ပွဲတွင် တစ်ပွဲပြစ်ဒဏ် ကျခံခဲ့ပြီးဖြစ်သောကြောင့် ဇူလိုင်လ ၈ ရက်နေ့တွင် ဂျာမနီအသင်းနှင့် ကစားမည့် အကြိုဗိုလ်လုပွဲ သို့မဟုတ် ဇူလိုင် ၁၂ ရက်နေ့တွင် ကစားမည့် တတိယနေရာလုပွဲ သို့မဟုတ် ဇူလိုင် ၁၃ ရက်နေ့တွင် ကစားမည့် ဗိုလ်လုပွဲများကို လွဲချော်မည်ဟု ဖီဖာက ထုတ်ပြန်ထားသည့် ကြေညာချက်တစ်ခုတွင် ဖော်ပြထားသည်။ [သုတ]

ဘရာဇီးအား ၂၀၀၂ ရှုံးကြွေးဆပ်ခွင့်ကြုံလာတဲ့ ဂျာမနီ

၁၈ နှစ်ကြာ ဖလားလက်မဲ့ဖြစ်မှုကို အဆုံးသတ်နိုင်သည်အထိ စွမ်းဆောင်နိုင်ပါ့မလား

ငွေကြယ်

ဘရာဇီးနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၄ ကမ္ဘာ့ဖလားရရှိနိုင်မည်ဟု ရေပန်းစားနေသည့် အသင်းများထဲတွင် တစ်သင်းအပါအဝင်အဖြစ် ပါဝင်လျက်ရှိသည့် ဂျာမနီအသင်းသည် လက်ရှိတွင် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်သို့ လေးနှစ်ဆက်တိုက် တက်လှမ်းနိုင်ခဲ့သည့် အသင်းတစ်သင်းအဖြစ် မှတ်တမ်းဝင်လာခဲ့ပြီဖြစ်သည်။

ဂျာမနီအသင်းသည် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်တွင် ၁၉၉၈ ချန်ပီယံပြင်သစ်အသင်းကို မတ်ဟမ်မဲလ်၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့ပြီဖြစ်ရာ ဆီမီးဖိုင်နယ်အဆင့်တွင် အိမ်ရှင်ဘရာဇီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဂျာမနီအသင်း ဆီမီးဖိုင်နယ်တွင် ယှဉ်ပြိုင်ရမည့် ဘရာဇီးအသင်းကို ၂၀၀၂ ခုနှစ်က တောင်ကိုရီးယားနှင့် ဂျပန်တို့ ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်း၏ ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သည့် ရိုနယ်လ်ဒို၏ ၆၇ မိနစ်နှင့် ၇၉ မိနစ်တို့တွင် သွင်းယူခဲ့သည့် သွင်းဂိုးနှစ်ဂိုးကို ခွင့်ပြုပေးလိုက်ရကာ အဆိုပါ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲ၌ ဒုတိယနေရာဖြင့်သာ ဂျာမနီအသင်း ကျေနပ်နှစ်သိမ့်ခဲ့ရပြီး ဘရာဇီးတို့ကတော့ ၂၀၀၂ ကမ္ဘာ့ဖလားချန်ပီယံအဖြစ် ရင်ကော့ခေါင်းမော့ကာ အောင်ပွဲခံနိုင်ခဲ့သည်။

ထို့ကြောင့် ဘရာဇီး၌ ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်တွင် ဘရာဇီးနှင့် ဂျာမနီတို့ ထိပ်တိုက်ဆုံတွေ့လျက်ရှိရာ အဆိုပါ ရှုံးကြွေးကို ပြန်ဆပ်ပြီး နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်မည့် ကံကြမ္မာကောင်းတစ်ခုရရှိလာမည့်လားဆိုတာ စိတ်ဝင်စားစရာကောင်းလှသည်။

၂၀၀၂ ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲ၌ ဘရာဇီးနှင့်ဂျာမနီတို့ ထိပ်တိုက်ဆုံတွေ့ခဲ့ရာ၌ ဂျာမနီအသင်းသည် ဘောလုံးပိုင်ဆိုင်မှု ၅၆ ရာခိုင်နှုန်းအထိရှိခဲ့သော်လည်း အဆုံးသတ်မသေချာမှုကြောင့် ဘရာဇီးတိုက်စစ်မှူး ရိုနယ်လ်ဒို၏ သွင်းဂိုးတွေ ခွင့်ပြုလိုက်ရကာ ကမ္ဘာ့ဖလားချန်ပီယံဘွဲ့နှင့် လွဲခဲ့ရသည်။

ယခု ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်၌ ဂျာမနီအသင်းအတွက် နောက်တစ်ဆင့်တက်လှမ်းမည့် အခွင့်အရေးတစ်ရပ် ပိုင်ဆိုင်နေသည်ဟု ဘောလုံးဆိုင်ရာ ကျွမ်းကျင်သူများက သုံးသပ်ထားသည်။ ယင်းမှာ ယခုနှစ်တွင် ဂျာမနီအသင်း၏ စွမ်းဆောင်ရည်သည် မြင့်မားသည်ဟု ဆိုရမည်ဖြစ်သည်။ ဂျာမနီအသင်းသည် အသင်းလိုက်စုဖွဲ့မှုတွင် ဘရာဇီးထက်သာလွန်နေပြီး ကစားသမားတစ်ဦးတစ်ယောက်အပေါ်တွင် တည်မှီနေသည့် အသင်းမဟုတ်ဘဲ အသင်းလိုက်အင်အားတောင့်တင်းသောအသင်းဖြစ်သည်။ နေရာစုံ ဂိုးသွင်းနိုင်သည့် အနေအထားတွင်ရှိသည်။

ဘရာဇီးမှာမူ တိုက်စစ်မှူး နေမာနှင့် အသင်းခေါင်းဆောင် သီယာဂိုဆေးလ်ဗား တို့ကိုသာ အားထားနေရပြီး နေမာမှာ ဒဏ်ရာပြဿနာ ကြုံနေသည့်အပြင် သီယာဂိုဆေးလ်ဗားမှာလည်း ပွဲပယ်ပြစ်ဒဏ်ကျခံနေရသည်။ ထို့ကြောင့် ဂျာမနီအတွက် ဗိုလ်လုပွဲတက်မည့် အနေအထားကို ပိုင်ဆိုင်နေသည်ဟု ဆိုရမည်ဖြစ်သည်။ ဂျာမနီအသင်းသည် ၁၉၇၄ နှင့် ၁၉၉၀ ကမ္ဘာ့ဖလားတို့ကို ရယူဆွတ်ခူးနိုင်ခဲ့ပြီး ဥရောပချန်ပီယံရှစ်ပြိုင်ပွဲတွင် ၁၉၇၂၊ ၁၉၈၀ နှင့်၁၉၉၆ တို့တွင် ဖလားဆွတ်ခူးနိုင်ခဲ့သည်။ ထို့ကြောင့် ၁၉၉၆ ခုနှစ် ဥရောပချန်ပီယံရှစ်ပြိုင်ပွဲမှရရှိခဲ့သည့် ဖလားသည် ဂျာမနီအသင်းအတွက် နောက်ဆုံးဖြစ်ခဲ့ရသည်။ ထို့ကြောင့် ယခုနှစ်တွင် ဆီမီးဖိုင်နယ်အဆင့်၌ ၎င်းတို့၏ ၂၀၀၂ ရှုံးကြွေးကိုပြန်ဆပ်ကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာမည့် အခွင့်အရေးတစ်ရပ်ပိုင်ဆိုင်မှုနှင့်အတူ ၁၈ နှစ်ကြာ ဖလားလက်မဲ့ဖြစ်နေမှုကို အဆုံးသတ်နိုင်မည်လားဆိုတာ စိတ်ဝင်စားဖွယ် စောင့်ကြည့်သွားရတော့မည်ဖြစ်သည်။ ။

ဘရာဇီးအသင်း ကမ္ဘာ့ဖလားရနိုင်သေးကြောင်း နေမာ ပြောကြား

ဒဏ်ရာကြောင့် ကျန်ရှိသည့် ပွဲစဉ်များကို ပါဝင်ကစားနိုင်မည် မဟုတ်သော်လည်း လက်ရွေးစင်အသင်း ကမ္ဘာ့ဖလားရရှိနိုင်သေးကြောင်း နေမာက ဘရာဇီးပရိသတ်များကို ပြောကြားလိုက်သည်။ ဘရာဇီးတိုက်စစ်မှူး နေမာသည် ကိုလံဘီယာအသင်းအား နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ကွာတားဖိုင်နယ်ပွဲတွင် ကိုလံဘီယာနောက်ခံလူ ဇွန်နီဂါ၏ ဘောလုံးဖျက်ထုတ်ပုံကြမ်းတမ်းမှုကြောင့် ကျောရိုးကျိုးသွားခဲ့ပြီး ထမ်းစင်ဖြင့် ကွင်းပြင်သယ်သွားရကာ လေးပတ်မှ ခြောက်ပတ်အထိ အနားယူရဖွယ်ရှိနေသည်။

